



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃
ကြီးသစ်
တိုက်ပျက်အသံတွင်းမှ ကဗျာဆိုတြိ / ကြီးသစ်။ - ရန်ကုန်၊
ဖေအောင်မြင်စာပေ၊ ၂၀၁၀။
၁၄၄ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ကြီးသစ်

[illegible] ခွင့်ပြုချက်အမှတ် [illegible] မျက်နှာဖုံးခွင့်ပြုချက်အမှတ် [illegible]
[illegible] ဦးအောင်မြင့်၊ အမှတ် [illegible]၊ [illegible] ကျောက်မြောင်း၊ ရန်ကုန်မြို့။
[illegible] ဦးအောင်မြင့်၊ [illegible] အမှတ် [illegible]
[illegible] ရန်ကုန်မြို့။
[illegible] ဖေအောင်မြင်စာပေ၊ အမှတ်(၁)၊ ဖေအောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၁ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဇွန်လ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်



# ဒွိသမ္မန္နလက်ဆောင်

မိတ်ဆွေကောင်းတစ်ယောက် ရဖို့
သင်က အနစ်နာခံပြီး လိုက်လံရှာဖွေရန် မလိုပါ၊
အမှန်တရားကိုသာ လက်ကိုင်ထားပါ၊
အမှန်တရားကို လိုလားသော မိတ်ဆွေကောင်းနှင့်
မလွဲမသွေ တွေ့ရှိနိုင်ပါသည်။
အမှန်တရားကို မနှစ်သက်သူသည်
သင်က အနစ်နာခံ၍ ပေါင်းလည်း
မိတ်ဆွေကောင်း ဖြစ်လာမည် မဟုတ်ပေ။
အဘယ်ကြောင့်ဆိုပါလျှင်...
အမှန်တရားနှင့် မိတ်ဆွေအတုအယောင်များမှာ
အတူတွဲ၍ ကြာရှည်မနေနိုင်သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရည်ညွှန်းချက်

သိုက်နန်းများနှင့် ပတ်သက်သော ပရလောကသားများ အကြောင်းကို ရေးပေးရန် တောင်းဆိုကြသော စာဖတ်ပရိသတ်များ ဆန္ဒပြည့်စေရန် ဤဝတ္ထုကို ရေးသားခြင်းဖြစ်ပါသည်။

(စာရေးသူ)



## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) ကံကြမ္မာ မွဲသဖြင့် လူစားလဲရသူများ

အခန်း(၂) ရွှေနဒီသိုက်မှ လာသောသူ

အခန်း(၃) ငွေဒင်္ဂါးတစ်ပြားကြောင့် အသက်ပေးရသူ

အခန်း(၄) လူသားစားလို၍ ရောက်လာသည့် မိစ္ဆာ

အခန်း(၅) မြသင်းကြူနှင့် တွေ့ရခြင်း

အခန်း(၆) ရွှေနဒီနှင့် ဘဝဆက် ရှိသောသူ

အခန်း(၇) ငွေတွင်းလား သေတွင်းလေလား

အခန်း(၈) ဘဝဟောင်းမှ ဘုရားဒါယကာ

အခန်း(၉) လောဘသားတို့၏ကံကြမ္မာ

အခန်း(၁၀) ရွှေနဒီဖူးစာ


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# ကံကြမ္မာမဲ့သဖြင့် လူစားလဲရသူများ

**ရှေး**အခါက စာဆိုတစ်ခု ရှိခဲ့ဖူးသည်။

'လေးဆူဒီပါ သီတာရေမြေဆုံးစေတော့' ဟူသော စာပိုဒ်ပင်ဖြစ်၏။

အမှန်တော့ ၎င်းစာသားမှာ သစ္စာတိုင် နှစ်ပါးသွားအတွက် ရေးစပ်ခဲ့သော စာသားဟု အများက သတ်မှတ်ထားသော်လည်း ထိုထက်ပို၍အဓိပ္ပါယ်ဖော်ပါက လေးနက်သော အဓိပ္ပါယ်အချို့လည်း ရှိနိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးလူတို့ ရေးခဲ့သော စာအတော်များများမှာ အဓိပ္ပါယ်နှစ်မျိုးထွက်အောင် ရေးသားလေ့ရှိခဲ့ကြသည်။

သာမန်အဓိပ္ပါယ်က တစ်မျိုး၊ လေးနက်သော အဓိပ္ပါယ်က တစ်သွယ်ဖြစ်သည်။

ဥပမာဆိုရလျှင် 'စပယ်တဲ့လေးရုံ၊ မလေးကွယ်မပန်ထိုက် ပန်းပြတ်ခိုက်ကြုံ၊ အပွင့်ရယ်ကုန် တစ်ငုံကျန်ပါသေးတယ်၊ ပန်ချင်သူပျိုနဲ့နှောင်းရယ်၊ ခေါင်းဖြီးခဲ့လေး' ဟူသော စာအဓိပ္ပါယ်ပင် ဖြစ်၏။

သာမန်ကြည့်လျှင်တော့ မိန်းကလေးတစ်ယောက်က ၎င်းချစ်သူကို စံပယ်ပင်အား ပမာထား၍ ချိန်းဆိုသောအပိုဒ်ဟု ယူဆစရာရှိပါသည်။

သို့သော်လည်း လေးနက်သော အဓိပ္ပါယ်ဖော်သူများကတော့. . .

ဘဒ္ဒကမ္ဘာ၌ မြတ်စွာဘုရားလေးဆူ ပွင့်ခဲ့ပြီးသော်လည်း မိမိအနေနှင့် ဖူးတွေ့ခွင့် မကြုံသဖြင့် မဖူးခဲ့ကြရပြီ၊ ဘဒ္ဒကမ္ဘာ၌ နောက်ဆုံးပွင့်ရန် တစ်ဆူကျန်နေသေး၏။ ပွင့်လာမည့် မြတ်စွာဘုရားအား ဖူးတွေ့ခွင့်ကြုံလိုလျှင် မိမိကိုယ်ကို စင်ကြယ်အောင်ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း သတိပေးသည့် ဓမ္မရသ ကဗျာတစ်ပိုဒ်ပင် ဖြစ်ပေသည်။

ထိုကဲ့သို့ပင် 'လေးဆူဒီပါ သီတာရေမြေ ဆုံးစေတော့' ဟူသော စာသားအဓိပ္ပါယ်မှာလည်း အခြားသစ္စာတိုင် နှစ်ပါးသွား၍ အသုံးပြုနိုင်သလို ဓမ္မရသဘက်မှ ကြည့်လျှင် ကိုက်ညီလှသော





နေရာတစ်ခုရှိသည်။

၎င်းနေရာမှာ ဧရာဝတီတိုင်း ငပုတောမြို့နယ်အတွင်း၌ ရှိသော ဒီပါရုံ လေးနေရာ ရှိသောနေရာပင်ဖြစ်၏။ ၎င်းကို လေးဆူဒီပါဟုပင် ခေါ်ဝေါ်ကြသည်။

ငပုတောမြို့နယ် ပျဉ်းမချောင်း၌ရှိသော အတွင်းဒီပါ အလုံခန်းဟု ခေါ်သော ဒီပါရုံစေတီ၊ ပုသိမ်မြို့နယ် ရွှေတွင်းတူး ဒီပါရုံစေတီ၊ သာပေါင်းမြို့နယ် တောင်ညို ဒီပါရုံစေတီ၊ ရေကြည်မြို့နယ် သီတာကုန်းမြေ ဒီပါရုံစေတီတို့ ဖြစ်ကြသည်။

ထိုဒီပါစာရင်းဝင် လေးဆူတို့မှာ လေးဆူဒီပါပင်ဖြစ်ပေသည်။

သီတာရေမြေဆုံးစေတော့ဟူသော စာအဓိပ္ပါယ်မှလည်း ထိုဒီပါလေးဆူ ရှိသောနေရာမှာ မြန်မာပြည်မြောက်ဖျားမှ အစပြုခဲ့သော ဧရာဝတီမြစ် ဆုံးရာနေရာဖြစ်ပြီး ရိုးမတောင်တန်းကြီးလည်း အဆုံးသတ်သွားသောနေရာပင်ဖြစ်၏။

သို့ကြောင့် ရေဆုံး၊ မြေဆုံးနေရာဟု သတ်မှတ်နိုင်ပေသည်။ မြန်မာပြည်မြောက်ဖျားဘက်မှ မြစ်လက်တက်ပေါင်းများစွာ မြစ်ခွဲပေါင်းများစွာတို့ဖြင့် တောင်အရပ်သို့ အစဉ်အမြဲ စီးဆင်းလာသော ဧရာဝတီမြစ်ရေသည် ဧရာဝတီတိုင်းအတွင်းသို့ရောက်၊ မြစ်ဝပေါင်းများစွာတို့ဖြင့် ပင်လယ်အတွင်းသို့ စီးဝင်ကာ ၎င်း၏မိုင်ပေါင်းများစွာစီးဆင်းလာခဲ့သောတာဝန်ကို အဆုံးသတ်သွားခဲ့သည်။

အချိန်တိုင်း စက္ကန့်တိုင်းနှင့်အမျှ သစ္စာရှိစွာဖြင့် [illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးပြုခဲ့သော ဧရာဝတီသည် ထိုနေရာမှာပင် အဆုံးသတ်ခဲ့ပေသည်။

သို့ကြောင့် ၎င်းအဆုံးသတ်ခဲ့သောနေရာကို 'ဧရာဝတီတိုင်း' ဟု ဂုဏ်ပြုမှည့်ခေါ်ခဲ့ခြင်းဖြစ်ပေသည်။

ဧရာဝတီတိုင်းအတွင်းရှိ ဧရာဝတီမြစ်၏ နာမည်ကျော်ထွက်ပေါက်အချို့မှာ. . .

ပုသိမ်မြစ်ဝ၊ သက္ကယ်သောင်မြစ်ဝ၊ ချွေးမြစ်ဝ၊ ပြန်မလော့မြစ်ဝ၊ ဧရာဝတီမြစ်ဝ၊ ဘိုကလေးမြစ်ဝ၊ ဖျာပုံမြစ်ဝ၊ သံဒိမြစ်ဝနှင့်တိုးမြစ်ဝတို့ ဖြစ်ပေသည်။

ယခုရေးသားမည့် ပရဆန်းကြယ်ဝတ္ထု ဖြစ်ပေါ်ရာ အရပ်ဒေသမှာ ပုသိမ်မြစ်ဝ ထွက်ပေါက်၌ တည်ရှိသော ဟိုင်းကြီးကျွန်းပင်ဖြစ်၏။

ဟိုင်းကြီးကျွန်းမှာ ယခုအခါ မြို့နယ်တစ်ခုအဖြစ် အဆင့်အတန်းရှိကာ စည်ကားသော နေရာတစ်ခုအဖြစ် ပြောင်းလဲတိုးတက်နေပြီဖြစ်သော်လည်း ရှေးအခါက ထိုတစ်နေရာမှာ ရေလုပ်သားတို့ စတည်းချရာ နေရာတစ်နေရာပင် ဖြစ်ခဲ့ပေသည်။

မြန်မာတို့အနေနှင့် ဟိုင်းကြီးကျွန်းနေရာကို လေမိုးခိုရာနေရာအဖြစ်လောက်သာ အသုံးပြုခဲ့ကြသော်လည်း နယ်ချဲ့မျက်နှာဖြူများကတော့ မြန်မာနိုင်ငံအတွက် တောင်ဘက်အဝင်တံခါးပေါက်တစ်ခုဟု သတ်မှတ်ကာ (၁၆၈၇)ခု (မြန်မာသက္ကရာဇ်-၁၀၄၈)ခုနှစ်မှပင် စတင်ကာ ဟိုင်းကြီးကျွန်းနေရာကို ခြေကုတ်ယူ၍





...ရောက်နေထိုင်ခဲ့ကြသည်။

မြန်မာသက္ကရာဇ်(၁၁၀၄)ခုနှစ်တွင် သံလျင်၌ မွန်မြန်မာ...စစ်ပွဲများ ဖြစ်နေကြစဉ်မှာပင် အင်္ဂလိပ်တို့က ဘေးအန္တရာယ် ကင်း...သော ဟိုင်းကြီးကျွန်းနေရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေ...သည်။

ထိုကျွန်းပေါ်မှာပင် ခံတပ်ဆောက်သည်။

ကျုံးမြောင်းများ အရန်သင့် ပြုလုပ်ကြသည်။

မြို့စောင့် အမြောက်ကြီးများ တပ်ဆင်ကာ ရေတပ်စခန်း...ဖွယ် ပြုပြင်လျက် အခိုင်အမာ နေထိုင်ခဲ့ကြသည်။

ထိုအချိန်က တိုင်းရင်းသားများ အချင်းချင်း ဖြစ်ကြသော...နှင့် မြန်မာတို့ မသင့်မတင့် ဖြစ်နေချိန်ကို အခွင့်ကောင်းယူကာ အင်္ဂလိပ်တို့က မြန်မာနယ်နိမိတ်အတွင်း ဝင်ရောက်ကာ ခြေကုတ်ယူခဲ့ကြခြင်းဖြစ်၏။

သို့ကြောင့် ရှေးအခါက အင်္ဂလိပ်တို့ ဆောက်လုပ်ထားခဲ့ကြသည့် အဆောက်အဦးကောင်းကြီးများကို တွေ့နိုင်ကြသေးခြင်းပင်ဖြစ်၏။

ဟိုင်းကြီးကျွန်းနှင့် ပတ်သက်သော ရှေးဟောင်းရာဇဝင်များ၊...တ်တမ်းမှတ်ရာ မရှိသော ပါးစပ်ရာဇဝင်များ အများအပြားရှိခဲ့ပေ...၏။

ရှေးဟောင်းရာဇဝင်နှင့် ပတ်သက်၍ သိရှိရမှသောက...ခင်းကြီး၏ကောင်းမှုတော်ဖြစ်သည့် စေတီတစ်ဆူမှာ ထိုကျွန်းထိပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ တည်ရှိလေသည်။

ထိုစေတီတော်မှာ နှစ်ပေါင်းများစွာ ကြာမြင့်သောအခါ လေဒဏ် မိုးဒဏ် ရာသီဥတုဒဏ်များကြောင့် ကွယ်ပျောက်သွားခဲ့ပေသည်။

တစ်နေ့သောအခါ ထိုကုန်းတော်ပေါ်သို့ ရှမ်းလူမျိုး ဘုန်းတော်ကြီးတစ်ပါး ကြွလာပြီး သီတင်းသုံး လာရောက်နေထိုင်လေသည်။

ထိုရှမ်းဘုန်းကြီးမှာ မည်သည့်အရပ်ဒေသက ကြွလာခြင်းဖြစ်သည်ကိုတော့ မည်သူမှ မသိကြပေ။

ထိုဘုန်းကြီး ကြွရောက်လာသောအချိန်မှာ ယခုအချိန်မှ ပြန်ကြည့်လျှင် နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီဖြစ်၏။

ထိုဘုန်းကြီး သီတင်းသုံးနေသော တောင်ကုန်းနေရာတစ်ဝိုက်မှာ ကွယ်ပျောက်နေသော စေတီဟောင်းတစ်ဆူ ရှိကြောင်းကိုတော့ မသိကြပေ။

နယ်ခံများကလည်း သတင်းသာ ကြားမိသော်လည်း နေရာအတိအကျ မသိကြပေ။

တစ်နေ့တော့ ရွာခံလူကြီးများက ရှမ်းဘုန်းကြီးကို ခေါ်ပြောလေသည်။

"ဟိုတောင်ကုန်းထိပ်ပေါ်မှာ ရှိတဲ့ သစ်ပင်မြင့်မြင့်ကြီးရဲ့ အောက်မှာ မြတ်စွာဘုရားရဲ့ဓါတ်တော်မွေတော်တွေ ရှိတယ်၊ သစ်ပင်ကြီးကို ဖယ်ရှားတူးဖော်ကြပါ"





ဟု ပြောသည်။ ရွာသူရွာသားများလည်း ထိုသစ်ပင်ကြီးကို သုံ့ဖြတ်၍ မြေအောက်သို့ တူးကြသောအခါ သစ်မြစ်များအောက်၌ ရှေးဟောင်းစေတီတစ်ဆူ၏ဌာပနာတိုက်ကို တွေ့ကြရသည်။

ဌာပနာတိုက်အတွင်း၌ မြတ်စွာဘုရား၏ဓါတ်တော်မွေတော်များနှင့်အတူ ဒူးဂဏန်း ကြေးဂဏန်း အက္ခရာဖြင့် ရေးထားသောစာများ ပါသည့် ကြေးပြားကြီးတစ်ချပ်ကိုပါ တွေ့ကြရသည်။

ရှမ်းဘုန်းကြီးကပင် ထိုကြေးပြားပေါ်မှာ ရေးထားသည့်စာများကို ဖတ်၍ အဓိပ္ပါယ် ပြန်ပေးသည်။

စေတီဟောင်းမှာ သီရိမွေသောကမင်းကြီး တည်ထားတော်မူခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်ထဲတွင် တစ်ဆူပါဝင်ကြောင်း သိကြရသည်။

နောင်သောအခါ ထိုနေရာ၌ စေတီတစ်ဆူ ထပ်မံတည်လျက် ဓါတ်တော်မွေတော်များနှင့်အတူ ထိုကြေးပြားကြီးကိုပါ ဌာပနာ ထည့်လိုက်ကြသည်။

ရှေးက စေတီတော်၏ဘွဲ့အမည်ကို မည်သို့ပေးခဲ့သည်ကို မသိကြသဖြင့် 'ကျိုက်တီစေတီတော်'ဟု ဘွဲ့အမည်တော် ပေးခဲ့ကြသည်။

ဒါက လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဟိုင်းကြီးကျွန်းနှင့် ပတ်သက်သော သမိုင်းကြောင်းများ ရှိခဲ့သော သာဓက တစ်ခုပင်ဖြစ်သည်။

နောက်တစ်ချက်က ရှေးအခါက အင်္ဂလိပ်များ ဟိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်တွင် နေထိုင်စဉ်က ဆောက်လုပ်သွားခဲ့ကြသည့် တိုက်ပျက်ကြီးတစ်လုံး ရှိလေသည်။

ထိုတိုက်ပျက်ကြီး ရှိသောနေရာမှာ စောဘဦး အုန်းခြံအတွင်း၌ ဖြစ်သည်။

ထိုတိုက်ပျက်ကြီးထဲမှာ အင်္ဂလိပ်တွေ မြှုပ်နှံထားခဲ့သော ရွှေငွေရတနာမျ[illegible]်ဟုတော့ သတင်းထွက်လေသည်။

ထိုသတ[illegible] အရဲစွန့်ပြီး ဝင်ရောက်ရှာဖွေသူများလည်း ရှိကြသည်။

သို့သော်လည်း ဥစ္စာပစ္စည်း မရဘဲ သရဲခြောက်ခံရသဖြင့် ထွက်ပြေးကြရသည်။

တစ်ခါက သိုက်ဆရာတစ်ဦး ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး တိုက်ပျက်ကြီးအတွင်း ဝင်ရောက်ကာ ဥစ္စာရှာဖွေကြသည်။

၎င်းတို့ ဝင်ရောက်တူးဖော်သောအချိန်မှာ ညအချိန်ဖြစ်သည်။ ထိုသို့တူးဖော်နေစဉ်မှာ အပြင်ဘက်မှ စစ်ဖိနပ်သံများကို ကြားလာရသည်။

လှမ်းကြည့်လိုက်သောအခါ လက်ဆွဲမှန်အိမ်များ ကိုင်ကာ သေနတ်များ ထမ်းထားကြသည့် အင်္ဂလိပ်များနှင့် ဂေါ်ရခါးစစ်သားများ ဝင်လာသည်ကို လှမ်းမြင်ရသဖြင့် နောက်ဘက်အပေါက်မှ ထွက်ပြေးခဲ့ကြရသည်။

နောက်ပိုင်းမှာလည်း တိုက်ပျက်ကြီးအတွင်းသို့ ဥစ္စာပစ္စည်း





ဝင်ရောက်ရှာဖွေကြသူများမှာ တနည်းနည်းဖြင့် တစ္ဆေခြောက်ခံကြရသောကြောင့် နောက်ထပ် မဝင်ဝံ့ကြတော့ပေ။

အထက်ဖော်ပြပါမှုများမှာ ဟိုင်းကြီးကျွန်းနှင့် ပတ်သက်သော ရှေးဟောင်းအဖြစ်အပျက်များဖြစ်ပြီး ကျန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က ထိုနေရာတွင် ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်အချို့ ရှိခဲ့ဖူးပေသည်။

ထိုအဖြစ်အပျက်များမှာ ယခုရေးသားမည့် ဇာတ်လမ်း၏ အဓိကအချက်များပင် ဖြစ်တော့သည်။

(၁၈၈၅)ခုနှစ်တွင် မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်နယ်ချဲ့တို့၏လက်အောက်သို့ ကျွန်သဘောက်ဘ၀ ကျရောက်ခဲ့ရပြီး နောက်နှစ်အနည်းငယ်အကြာတွင် ဟိုင်းကြီးကျွန်းပေါ်တွင် ထိုအဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့သည်။

နဂါးရာဇာအငူပေါ်၌ တည်ထားသော မော်တင်စွန်းဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့၌ ကျင်းပပြုလုပ်ကြမြဲဖြစ်၏။

မြန်မာနိုင်ငံ အင်္ဂလိပ်နယ်ချဲ့များအောက် ရောက်ခဲ့ပြီးသည့်နောက်ပိုင်းမှာလည်း နယ်ချဲ့အချို့နှင့် ဘုန်းတော်ကြီးများက ဘုရားပွဲတော်ကို မဖြစ်မနေ ကျင်းပပြုလုပ်ကြသည်။

ဘုရားပွဲတော်တွင် မော်လမြိုင်ကျွန်းမြို့ပေါ်မှ အရပ်ဇာတ်ပွဲတစ်ပွဲအား ငှားရမ်း၍ ကပြစေသည်။

မော်လမြိုင်ကျွန်းမြို့ပေါ်မှ ဇာတ်အဖွဲ့ကို စက်လှေဖြင့် ခေါ်ဆောင်၍ စက်လှေနှင့် ပြန်ပို့ပေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါက မော်လမြိုင်ကျွန်းမြို့ပေါ်တွင် . . .

အောင်သန်းညွန့် ဇာတ်အဖွဲ့

ခေတ်ဆန်းတင် ဇာတ်အဖွဲ့

ပိုလ်ကေစိန် ဆိုင်းအဖွဲ့

ဇလွန်ဆိုင်အဖွဲ့နှင့် ဗိုလ်ကေသောင်း ဆိုင်းအဖွဲ့ စသည်တို့ ရှိကြသည်။

ထိုအခါက ဗိုလ်ကလေးမြို့(ယခု ဘိုကလေးမြို့)၌လည်း နာမည်ကြီး ဆိုင်းအဖွဲ့များ ဇာတ်အဖွဲ့များ ရှိခဲ့ဖူးပေသည်။

ဓမ္မာရုံလမ်း၌ ရှိသော စိန်အောင်မြင့် ဇာတ်အဖွဲ့၊ စိန်ဘကျော်ဆိုင်းအဖွဲ့၊ စိန်မြသန်းဆိုင်းအဖွဲ့နှင့် ဇလွန်တင်ဆိုင်းအဖွဲ့ စသည်တို့ ရှိခဲ့သည်။

ခေတ်ပျက်ချိန်ဖြစ်သော်လည်း ဘုရားပွဲကို မဖြစ်မနေ ကျင်းပရသောကြောင့် နယ်ခံဘုန်းကြီးများနှင့် ရပ်ရွာလူကြီးများက မော်လမြိုင်ကျွန်းမြို့မှ အရပ်ဇာတ်တစ်ခုကို ငှားရမ်းထည့်သွင်းပြီး မော်တင်စွန်း ဘုရားပွဲ ကျင်းပကြရလေသည်။

(ဇာတ်အဖွဲ့နာမည်ကိုတော့ မဖော်ပြတော့ပြီ. . . )

ဘုရားပွဲပြီးသောအခါ ဇာတ်အဖွဲ့မှာ စက်လှေနှင့်ပင် ပြန်ကြလေသည်။

စက်လှေမှာ ပင်လယ်ပြင်ဘက် ဟိုင်းကြီးကျွန်းဘက်မှ ဖြတ်မောင်းကြစဉ်မှာပင် လေပြင်းများ ကျလာသော မနီးမဝေး၌ ရှိနေသော ရေလက်ကြားအတွင်းသို့ ဝင်ပြေးကြရသည်။





ထိုနေရာဘက်မှာ လူနေအိမ်ခြေ မရှိဘဲ ကမ်းခြေတစ်လျှောက်မှာ မနိတော၊ လမုတောများသာ ရှိတော့သည်။

တစ်နေရာမှာတော့ ချောင်းကွေ့တစ်ခု ရှိပြီး ထိုနေရာမှာတော့ ကမ်းစပ်တစ်လျှောက် ဗျူးခြေထောက်တောများရှိသည်။

ဗျူးခြေထောက်ပင်များကို အချို့က မာန်နတ်သစ်ပင်များဟုလည်း ခေါ်ကြသည်။

ခြေထောက်နှင့် တူသော အမြစ်များပေါ်တွင် ပင်စည်က ရှိနေပြီး ထိုပင်စည်မှာလည်း ချောချောမွေ့မွေ့ မရှိလှဘဲ အမြစ်အဖုများနှင့် ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန်များ ရှိကြလေသည်။

အဝေးမှကြည့်လျှင် နှာခေါင်းချွန်ချွန်နှင့် စုန်းကဝေမျက်နှာများနှင့် သဏ္ဌာန်တူ၏။

အနေအထားမှာလည်း ကမ်းစပ်မှ လေးဘက်ထောက်ကာ မြစ်ဘက်သို့ လှမ်းမျှော်ကြည့်နေသည့် ပုံသဏ္ဌာန်မျိုး ဖြစ်ပေသည်။

ပင်လယ်ပြင်ဘက်မှာ လေကြမ်းမိလာသော ဇာတ်အဖွဲ့ပါသည့်စက်လှေမှာ ထိုရေလက်ကြားနေရာသို့ ရောက်သောအခါ ညနေပိုင်း နေဝင်ရီတရောအချိန်သို့ ရောက်နေချေပြီ။

ညနေပိုင်းအချိန်ပင် ရှိသေးသော်လည်း လေပြင်းများ ကျနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ သာမန်ထက် ပို၍မှောင်နေလေသည်။

ဗျူးခြေထောက်တောများ အုပ်မိုးနေသော ရေလက်ကြားတစ်နေရာသို့ ရောက်သောအခါ အရှိန်ဖြင့် သွားနေသော စက်လှေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝမ်းဗိုက်အောက်မှ တစ်စုံတစ်ရာနှင့် ငြိလိုက်သကဲ့သို့ တုန့်ကနဲ ဖြစ်သွားတော့သည်။

"ရေစူးနက်တဲ့ဘက်က မောင်းဖော့၊ အောက်ဘက်မှာ သောင်ရှိတယ်ထင်တယ်"

ဟု တစ်ယောက်က လှမ်းပြောသဖြင့် စက်လှေသမားက ရေလယ်ဘက်သို့ ထွက်လိုက်ဆည်။

ထိုသို့ထွက်လိုက်သော်လည်း စက်လှေမှာ တစ်စုံတစ်ခုနှင့် တိုက်မိနေသကဲ့သို့ တံ့ကနဲ တံ့ကနဲ ဖြစ်နေရာမှာ အတန်ကြာသော အခါ ဝမ်းဗိုက်နှင့် သောင်ပြင် ငြိသွားဟန်ဖြင့် ရပ်သွားတော့သည်။

ထိုနေရာ၏ဘေးတစ်ဖက်တစ်ချက် သောင်ပြင်ပေါ်မှာ ဓနိတောများ ရှိပြီး ကမ်းပေါ်မှာတော့ ဗျူးခြေထောက်တောများ ရှိလေသည်။

စက်လှေရပ်သွားသောနေရာမှာ ရေစူးနက်သော ရေနက်ပိုင်းနေရာဖြစ်သည်။

"စက်လှေ ဘာကြောင့် ရပ်သွားတာလဲ"

"သောင်နဲ့ ငြိသွားတာ ထင်တယ်"

"ရေလယ်ခေါင်မှာ သောင်မရှိနိုင်ပါဘူး၊ ထိုးဝါးနဲ့ ထောက်ကြည့်စမ်း"

ဟု စက်လှေသမားတစ်ယောက်က ပြောသဖြင့် အလုပ်သမားတစ်ယောက်က (၁၂)တောင်ခန့် ရှည်သော ထိုးဝါးဖြင့် ရေထဲသို့ ထိုးကြည့်သည်။





(၁၂)သောင်ထိုးဝါး တဆုံးထိုးသော်လည်း ရေအောက်သို့ ထိုးမိသေးပေ။

"စက်လှေအောက်မှာ သောင်မရှိပါဘူး"

"ဒါဖြင့် ဘာနဲ့ ငြိပြီး စက်လှေက ရပ်နေတာလဲ"

"ငါလည်း ဘယ်သိပ့်မလဲ၊ သိချင်ရင်တော့ ရေထဲ ဆင်းကြည့်မှပဲ သိရမှာပဲ"

စိတ်တိုတိုနှင့် တစ်ယောက်က အော်ပြောလိုက်ရာ ကျန်လူများမှာ နောက်ထပ်စကားမဟတ့်ကြတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

ရေငန်အရပ်ဒေသတွင် လှေမှာ ထွက်၍မရသဖြင့် ရေစာသွားခဲ့ရသော ရေငန်ပိုင် ဦးရှင်ကြီး အဋ္ဌုပ္ပတ္တိဇာတ်ကို မြစ်ဝကျွန်းဆပ်အရပ်၌ နေကြသူတိုင်း သိထားသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် လှေက နေရာမရွေ့ဘဲ ရှိနေရာ အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်ရီသမ်းစ ပြုလာချေပြီ။

ပင်လယ်ပြင်ဘက်မှာတော့ တောင်လေကြမ်းများ တိုက်ခတ်နေဆဲပင် ရှိသေးပြီး လှိုင်းလုံးကြီးများ တဝေါဝေါ တက်နေသံကို အတိုင်းသား ကြားနေရသည်။

သည်အတိုင်းဆိုပါက ခရီးဆက်ရန်လည်း မလွယ်လှသောကြောင့် ရေလက်ကြားအတွင်း၌ ယခုကဲ့သို့ နေရသည်က ပိုကောင်းသည်ဟုပင် ထင်မိနေကြသည်။

မှောင်လာသောအခါ ကမ်းစပ်တစ်လျှောက်မှာ ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ခနိတော ချုံတောအတွင်းမှ ဆူဆူညံညံအသံများ ကြားလာရသည်။

လှမ်းကြည့်လိုက်တော့ တစ်နေရာမှ တစ်နေရာသို့ လှုပ်ရှားသွားလာနေသော မီးရောင်များနှင့် လူရိပ်များကို လှမ်းမြင်ရသည်။

စက်လှေပေါ်မှာ ရှိကြသော ဇာတ်အဖွဲ့သားများရော စက်လှေသမားများကပါ ရွာသူရွာသားများက ၎င်းတို့အား အကူအညီပေးရန် ဆင်းလာနေသည်ဟု ထင်မိသဖြင့် ဝမ်းသာသွားသည်။

ထိုအခိုက်မှာပင် ခနိတောအတွင်းမှ စကားပြောသံများ အတိုင်းသား ကြားလာရသည်။

"လူစားလဲမယ့်လူတွေ ရောက်နေပြီလားဟေ့"

"ရောက်နေပြီ. . . ရောက်နေပြီ"

"လူစားလဲမယ့်သူတွေ ရောက်နေပြီတဲ့ဟေ့၊ ငါတို့တွေ ကျွတ်တော့မယ် လွတ်တော့မယ်"

"ဟေး. . . ဝမ်းသာလိုက်တာ၊ သူတို့ကို မြန်မြန်ခေါ်ပါတော့. . . မြန်မြန်ခေါ်ပါတော့"

ဟူသော ပြောဆိုသံများကို စက်လှေထဲမှ အတိုင်းသား ကြားနေကြရသည်။

ထိုသို့ကြားနေရသဖြင့် နားမလည်သလို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထိုအခိုက်မှာပင် ခနိပင်များ လှုပ်ယမ်းသွားသည်ကို တွေ့ရပြီး လက်ထဲမှာ မီးတိုင်များ ကိုင်ထားသောလူအချို့ ကမ်းစပ်သို့





ဆင်းလာကြသည်။

၎င်းတို့မှာ ရှေးခေတ်က ဝတ်သော အဝတ်အစားများကို ဝတ်ဆင်ထားကာ အချို့က မီးအိမ်ကြီးများ ကိုင်ထားလေသည်။ ယောက်ျားရော မိန်းမပါ ဆယ်ယောက်ခန့် ရှိသည်။

သူတို့အထဲမှ တစ်ယောက်က လှမ်းမေးသည်။

"ခရီးသွား ဧည့်သည်တွေလားဗျို့"

လေတိုက်သံကြောင့် စကားသံက သဲကွဲမှု မရှိသော်လည်း စက်လှေထဲမှာ ရှိသော မိန်းမတစ်ယောက်က ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်"

"ကျုပ်တို့နဲ့ လူစားလဲမလို့ လာကြတာ မဟုတ်လား"

"ဟုတ်ပါတယ်"

ပြန်ပြောသည့် အမျိုးသမီးက အပေါ်မှ လှမ်းမေးသံကို သဲသဲကွဲကွဲ မကြားရသဖြင့် အလွယ်တကူ ပြန်ပြောလိုက်သည်ကို နံဘေးနားမှာ ထိုင်နေသူတစ်ယောက်က သတိပေးလိုက်သည်။

"ဟဲ့. . . ဘာကြောင့် ဟုတ်ပါတယ်လို့ ပြန်ပြောနေရတာလဲ၊ သူမေးတဲ့အဓိပ္ပါယ်က ဘာမှန်းလဲ မသိဘဲနဲ့"

"ငါလည်း လေတိုက်သံနဲ့ ရောနေလို့ ကောင်းကောင်းမကြားရဘူး၊ ငါ့နားထဲမှာ ဘုရားပွဲက ပြန်လာသလားလို့ မေးတယ်ထင်နေတာ"

"မဟုတ်ဘူး. . . ရမ်းပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်က သတိပေးနေသော်လည်း နောက်တစ်ကြိမ် လှမ်းမေးသောအခါမှာလည်း သတိလက်လွတ်ဖြစ်ကာ ယခင်အတိုင်းပင် ပြန်ဖြေမိပြန်သည်။

“ကျုပ်တို့နဲ့ လူစားလဲဖို့ ရောက်လာကြတာ မဟုတ်လားဗျို့”

“ဟုတ်ပါတယ်”

“ကျုပ်တို့နဲ့ လူစားလဲဖို့ ရောက်လာကြတာ မဟုတ်လားဗျို့”

“ဟုတ်ပါတယ်ရှင်”

“ကိုင်းဟေ့. . . ငါတို့ဝတ္တရားတော့ ကုန်ပြီ၊ သူတို့တတွေက ငါတို့နဲ့ လူစားလဲမလို့ ရောက်လာကြတာလို့ ပြောပြီးပြီ. . . သွားခေါ်ခဲ့ကြတော့”

ဟု ပြောကာ ကမ်းစပ်၌ ရပ်နေကြသော လူတစ်စုက ဓနိတောအတွင်း ပြန်ဝင်သွားကြသည်။

အတန်ကြာတော့ ဓနိတောထဲမှ မည်းမည်းသဏ္ဌာန်ကြီးများ ထွက်လာကြသည်။

၎င်းတို့မှာ ဓနိပင်များကို လက်ဖြင့် ဖယ်၍ ထွက်လာပြီးနောက် လတာပြင်ပေါ်သို့ ဆင်းလာကြသည်။

ချောင်းထဲမှာ မှောင်နေပြီဖြစ်သော်လည်း အလင်းရောင်အချို့က ရှိနေသေးရာ ၎င်းတို့သဏ္ဌာန်များကို မသဲမကွဲ လှမ်းမြင်ရတော့မှ အားလုံးထိတ်လန့်သွားကြလေသည်။

လတာပြင်ပေါ်သို့ ဆင်းလာကြသူများမှာ လူများ မဟုတ်ကြဘဲ ကြောက်မက်ဖွယ်ရာကောင်းသော သရဲသဘက်များပင် ဖြစ်





တော့သည်။

ထိုအခါမှ ကြောက်လန့်တကြား အော်ဟစ်လိုက်ကြတော့သည်။

“ကယ်တော်မူကြပါဗျို့”

“ကယ်တော်မူကြပါရှင်”

ထိုအသံများမှာ ပြင်းထန်သော လေတိုက်သံများက ဖုံးလွှမ်းသွားသောကြောင့် ပတ်ဝန်းကျင်မှ လူများက မကြားလိုက်ရတော့ပေ။ စက်လှေပေါ်မှ လူများ၏ကံကြမ္မာကား. . .။



www.burmeseclassic.com





အခန်း(၂)

# ရွှေနဒီသိုက်မှ လာသောသူ

**စက်**လှေပေါ်၌ ပါလာသူများ၏ကံကြမ္မာကား မကောင်းလှပေ။ နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ရေလက်ကြားအတွင်းရှိ ဝဲပြန်တစ်နေရာတွင် ဇာတ်အဖွဲ့သားများ လိုက်ပါလာသော စက်လှေတစ်စင်း နစ်မြုပ်သည်ဟု သတင်းကြားသဖြင့် ဟိုင်းကြီးကျွန်းမှ ရွာသူရွာသားများ ရောက်လာကြသည်။

အချို့က ကမ်းပေါ်မှ ခြေလျင်လျှောက်လာကြပြီး အချို့က

www.burmeseclassic.com



တော့ လှေများဖြင့် လာကြသည်။

နစ်မြုပ်သွားသော စက်လှေမှာ သောင်စပ်တစ်နေရာ၌ တင်နေသည်ကို တွေ့ကြရပြီး စက်လှေသမားများကတော့ အသေအပျောက် မရှိပေ။

ပတ်ဝန်းကျင်မှာတော့ ဇာတ်သေတ္တာများ ဗုံများက နေရာအနှံ့အပြား၌ ပြန့်ကျဲနေ၏။

အချို့က ရေထဲမှာ မျောပါနေပြီး အချို့မှာ သောင်ပေါ်တင်နေကြသည်။

ကံဆိုးသည်က ဇာတ်အဖွဲ့သား အတော်များများမှာ ရေကူးမကျွမ်းကျင်သည်က တစ်ကြောင်း ပင်လယ်ရေ၏အထာကို မကျွမ်းကျင်သည်က တစ်ကြောင်းကြောင့် အတော်များများ သေကြေပျက်စီးကြသည်။

လူအနည်းငယ်လောက်သာ အသက်ရှင်ကျန်ခဲ့ပြီး အတော်များများကတော့ သေဆုံးသွားပြီဟု မှတ်ထင်ရသည်။

ထူးဆန်းသောအချက်က ပျောက်ဆုံးသွားသူတို့၏ အလောင်းများကို ရှာမတွေ့ရခြင်းပင်။

ရေကျချိန်တွင် ချောင်းရေမှာ ပေတစ်ရာခန့်သာ နက်သဖြင့် ရေငုတ်ကျွမ်းကျင်သူများက ရေအောက်ငုတ်ကာ လိုက်လံရှာဖွေကြသော်လည်း အလောင်းတစ်လောင်းမှ ရှာမတွေ့ကြပေ။

ပင်လယ်ရေစီးအားနှင့် ပင်လယ်ထဲသို့ မျောပါသွား၍သော်လည်းကောင်း၊ ရေသတ္တဝါများ ဆွဲယူသွားခြင်းကြောင့် အလောင်း





ရှာမတွေ့ခြင်းဖြစ်မည်ဟု ယူဆကြလေသည်။

"လူအတော်များများ သေသွားကြတဲ့ပုံပဲ"

"ဟုတ်တယ်ဗျ. . . ကျုပ်တို့အဖွဲ့သားအားလုံး ငါးဆယ်ကျော်လောက်ရှိတာ၊ အခု ဆယ့်ငါးယောက်လောက်ပဲ ကျန်ခဲ့တော့တယ်"

ဟု ဇာတ်အဖွဲ့သားတစ်ယောက်က ငိုသံပါကြီးနှင့် ပြောပြသည်။

"လူသုံးဆယ်ကျော်လောက် ပျောက်သွားတာ အလောင်းတွေလဲ မတွေ့ရပါလား"

"ဟုတ်တယ်. . . ကျုပ်တို့လည်း တစ်မနက်လုံး လိုက်ရှာနေကြတာ ပျောက်သွားတဲ့လူတွေကို တစ်ယောက်မှ မတွေ့ရဘူး"

"ထူးဆန်းလိုက်တာ. . . ဒီလောက်များတဲ့ အလောင်းတွေအားလုံးတော့ ပင်လယ်ရေနဲ့ မျောပါသွားတာ မဖြစ်နိုင်ပါဘူး၊ တစ်လောင်းမဟုတ် တစ်လောင်းတော့ ကျန်ခဲ့မှာပါ၊ အခုတော့ ပျောက်ပုံဆန်းလိုက်တာဗျာ"

နောက်ဆုံးကျန်ခဲ့သူများကို မေးမြန်းကြည့်ကြရာ သေဆုံးသွားသူများမှာ ယောကျ်ားက သိပ်မများပဲ အတော်များများမှာ မိန်းမအလောင်းများ ဖြစ်နေလေသည်။

မနက်ပိုင်းအချိန်မှာပင် ပင်လယ်ထွက်သူများ ပြန်ရောက်လာရာ ထိုအထဲတွင် နီမောင်တို့လည်း ပါလာကြသည်။

နီမောင်တို့လည်း ရေလက်ကြားအတွင်းမှာ ဇာတ်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



လှေနစ်သည်သတင်း ကြားသဖြင့် ဝိုင်းဝန်းအကူအညီပေးရန် ရောက်လာကြသည်။

၎င်းတို့မှာ ရေငုပ်ကျွမ်းကျင်သူများ ဖြစ်ကြသောကြောင့် ရေအောက်သို့ ငုပ်ကာ အလောင်းရှာကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်စလုံး ရေအောက် ဆင်းရှာကြခြင်းဖြစ်သည်။

ရေအောက်ကြမ်းပြင်၌မူ ဇာတ်သေတ္တာအချို့ကိုသာ တွေ့ရပြီး အလောင်းများကို မတွေ့ရပေ။

နီမောင်မှာ ရေအောက်၌ နေရာအနှံ့အပြား လိုက်ရှာနေရင်းမှ စိတ်ထဲမှာ အံ့သြနေမိသည်။

"မဟုတ်သေးပါဘူး. . . လူသုံးဆယ်ကျော်တောင် သေတယ်လို့ ပြောသံကြားပါတယ်၊ ဒီလောက်များတဲ့အလောင်းတွေကို တစ်လောင်းမှ ရှာမတွေ့တာတော့ အံ့သြစရာပဲ၊ ပင်လယ်ရေစီးနဲ့ ပါသွားရင်လည်း အားလုံးတော့ ပါသွားမယ် မထင်ပါဘူး၊ ရေသတ္တဝါတွေ ချီသွားတယ်ဆိုရင်လည်း အပိုင်းအစတွေ ကျန်ခဲ့မှာပါ၊ အခုတော့. . ."

ဟု စဉ်းစားရင်း လိုက်လံရှာဖွေရာ တစ်နေရာ ရောက်သောအခါ ထူးဆန်းသောမြင်ကွင်းတစ်ခုကို လှမ်းမြင်ရလေသည်။

အခြားမဟုတ်ပေ။

အထုပ်အပိုးများကို ကိုယ်စီပိုက်ထားကြသော ယောကျ်ားမိန်းမအတော်များများတို့မှာ ရေအောက်တစ်နေရာရှိ ဂူပေါက်ကြီးတစ်ခုအတွင်းသို့ တန်းစီ၍ ဝင်သွားကြသည့် မြင်ကွင်းပင်ဖြစ်သည်။





နီမောင် ရောက်နေသောနေရာနှင့် ထိုနေရာမှာ မဝေးလှသည်က တစ်ကြောင်း၊ ပင်လယ်ရေကလည်း ကြည်လင်နေသောကြောင့် မြင်ကွင်းအချို့ကို အတိုင်းသားမြင်နေရသည်။

ဂူပေါက်အတွင်းသို့ ဝင်သွားကြသူများမှာ လူသုံးဆယ်ကျော်ခန့်ရှိပြီး အချို့မှာ ဇာတ်ပွဲ၌ ဝတ်ဆင်သော ရှေးခေတ်အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။

ထိုလူများအားလုံး အတွင်းသို့ ဝင်သွားပြီးသောအခါ ဂူပေါက်ဝမှာ ကျောက်ပြားကြီးတစ်ချပ်ဖြင့် ပြန်ပိတ်သွားသည်။

ကျောက်ပြားကြီး ပိတ်သွားပြီးနောက် အပေါ်မှ လတာနွံများက အိကျလာရာ မကြာမီ ကျောက်ပြားချပ်ကြီးကို ဖုံးသွားပြီး မြေသားပကတိအတိုင်း ပြန်ဖြစ်သွားတော့သည်။

"မဟုတ်သေးပါဘူး. . . ငါ့မျက်စိ အမြင်မှားတာပဲ ဖြစ်မှာပါ"

ဟု တွေးတောကာ ရေပေါ်သို့ ပြန်တက်လာလေသည်။

သူ အပေါ်ပြန်ရောက်လာတော့ စောထီးနှင့် ငမဲအောင်တို့လည်း လှေပေါ် ပြန်ရောက်နေကြလေပြီ။

ရေတက်လာသောအခါ လဟာပြင်ပေါ်မှာ တင်နေသော စက်လှေကို ကမ်းပေါ် ဆွဲတင်ကာ ပြုပြင်ပေးကြရသည်။ သင်္ဘောသားနဲ့ ဇာတ်သမားအချို့ကိုတော့ ရွာထဲသို့ ခေါ်ထားပြီး ရွာသူရွာသားများက အစားအသောက် ပို့ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



အအေးမိ၍ ဖျားနေသူများနှင့် အကြောက်လွန်၍ နေမကောင်း ဖြစ်နေသူများကို ဆရာကြီး ဦးဗန်ကောင်းက ဆေးကုပေးလေသည်။

နီမောင်တို့ကလည်း ဆရာကြီး ဦးဗန်ကောင်းနှင့် ဝိုင်းကူပေးကြလေသည်။

"သာမန်ဖြစ်တဲ့ရောဂါတွေကို ဆေးကုပေးရတာ လွယ်ပေမယ့် စိတ်ထဲမှာ အကြောက်လွန်ပြီး ဥပါဒါန် စွဲတဲ့ရောဂါတွေကတော့ ဆေးကုပေးလို့မရဘူး"

"ဒါဖြင့် ဘယ်လိုကုမလဲ အဘ"

"ဥပါဒါန်ကြောင့် ဥပါဒ်ရောက်နေသူကျတော့ ပရိယာယ်သုံးပြီး ကုပေးရတယ်၊ ဥပမာ သရဲတစ္ဆေ ဖမ်းစားတာတို့၊ စုန်းကဝေပြုစားခံရတယ်၊ နတ်ဖမ်းစားခံရတယ်လို့ စိတ်ထဲမှာ ဥပါဒ်ရောက်နေတဲ့လူကို သာမန်ဓါတ်ကြီးလေးပါးဆေးနဲ့ ကုပေးလို့ မရဘူး"

"အဲဒါ ပယောဂ ဆိုတာလား အဘ"

"ဒါကတော့ အားလုံးကို ခြုံပြီး အရပ်သုံးစကားနဲ့ ပြောကြတာပါ၊ 'ပယောဂ'ဆိုတာ ပြင်ပက အနှောင့်အယှက်တစ်ခုခုကြောင့် စိတ်ဝေဒနာတစ်ခုခု ဖြစ်နေတယ်လို့ အဓိပ္ပါယ်ရတယ်၊ အခု ဒီမှာရောက်နေတဲ့လူတွေမှာလည်း သာမန်ရောဂါဖြစ်နေတဲ့လူက နည်းပါတယ်၊ ပယောဂ နှောင့်ယှက်လို့ စိတ်ဝေဒနာဖြစ်နေတဲ့ ရောဂါသည်က ပိုများပါတယ်"

ဟု ပြောပြလေသည်။



ဒုက္ခသည်အများကို ရွာအစွန် တစ်နေရာတွင် ယာယီ ဘနားဖျင်းများ ထိုးပေးထားပြီး ရွာသူရွာသားများက အစားအသောက်များ ပို့ပေးကြသည်။

ထိုရက်အတွင်းမှာပင် နစ်မြုပ်သွားသော စက်လှေကို ပြန်လည်ကောင်းမွန်ရန်အတွက် ပြင်ဆင်ပေးသူက ပြင်ပေးကြသည်။

နီမောင်တို့ လူငယ်များကတော့ ဒုက္ခသည်များအတွက် လိုအပ်သောကိစ္စများကို ဆောင်ရွက်ပေးရင်း ထိုစခန်းမှာပင် အချိန်တော်တော်များများ နေကြလေသည်။

တစ်နေ့တွင် ဦးဗန်ကောင်းနှင့်အတူ မနက်ပိုင်း ရောက်သွားသောအချိန်တွင် ထိုစခန်းမှ လူကြီးတစ်ယောက်က ပြောပြသည်။

"ကျုပ်တို့က ခင်ဗျားတို့ရွာကို ဒီဘက်မှာတင် ရှိတယ်လို့ ထင်နေတာ၊ ဟိုဘက်ကမ်းမှာလဲ ရွာရှိသေးတာကိုး"

"ဟင်. . ."

"ညဘက်ရောက်ရင် စက်လှေမြုပ်တဲ့နေရာရဲ့ဟိုဘက်ကမ်း မနိတောထဲမှာ မီးရောင်တွေ တွေ့ရတယ်၊ လူသံတွေလည်း ကြားရတယ်"

"ဘယ်လိုကြားတာလဲဗျ"

ဦးဗန်ကောင်းက မေးလိုက်သည်။

"ညသန်းခေါင်လောက်က အဲဒီမနိတောဘက်က ခေါ်သံတွေ ကြားရတယ်"

အမှန်တော့ ၎င်းတို့စက်လှေ နစ်မြုပ်သောနေရာ ထိပ်ဖက်

www.burmeseclassic.com



ကမ်း၌ ရွာမရှိပေ။

မနီတော လမုတောများသာ ရှိလေသည်။

"အဲဒီဘက်မှာ ငါးရှာတဲ့လူတွေတော့ ရှိပါတယ်၊ ခင်ဗျားနေကောင်းရင် အဲဒီဘက် သွားကြည့်ကြတာပေါ့"

ဟု ဦးဗန်ကောင်းက နှစ်သိမ့်စကားပြောပြီးနောက် ဆေးတစ်ခွက်တိုက်ထားခဲ့သည်။

နေ့လယ်ဘက် နားကြသောအချိန်တွင် ကနားဖျင်းတဲမှာ လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေကြသည်။

"အဘကို မေးစရာတစ်ခုရှိလို့"

"မေးပေါ့"

"သူပြောတဲ့မနီတောထဲက မီးရောင်တွေ မြင်ရတယ်ဆိုတာ ဘယ်လိုမျိုးလဲ အဘ"

"ပရလောကသားတွေ လှည့်စားတာပေါ့"

"ပရလောကသားတွေဆိုတာ တစ္ဆေသရဲတွေကို ပြောတာလား"

"ဥစ္စာစောင့်၊ ကျတ်၊ တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာ စတဲ့ ရုပ်မရှိပဲ နာမ်ပဲ ရှိတဲ့ လောကသားတွေကို ပရလောကသားတွေလို့ အလွယ်ခေါ်ကြတာပေါ့"

"အဘကို ပြောရဦးမယ်၊ သင်္ဘောမြုပ် ဆယ်တဲ့မနက်က ကျွန်တော် ရေအောက်ဆင်းရှာတော့ အဲဒီနေရာနဲ့ မနီးမဝေးနေရာမှာ ဂူပေါက်ဝတစ်ခု တွေ့လိုက်ရတယ်"





နီမောင်စကား ကြားသောအခါ ဦးဗန်ကောင်းက တအံ့တသြ အမူအရာဖြင့် ကြည့်သည်။

သူသည် ကွမ်းအစ်အတွင်းမှ ကွမ်းတစ်ယာ ယာစားနေရင်း မျက်မှောင်ကြုံ့ကာ စဉ်းစားနေသည်။

"တခြားဘာတွေ မြင်ခဲ့သေးလဲ"

"အဲဒီဂူပေါက်ထဲကို ရှေးခေတ်အဝတ်အစားတွေ ဝတ်ထားတဲ့လူတွေ ဝင်သွားတာ မြင်လိုက်ရတယ်၊ နှစ်ဆယ်သုံးဆယ်လောက် ရှိမယ်ထင်တယ်၊

သူတို့ ဝင်သွားပြီးတာနဲ့ ဂူပေါက်ဝကို ကျောက်ပြားချပ်ကြီးနဲ့ ပိတ်ထားတယ်၊ ပြီးတော့ နဂါးတွေ သဲတွေ ကျလာပြီး ဖုံးသွားတာလည်း တွေ့လိုက်ရတယ်၊ အဲဒီနေရာမှာ ဘာရှိသလဲ အဘ"

ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်း အဲသည်လို တွေ့ရတာ ကောင်းတယ်လို့လဲ ပြောလို့ရတယ်၊ မကောင်းဘူးလို့လည်း ပြောလို့ရတယ်"

ထိုစကားကြောင့် နီမောင်မှာ လန့်သွားလေသည်။

"ဟင်. . . ဘာဖြစ်လို့လဲ အဘ"

"ကောင်းတယ်ဆိုတာက မင်း အဲသည်လို မြင်ခွင့်ရတာ ပရလောကသားတွေနဲ့ တစ်နည်းနည်းနဲ့ အဆက်အသွယ်ရှိလို့သာ မြင်ရတာ၊ ဘဝဆက်လို့ ခေါ်တဲ့ အတိတ်ဘဝက သူတို့နဲ့ ပတ်သက်ခဲ့ဖူးတဲ့ အကြောင်းတစ်ခုခု ရှိလို့သာ မြင်ခွင့်ရတာ"

ထိုစကားကြောင့် နီမောင်မှာ ပါးစပ်အဟောင်းသားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသလို နံဘေးနားမှာ ရှိနေကြသော စောထီးနှင့် ငမဲအောင်တို့မှာလည်း အံ့သြသွားကြသည်။

"အဲဒီနားမှာ ဘာရှိသလဲ အဘ"

"ရွှေနဒီသိုက် ရှိတယ်"

"ဟင်. . . ရွှေနဒီသိုက် ဟုတ်လား အဘ"

"ဟုတ်တယ်. . . ရွှေနဒီသိုက်ဆိုတာ သာမန်သိုက်မျိုး မဟုတ်ဘူး၊ မြတ်စွာဘုရားကို ရည်စူးပြီး လှူဒါန်းထားတဲ့ ဥစ္စာပစ္စည်းတွေကို စောင့်ရတဲ့သိုက်ပဲ. . .

အမိက ရှိတဲ့နေရာက အတွင်းဒီပါရုံနဲ့ မော်တင်စွန်းအကြားမှာ ရှိတဲ့ ရိုးမတောင်ရဲ့မြေပြင်တစ်နေရာမှာပဲ၊ ဒီနေရာက အပြင်တံခါးပေါက်နေရာပေါ့"

"မော်တင်စွန်းနဲ့ ဒီနေရာက ပင်လယ်ရေပြင်ကြီး ခြားနေတာ၊ ဘယ်လိုဆက်တာလဲ အဘ"

"မြေအောက်က ဆက်တာပေါ့၊ ရွှေနဒီသိုက်က ဘယ်လောက်ကြီးသလဲဆိုရင် အရှေ့ဘက်မှာ ပုသိမ်မြစ်ကမ်း၊ အနောက်ဘက်မှာ ရိုးမတောင်စွယ်၊ မြောက်ဘက်မှာ အတွင်းဒီပါရုံနဲ့ တောင်ဘက်မှာ ဟိုင်းကြီးကျွန်းအထိပဲ၊ အတွင်းတံခါးလေးပေါက်မှာ ဘီလူးစောင့်တယ်၊ အမိက တံခါးနှစ်ပေါက်က ဒီပါရုံဘုရားရှိတဲ့ အတွင်းဒီပါတောင်နဲ့ မော်တင်စွန်းဘုရား ရှိတဲ့ နဂါးရာဇ်အငူပဲ"

"အဘပြောမှပဲ သိရတော့တယ်၊ ဒါထက် လူတွေ ဝင်သွားတာ မြင်လိုက်ရတာကရော ဘယ်လိုအဓိပ္ပါယ်လဲ အဘ"





"ဒါကတော့ ပရလောကစကားနဲ့ ပြောရရင်တော့ လူစားလဲကြတာပေါ့ကွာ"

"လူစားလဲတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ အဘ"

"မြေအောက်ရေအောက်မှာ အထိကရ သိုက်ပေါင်း ကိုးသိန်း ကိုးသောင်းကျော်ရှိတယ်၊ ဒီစာရင်းက မြတ်စွာဘုရားကို လှူဒါန်းထားတဲ့ သိုက်စာရင်းပဲ ရှိသေးတယ်၊ ပုဂ္ဂလိကသိုက်တွေ မပါသေးဘူး၊ ပုဂ္ဂလိကသိုက်တွေထဲမှာ အင်းဝဘက်က ဘောဂဗလသိုက်တို့ ဖွားစောသိုက်တို့ဆိုရင် နာမည်ကြီးတဲ့ အဓိကရသိုက်တွေပဲပေါ့"

"အဘပြောမှပဲ ကြားဖူးတော့တယ်"

(အင်းဝဘက်မှ ဘောဂဗလသိုက်အကြောင်းကို သိလိုပါက ဘုန်းနိုင်ရေးသားသော 'ဝက်ပါစိအိမ်နှင့် လျှို့ဝှက်မာယာ' စာအုပ်၌ ရှာဖွေဖတ်ရှုပါရန်)

"ကိုးသိန်း၊ ကိုးသောင်း၊ ကိုးထောင်၊ ကိုးရာ၊ ကိုးဆယ်၊ ကိုးခု ရှိတဲ့ သိုက်စာရင်းဝင်တွေကတော့ မြတ်စွာဘုရားကို ရည်စူးပြီး လှူဒါန်းထားတဲ့ ရတနာပစ္စည်းတွေ ရှိတဲ့ သိုက်တွေချည်းပဲပေါ့၊ အဲဒီအထဲမှာ အတွင်းဒီပါရုံနဲ့ မော်တင်စွန်းဘုရားတစ်ဝိုက်မှာ ရှိတဲ့ ရွှေနဒီသိုက်ကြီးလည်း တစ်ခုအပါအဝင်ပေါ့"

"အဘ. . . လူစားလဲတယ်ဆိုတာ ဘယ်လိုမျိုးလဲ ပြောပါဦး"

"အဲဒီဘုရားကို စောင့်ရတဲ့သိုက်ကြီးတွေမှာ ပရလောက



www.burmeseclassic.com

www.burmeseclassic.com



သားပေါင်းများစွာကို စောင့်ကြရတယ်၊ အလှည့်ကျတာဝန်နဲ့ စောင့်ကြရတဲ့ သိုက်စောင့်တွေဟာ တာဝန်စေ့တာနဲ့ လူ့ပြည်ကို အလှည့်ကျ သွားကြရတယ်၊ တချို့ကတော့ တစ်ယောက်ချင်း သွားတယ်၊ တချို့ကတော့ အဖွဲ့လိုက် လူ့ပြည်သွားနှင့်ကြရတယ်၊

"ဒါဖြင့် အခု ပျောက်သွားတဲ့လူတွေကရော သိုက်ထဲကို ပြန်ရောက်သွားကြတာပဲလား"

"အခြေအနေတွေကို ကြည့်ရင်တော့ ဒီလိုပဲ ထင်စရာရှိတယ်၊ သူတို့တတွေ လူစားလဲခံလိုက်ရတာ သေချာသလောက်ပါပဲ"

နီမောင်တို့တတွေ ကနားဖျင်းအောက်မှာ လက်ဖက်ရည်ကြမ်း သောက်ရင်း စကားပြောနေကြရာ နေမကောင်းသည့်လူများ ထားသောနေရာဘက်မှ ဆူဆူညံညံအသံများ ပေါ်ထွက်လာလေသည်။

"ဟိုဘက်မှာ ဘာဖြစ်နေတာလဲ မသိဘူး၊ သွားကြည့်ကြရအောင်"

ဟု ပြောကာ သုံးယောက်သား ထိုနေရာသို့ လာခဲ့ကြရာ ကနားဖျင်းတစ်ခုအောက်မှာ ထားသော နေမကောင်းသည့်လူများထဲမှ အသက်သုံးဆယ်အရွယ်ခန့်ရှိ အမျိုးသမီးတစ်ယောက်မှာ ကတုန်ကယင်နှင့် သတိလစ်နေသည်ကို တွေ့ရသဖြင့် ဦးဗန်ကောင်းက အနီးသို့ ကပ်သွားလေသည်။

ကြည့်လိုက်တော့ တစ်စုံတစ်ခု ပူးကပ်နေဟန်ရှိသည်။

"ဘယ်သူလဲ"





ဦးဗန်ကောင်းက မေးလိုက်သည်။

"စက်လှေနှစ်လို့ သေသွားခဲ့တဲ့သူပါ"

"အခု ဘယ်ရောက်နေပြီလဲ"

"ရွှေနဒီသိုက်ထဲကို ပြန်ရောက်နေပါပြီ"

"လူဘယ်နှစ်ယောက် ပြန်သွားရတာလဲ"

"နှစ်ဆယ့်ငါးယောက်ပါ"

"နင်တို့က သိုက်ထဲ ပြန်ရောက်ပြီဆိုတော့ ဟိုက လူတွေက ဘယ်ရောက်ကုန်ပြီလဲ"

"သိုက်ချုပ်ဘိုးဘိုးဆီမှာ ခွင့်တောင်းပြီးတော့ လူ့ပြည်ပြန်လာကြတော့မှာပါ"

"အခု ဘာလိုချင်လို့ လာတာလဲ"

"ကျွန်မတို့အကြောင်းကို သိစေချင်လို့ လာပြောတာပါ၊ နောက်ပြီး ကျွန်မတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုပြုလုပ်ပြီး အမျှအတမ်း ဝေပေးပါ"

"ကောင်းပါပြီ. . . လုပ်ပေးစေချင်ရင် လုပ်ပေးပါ့မယ်၊ ဒါပေမယ့် ဒီရွာမှာ ရှိတဲ့လူတွေက ဆင်းရဲကြတယ်၊ တစ်နေ့လုပ်မှ တစ်နေ့စားရတာဆိုတော့ အလှူအတန်းလုပ်ဖို့ ပိုက်ဆံမရှိကြဘူး၊ ဒီတော့ ကုသိုလ်ကောင်းမှု ပြုလုပ်ပေးစေချင်ရင်တော့ လှူဖို့တန်းဖို့ ပေးမှဖြစ်မယ်"

"ပေးဆိုမှတော့ ထိုက်သင့်သလောက်တော့ ပေးရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ ဥစ္စာပစ္စည်းဆိုတာ ဒေးတိုင်း

www.burmeseclassic.com



လည်း မရဘူး၊ မပေးဘဲနဲ့လည်း ရချင်ရတတ်ကြတယ်၊ ဒါကိုတော့ သတိပြုရမယ်"

"ဒါကတော့ ကံတရားပေ့ါ"

"နောက်တစ်ခုလည်း ပြောစရာရှိပါသေးတယ်"

"ပြောစရာရှိတာကိုသာ ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီရွာမှာ ရှိကြတဲ့လူတွေက နေ့စဉ် အကုသိုလ်အလုပ်တွေပဲ လုပ်နေကြတယ်၊ ဒါကြောင့် မကြာခင်မှာ ဒီရွာကို မိစ္ဆာတွေ ရောက်လာလိမ့်မယ်၊ သတိထားပြီး နေကြဖို့ သတိပေးချင်တာပါ"

"ကောင်းပါပြီ. . . အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ သတိထားပြီး နေပါ့မယ်၊ ကျန်တဲ့သူတွေကိုလည်း သတိပေးလိုက်ပါ့မယ်၊ ခင်ဗျားပြောတဲ့အတိုင်းလည်း ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး အမျှပေးဝေပါ့မယ်၊ ခင်ဗျားတို့ဘက်ကလည်း ကတိမပျက်ပါနဲ့"

ထိုသို့ပြောပြီးနောက် ကတုန်ကယင်နှင့် သတိလက်လွတ်ဖြစ်နေသော အမျိုးသမီးမှာ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားပြီးနောက် အိပ်ပျော်သွားလေတော့သည်။

နီမောင်တို့လည်း ကနားဖျင်းတဲအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။





အခန်း(၃)

# ငွေဒင်္ဂါးတစ်ပြားကြောင့် အသက်ပေးရသူ

**နောက်**ထပ် ရက်အနည်းငယ်ကြာသောအခါ ရေလက်ကြားတစ်ဖက်ကမ်းရှိ ခနိတောအတွင်းမှ လူသံသူသံများ ကြားလာရသည်။ ကလေးငိုသံ၊ တစ်ဦးနှင့်တစ်ဦး အော်ဟစ်ပြောဆိုသံများပါ ကြားရသည်။

သည်ဘက်ကမ်းမှာ နေကြသူများကတော့ ရေလက်ကြားတစ်ဖက်ကမ်းရှိ ခနိတောအတွင်းမှ လူသံသူသံများ ကြားရသော်လည်း အထူးအဆန်းတော့ မဖြစ်မိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် . . .

ထိုနေရာဘက်တွင် မကြာခဏ ဆိုသလို ငါးပုစွန် ရှာသူများ လာရောက်နေလိုက်၊ ပြန်သွားလိုက်နှင့်မို့ မထူးဆန်းတော့ပေ။

ပင်လယ်ပြင်မှာသော် လည်းကောင်း၊ မြစ်ချောင်းများ အတွင်းမှာသော်လည်းကောင်း၊ ငါးပုစွန် ရှာဖွေကြသူများသည် အလုပ်လုပ်သော ရာသီရောက်လျှင် ထိုကျွန်းပေါ်သို့ လာရောက် စခန်းချကြပြီး အလုပ်သိမ်းပါက ပြန်သွားလေ့ရှိသည်။

ခါတိုင်းနှစ်များကတော့ တစ်ဦးစ နှစ်ဦးစ လာရောက် နေထိုင်ကြသော်လည်း ယခုနှစ်မှာတော့ လူအတော်များဟန် ရှိသည်။

ခါတိုင်းနှစ်ထက် လူသံများ ပိုများလာသလို ညအချိန် ရောက်လာလျှင် ဓနိတောအတွင်းမှ မီးရောင်များလည်း ထိန်နေ တော့သည်။

ရေလက်ကြားအတွင်းမှ ဖြတ်သွားကြသူများမှာ လူသံများ၊ စကားပြောသံ၊ ကလေးငိုသံ၊ ခွေးဟောင်သံများကို အတိုင်းသား ကြားနေရသော်လည်း ဘယ်သူမှ တကူးတက တက်မကြည့်ကြပေ။

ညအချိန် ထိုနေရာဘက်မှ ပြန်လာသော တံငါလှေတစ်စင်း မှာ ဓနိတောစပ်တစ်နေရာမှ လူတစ်စုက လှမ်းခေါ်သဖြင့် လှေကမ်း ပေးလိုက်သည်။

"ငါးရောင်းဖို့ ပါသလားဗျ"

"ဘယ်ဈေးရောင်းသလဲ"





"တစ်ပိဿာ ငါးမူးရောင်းတယ်၊ များများယူတော့လည်း လျှော့ပေးရမှာပေါ့"

လှေရှင်က အားတက်သရော လှမ်းပြောသည်။

"ကျုပ်တို့ရွာက လူများတယ်ဗျ၊ ပါသမျှ ငါးတွေသာ အကုန် ချိန်လိုက်တော့ဗျို့"

ဟု ပြောသဖြင့် လှေရှင်က လှေဝမ်းထဲမှာ ထည့်လာသော ငါးအရှင်များကို တုတ်ဖြင့် ရိုက်သတ်ကာ ချိန်ပေးလေသည်။

သို့သော် ငါးများက ချက်ချင်းမသေဘဲ လူးလွန့်နေဆဲပင် ရှိသေး၏။

ငါးဖိုးငွေ ပေးသောအခါ ငွေဒင်္ဂါးပြားကို ပေးလေသည်။

"ငွေဒင်္ဂါးတွေ ပေးတာတော့ ဟုတ်ပါရဲ့၊ ပြန်အမ်းစရာ အကြွေမပါဘူးဗျ"

"ပိုတာ ယူသွားပေါ့ဗျာ၊ နောက်နေ့တော့သာ ငါးပါရင် ဝင် ပေးပေါ့"

ဟု ပြောကာ သွေးသံရဲရဲနှင့် ငါးတောင်းကို ထမ်းကာ ဓနို တောအတွင်း ပြန်ဝင်သွားကြလေတော့သည်။

ငါးရောင်းသူလည်း ဝမ်းသာအားရနှင့် ရွာသို့ ပြန်လာခဲ့လေ သည်။ တဲသို့ ပြန်ရောက်သောအခါ မိန်းမဖြစ်သူအား ဝမ်းသာ အားရ ပြန်ပြောလေသည်။

"မိန်းမရေ . . . ဒီကနေ့တော့ ဟန်ကျပြီကွ"

"ဘယ်လိုဟန်ကျတာလဲတော့ . . . ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီကနေ့ ရှာလို့ရတဲ့ငါးတွေ အကုန်ရောင်းခဲ့ရတယ်"

"ဘယ်အိမ်က အလှူရှိလို့ ဝယ်လိုက်တာလဲ"

"အလှူရှိသလားဘာလားတော့ မသိဘူး၊ ရေလက်ကြား တစ်ဖက်ကမ်းမှာ ရှိတဲ့ ဓနိတောထဲမှာ နေတဲ့လူတွေ ထွက်ဝယ် လိုက်တာပဲ"

"တော်ကလည်း. . . မဟုတ်တာ အတော်ပြောတယ်၊ အဲဒီ ဓနိတောထဲမှာ လူတွေမှ မနေတာ၊ တစ်ခါတစ်လေမှသာ ငါးရှာတဲ့ လူတွေ လာနေကြတာ မဟုတ်လား၊ ငါးရှာတဲ့လူတွေကတော့ တော့်ဆီမှာ ငါးဝယ်စားပ့ါမလား"

"မင်း မသိဘဲနဲ့ လျှောက်ပြောနေတယ်၊ အခု အဲဒီဓနိတော ထဲမှာ ဘယ်ကလူတွေ လာနေကြတာလဲ မသိဘူး၊ ရွာကြီးတစ်ရွာ လောက်တောင် ရှိနေပြီ ထင်တာပဲ"

"တော်မြင်ခဲ့လို့လား"

"မြင်တော့ မမြင်ခဲ့ရဘူးပေါ့၊ ဒါပေမယ့် လူသံသူသံတွေ ကြားနေရတာတော့ အများကြီးပဲ"

မိန်းမလုပ်သူက မောမောပန်းပန်းနှင့် ပြန်လာသော. . . ယောကျ်ားဖြစ်သူနှင့် ဖက်ပြိုင်ကာ မပြောတော့ပေ။

"တော် ငါးရောင်းရတာ ဘယ်လောက်ရခဲ့သလဲ"

ဟု လိုရင်းကိစ္စသာ မေးတော့သည်။

ထိုအခါ ယောကျ်ားလုပ်သူက ကျစ်ကျစ်ပါအောင် သိမ်း ထားသော ငွေဒင်္ဂါးတစ်ပြားကို ထုတ်ပေးလိုက်သည်။





"ဟယ်. . . ဒါ. . . ဒါ ငွေဒင်္ဂါး မဟုတ်လား"

မိန်းမဖြစ်သူမှာ မတွေ့ဖူး မမြင်ဖူးတာ ကြာပြီဖြစ်သော ငွေဒင်္ဂါးပြားကို မြင်လိုက်ရသဖြင့် အံ့သြဝမ်းသာ ဖြစ်သွားရှာသည်။

"အေး. . . ဟုတ်တယ်လေ"

"ဒီ. . ဒီငွေဒင်္ဂါးကို ငါးဖိုးပေးလိုက်တယ် ဟုတ်လား"

"အေး. . . ဟုတ်တယ်"

"ငွေဒင်္ဂါးတစ်ပြားဆိုတာ နည်းတဲ့ငွေလား၊ တော် ငါးက ဘယ်နှစ်ပိဿာ ရောင်းခဲ့ရလို့လဲ"

"ငါရောင်းတဲ့ငါးကတော့ ငွေဒင်္ဂါးတစ်ပြားဖိုး ဘယ်ပြည့်ပါ့ မလဲ၊ ဒါပေမယ့် သူတို့က ပေးလိုက်တာပဲ၊ ပိုတဲ့ငွေကို ကြွေးမှတ် ထားမယ်တဲ့၊ နောက်မှ ငါးလာပေးလို့လည်း မှာလိုက်သေးတယ်"

"ညအချိန်မတော်ကြီး ဘယ်သူဘယ်ဝါမှန်း မှတ်မိတာမှ မဟုတ်တာတော်၊ နောက်ပြီး ငါးဝယ်တဲ့လူတွေကိုလည်း မှတ်မိဦးမှ၊ ထားသာ ထားလိုက်ပါတော့"

ဟု မိန်းမက လောဘစိတ်ဖြင့် ပြောလိုက်ရာ ယောကျ်ားဖြစ် သူကလည်း သဘောကျသွားလေသည်။

"အေး. . . အဲဒါပဲ ကောင်းပါတယ်"

ဒါပေမယ့် သူတို့ ထင်သလိုတော့ မဟုတ်ပေ။ ထိုကဲ့သို့ နေလာရာ တစ်ပတ်ခန့် ကြာသောအခါ တစ်ညသ၌ လင်မယားနှစ် ယောက် အိပ်ပျော်နေရာ ထရံကို တဗုန်းဗုန်းဖြင့် ပုတ်သံကြောင့် လန့်နိုးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗုန်း . ဗုန်း . ဗုန်း"

"ဘာသံကြီးပါလိမ့်"

နှစ်ယောက်သား အိပ်နေရာမှ လူးလဲထသောအခါ တဲနောက်ဖက် လမုတောစပ်မှ အသံနက်ကြီးဖြင့် လှမ်းအော်ပြောသံကို ကြားကြရသည်။

"ငါတို့ ကြွေးပြန်လာပေးဟေ့"

"ဟင် . . ."

"ယောက်ျား . . . ညအချိန်မတော်ကြီး နောက်ဘက်က ကြွေးလာတောင်းနေပါလား . . . ဘယ်သူလဲ"

"ငါလဲ ဘယ်သိပ့်မလဲဟ"

"ငါတို့ကြွေးကို လာပေးကြဟေ့"

နောက်တစ်ကြိမ် ကြားသောအခါ လင်မယားနှစ်ယောက် ကြောက်ကြောက်ရွံ့ရွံ့နှင့် ထရံပေါက်မှ အပြင်သို့ လှမ်းကြည့်သောအခါ လမုတောအစပ်တွင် ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ရသည်။

ပထမတော့ သာမန်လူတစ်ယောက်ဟု ထင်မိကြသော်လည်း သတိထား၍ ကြည့်လိုက်သောအခါ အရပ်အမောင်းရော အလုံးအထည်ပါ သာမန်လူတစ်ယောက်ထက် ပိုမိုကြီးထွားနေသည်ကို သတိပြုမိကြသည်။

ထိုမည်းမည်းသဏ္ဍာန်ကြီးမှာ အမှောင်ရိပ်ထဲမှာ ရပ်နေသော်လည်း တစ်ကိုယ်လုံး အမွှေးအမျှင်များ ဖုံးနေသည်ကိုသော်





လည်းကောင်း၊ နီရဲနေသော မျက်လုံးကြီးကိုသော်လည်းကောင်း ပိုးတဝါး အလင်းရောင်ဖြင့် အတိုင်းသား လှမ်းမြင်ကြရသဖြင့် များစွာကြောက်လန့်သွားကြသည်။

"ယောက်ျား . ဘယ်လိုလုပ်မလဲ၊ သူတို့ ကြွေးလာတောင်းနေပြီ"

"နှင်သိမ်းထားတဲ့ ငွေဒင်္ဂါးပြားကို ပြန်ပေးလိုက်ရရင် မကောင်းဘူးလား"

"အို . . . ရပြီးသာငွေတော့ ပြန်မပေးနိုင်ပါဘူး၊ ငွေဒင်္ဂါးတစ်ပြားဆိုတာ နည်းတာမှတ်လို့၊ သူ ဘာလုပ်မလဲလို့ စောင့်ကြည့်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ တဲအတွင်းမှာ မီးခွက်ထွန်းကာ လင်မယားနှစ်ယောက် ကြောက်ကြောက်နှင့်ပင် ဖွတ်ပေထိုင်နေကြသည်။ တဲအနောက်ဘက်မှ အသံနက်ကြီးဖြင့် ကြွေးတောင်းနေသံကိုတော့ တစ်ညလုံးလိုလို ကြားနေရသည်။

"ငါတို့ကြွေးကို လာပေးနော်၊ မပေးရင် ငါတို့အဆိုး မဆိုကြနဲ့"

"နောက်တော့မှ အဆိုးမဆိုနဲ့နော်"

ဟူသော အသံနက်ကြီးကို တစ်ညလုံး ကြားနေရပြီး အရုဏ်တက်ချိန် ရောက်တော့မှ အသံတိတ်သွားတော့သည်။

ထိုအခါမှ လှမ်းကြည့်လိုက်သောအခါ လမုတောအစပ်၌ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ လင်မယားနှစ်ယောက်မှာ သက်ပြင်းကိုယ်စီ ချနိုင်ကြလေတော့သည်။

နောက်တစ်နေ့ မနက်လင်းသောအခါ လင်မယားနှစ်ယောက်တို့မှာ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေသည်။

"မိန်းမ. . . ငါတို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ၊ သူတို့ငွေကို ပြန်ပေးလိုက်ရင် မကောင်းဘူးလား၊ တော်ကြာ ညတိုင်းလာပြီး ကြွေးတောင်းနေရင် ခက်လိမ့်မယ်"

"အို. . . မဟုတ်တာ၊ လက်ထဲ ရောက်ပြီးသားပိုက်ဆံကို ဘာကြောင့် ပြန်ပေးရမှာလဲ၊ ဒီပိုက်ဆံ လက်ထဲမှာ ရှိနေလို့ လာတောင်းနေတာ ဖြစ်မှာပေါ့၊ မရှိတော့ရင် လာတောင်းတော့မယ် မထင်ပါဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"တစ်ခုခု ဝယ်လိုက်ပေါ့"

"ဘာဝယ်ရင် ကောင်းမလဲ"

"တော်ပဲ အလုပ်လုပ်ဖို့ လှေတစ်စင်း ကောင်းကောင်းလိုချင်တယ်ဆို၊ ငွေဒင်္ဂါးတစ်ပြားဆိုရင် ကျွန်းသားလှေတစ်စင်း ကောင်းကောင်းရနိုင်တာပဲ၊ ကိုယ့်လက်ထဲ ငွေရှိတုန်း အဖတ်တင်အောင် ဝယ်ထားလိုက်ပေါ့"

"အေး. . . မင်းပေးတဲ့အကြံကောင်းတယ်၊ ဒီတော့ လှေရှာသွားရအောင် မင်းပါ လိုက်ခဲ့ကွာ"

ဟု ပြောဆိုကာ လင်မယားနှစ်ယောက် လှေရှာရန် ထွက်ခဲ့ကြလေသည်။

နှစ်ယောက်သား ငွေဒင်္ဂါးတစ်ပြားကို ကိုင်၍ ဟိုင်းကြီးကျွန်းတစ်ကျွန်းလုံးအနှံ့ ရှာကြသော်လည်း လှေရောင်းမည့်သူနှင့် မတွေ့ကြရပေ။

ညနေစောင်းအချိန်သောက် ရောက်ကာမှ ဆိုက်ဆိုက်မြိုက်မြိုက် လှေတစ်စင်း ရောင်းမည့်သူတစ်ဦးနှင့် တွေ့ရတော့သည်။

ထိုသူမှာ ကမ်းစပ်တစ်နေရာမှာ ငါးရောင်းလာသူတစ်ဦးဖြစ်သည်။

သူနှင့်အတူ အသစ်အတိုင်းပင် ရှိနေသေးသော ကျွန်းသားနှင့် ပြုလုပ်ထားသည့် လှေတစ်စင်းကို တွေ့ရသည်။

လှေမှာ (၁၂)တောင်ခန့်ရှိပြီး လုပ်ငန်းသုံးအတွက် များစွာအဆင်ပြေလောက်သည့် အရွယ်အစားဖြစ်သည်။

ယောကျ်ားဖြစ်သူက ထိုလှေကို မြင်ကတည်းက စိတ်ထဲမှ သဘောကျနေလေသည်။

"ဗျို့. . . နောင်ကြီး၊ ဟိုမှာ ကပ်ထားတဲ့လှေက ခင်ဗျားလှေလားဗျ"

ဟု လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်"

"လှေကို မြင်ရုံနဲ့ သဘောကျလို့ မေးတာပါ၊ ဒါထက် မရောင်းဘူးလားဗျ"

"လိုချင်ရင်တော့ ရောင်းပါ့မယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဈေးကရော ဘယ်လောက်ပေးရမှာလဲဗျ"

"ရောင်းဖြစ်ဝယ်ဖြစ်ဆိုရင်တော့ ဈေးလျှော့ရောင်းရမှာပေါ့"

"ကျုပ်တို့လင်မယားမှာတော့ ပိုက်ဆံများများစားစားတော့ မပါဘူးဗျာ၊ ဟောဒီငွေဒင်္ဂါးတစ်ပြားပဲ ပါတယ်၊ သင့်မြတ်ရင်တော့ ရောင်းခဲ့ပါ"

ဟု ပြောကာ ယောကျ်ားဖြစ်သူက အသင့်ပါလာသော ငွေဒင်္ဂါးပြားကို ထုတ်ပြလေသည်။

ထိုအခါ လှေရှင်က အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ. . .

"ကျုပ်လှေက အသစ်အတိုင်းပဲ ရှိသေးတော့ ဒါထက်မက တန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့က အလုပ်အကိုင် မကောင်းလေတော့ ပေးတဲ့ဈေးနဲ့ပဲ ရောင်းပါ့မယ်"

"ဝမ်းသာလိုက်တာဗျာ"

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ၊ ခင်ဗျားတို့ လှေဝယ်ပြီးရင်တော့ ကျုပ်တို့ရွာ ပြန်ပို့ပေးဦးမှ ဖြစ်မယ်"

"ခင်ဗျားက ဘယ်မှာနေတာလဲ"

"ရေလက်ကြားထဲမှာပါ"

ထိုစကားကြားသောအခါ လင်မယားနှစ်ယောက်သလုံး နည်းနည်းတော့ တွန့်သွားကြသည်။

ရေလက်ကြားဟူသော အသံကြားရုံနှင့် နည်းနည်းတော့ လန့်သွားကြသည်။





သို့သော် ဈေးပေါပေါဖြင့် ရသော ကျွန်းသားလှေကို လက်လွှတ်မခံလိုသောကြောင့် လိုက်ပို့ပေးရန် သဘောတူလိုက်သည်။

ထို့နောက်. . .

ကမ်းစပ်မှာပင် ငွေဒင်္ဂါးတစ်ပြားပေး၍ လှေကို ဝယ်ယူလိုက်ကြတော့သည်။

အချိန်မှာလည်း နေဝင်ရီတရောအချိန်သို့ ရောက်လာကာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုလာချေပြီ။

အရောင်းအဝယ်ပြီးသော လှေရှင်ကို ရွာပြန်ပို့ပေးရန်အတွက် လှော်ထွက်လာခဲ့ကြသည်။

ဟိုင်းကြီးကျွန်းနှင့် ရေလက်ကြားမှာ မဝေးလှသော်လည်း ရေဆန်ဖြစ်နေသောကြောင့် အတော်ကြာအောင် လှော်ကြရသည်။

လှေရှင်က အရှေ့ဘက်သို့ မျက်နှာမူကာ လှေဦးမှ ထိုင်ကာ ယောကျ်ားဖြစ်သူက ပဲ့ပိုင်းမှ လှေလှော်လာသည်။

မိန်းမက လှေဝမ်းအလယ်မှာ ထိုင်လိုက်လာသည်။

တဖြည်းဖြည်းနှင့် လှော်လာရာ ရေလက်ကြားအတွင်းသို့ ရောက်လာရာ ထိုနေရာရောက်သောအခါ အပုပ်နံ့လိုလို ရလာသည်။

ကမ်းစပ်တစ်လျှောက်မှာ ဓနိတောများ ရှိသဖြင့် လမုတောများ အုပ်မိုးနေသောကြောင့် အမှောင်ထုက ပိုများနေသည်။

"ခင်ဗျားနေတဲ့နေရာက ဘယ်နေရာမှာလဲဗျ"

"ရှေ့နားတင်ပါပဲ"



www.burmeseclassic.com

ယောက်ျားဖြစ်သူက လှမ်းမေးရာ လှေဦးမှာ ထိုင်လိုက်လာသူက အသံသြသြကြီးနှင့် ပြန်ပြောသည်။

"ဟင်. . . ခင်ဗျားအသံက စောစောကနဲ့ မတူတော့ပါလား၊ ဘယ်လိုဖြစ်သွားတာလဲ"

"ဟုတ်ပါရဲ့တော်. . . အပုပ်နံ့ကလည်း နံလိုက်တာ"

ဟု ပြောနေကြစဉ် လှေဦးမှာ ထိုင်လာသူက ခနိုပင်များ ကိုင်းကျနေသောနေရာသို့ လက်ညှိုးထိုးပြသည်။

သို့ကြောင့် ထိုနေရာသို့ လှော်လာစဉ်မှာပင် လှေဦးပိုင်းက တဖြည်းဖြည်းနှင့် လေးကာ စိုက်ကျလာသည်။

"ဟ. . . ငါတို့လှေ ဘယ်လိုဖြစ်ပြီး လှေဦးစိုက်လာတာလဲ"

ယောက်ျားဖြစ်သူက ပြောလိုက်သောအခါ လှေဝမ်းမှာ ထိုင်လိုက်လာသော မိန်းမက ကြောက်ကြောက်လန့်လန့်ဖြင့် လက်ညှိုးထိုးပြသည်။

"ယောက်ျား. . . ဟို. . . ဟိုမှာ"

ထိုအခါမှ လှေပဲပိုင်းမှ ယောက်ျားက လှေဦးပိုင်းသို့ လှမ်းကြည့်လိုက်သည်။

"ဟင်. . ."

လှေဦးမှာ ထိုင်လိုက်လာသူမှာ ပုံမှန်မဟုတ်တော့ဘဲ ပုတ်လုံးတမျှ ကြီးမားသော ခန္ဓာကိုယ်ကြီး ဖြစ်နေပြီး နားရွက်ကြီးနှစ်ဖက်ကလည်း စကောလောက်ကြီး ထွက်နေချေပြီ။

"ခင်ဗျား. . . ခင်ဗျား ဘယ်လိုပုံ ဖြစ်သွားတာလဲ"





ဟု မေးတော့မှ နောက်ဘက်သို့ လှည့်လာလေတော့သည်။

"အမယ်လေးဗျ"

"အမယ်လေးတော့"

လှေဦးမှာ ထိုင်လိုက်လာသူမှာ လူအစစ် မဟုတ်ဘဲ သဘက်ကြီးတစ်ကောင်ပင် ဖြစ်တော့သည်။

"ငါ့အကြွေး ပြန်ပေး"

အသံသြသြကြီးဖြင့် ပြောလိုက်တော့ လင်မယားနှစ်ယောက်စလုံး မှတ်မိသွားပြီး လှေပေါ်မှ ရေထဲသို့ ခုန်ဆင်းကာ ထွက်ပြေးကြရတော့သည်။

သို့တိုင်အောင် သဘက်ကြီးက လှေကို လှော်ပြီး နောက်မှ လိုက်လာသောကြောင့် လင်မယားနှစ်ယောက် ကြောက်လန့်တကြားနှင့် ရေထဲ ကူးပြေးနေကြရင်း လူချင်း ကွဲသွားကြသည်။

နောက်တစ်နေ့ ရောက်သောအခါမှ လတာပြင်ပေါ်မှာ တင်နေသော သူတို့နှစ်ယောက်ကို ငါးဖမ်းထွက်လာသူများက တွေ့သဖြင့် ရွာသို့ ခေါ်လာကြသည်။

နှစ်ယောက်စလုံး သတိလစ်နေသဖြင့် ဆေးဝါးကုသပေးသော်လည်း ယောက်ျားဖြစ်သူသာ သတိပြန်ရလာပြီး မိန်းမဖြစ်သူမှာတော့ အကြောက်လွန်သဖြင့် သေဆုံးသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၄)

# လူသားစားလို့ ရောက်လာသည့်မိစ္ဆာ

ဘုရားပွဲမှ ပြန်လာသော ဇာတ်အဖွဲ့သားများ လိုက်ပါ
လာသည့် စက်လှေတစ်စင်း ရေလက်ကြားအတွင်း၌ နစ်မြုပ်သွား
ခဲ့ပြီးနောက်ပိုင်း ထိုနေရာတစ်ဝိုက်တွင် သရဲတစ္ဆေ ခြောက်လှန့်မှု
များ မကြာခဏဖြစ်ပေါ်ခဲ့ရာ အချို့ဆိုလျှင် ထိုနေရာတစ်ဝိုက်သို့ပင်
မသွားလာဝံ့အောင် ရှိကြသည်။

ထိုနေရာတစ်ဝိုက်မှာ ငါးပုစွန် အထိအမိ ကောင်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယခင်က သွားရောက်ရှာဖွေခဲ့သူများ ရှိသော်လည်း ယခုနောက်ပိုင်း သွားရောက်ရှာဖွေခြင်း မပြုဝံ့ကြတော့ပေ။

ညအချိန်သွားရောက်၍ ငါးပုစွန် ရှာဖွေသူများမှာ တစ်နည်းမဟုတ်တစ်နည်းဖြင့် ခြောက်လှန့်မှု ခံကြရသည်။ ကမ်းစပ်မှာ ဂေါ်ဖြင့် ပုစွန်ရှာဖွေသူတစ်ဦးဆိုလျှင် ဂေါ်ထိုးလာစဉ်က ဂေါ်ထဲ၌ ပုစွန်နှင့်ငါးများ တွေ့နေရသဖြင့် ဖော်ကြည့်လိုက်သောအခါ တစ်ကောင်မှ မရှိတော့ပေ။

ဂေါ်ပိုက်ပြဲနေသည်ထင်သဖြင့် ကြည့်တော့လည်း ဂေါ်ပိုက်မှာ အကောင်းအတိုင်းပင် ရှိသေးသည်ကို တွေ့ရသည်။

အခြားတစ်ယောက်မှာ ရှေ့မှ ဂေါ်ပိုက်ကို ထိုးပြီး ရသမျှ ပုစွန်ငါးများကို နောက်မှ လှေဝမ်းထဲသို့ ထည့်ကာ ရှေ့သို့ ဆက်ထိုးလေသည်။

လှေကြိုးကို ခါးမှာ ချည်ထားပြီး ဆွဲယူလာရာ တဖြည်းဖြည်းနှင့် လှေက လေးသည်ထက် လေးလာသဖြင့် မသင်္ကာသောကြောင့် နောက်သို့ လှည့်ကြည့်လိုက်ရာ အမွေးစုတ်ဖွားနှင့် မည်းမည်းတစ်ကောင်က လှေဝမ်းထဲမှာ ငုတ်တုတ်ထိုင်ကာ ပုစွန်ငါးများကို တကျိုးကျိုး တကျွတ်ကျွတ် မြည်အောင် ထိုင်စားလာသည်ကို တွေ့ရသဖြင့် ကြောက်လန့်ပြီး ထွက်ပြေးခဲ့ရလေသည်။

အချို့လည်း ရေလက်ကြားအတွင်းရှိ ဓနိတောအတွင်းမှာ လူများ ရောက်နေသည်။ သတင်းကြားသဖြင့် သွားရောက်ကြည့်ရှုကြသည်။ ထိုအတောအတွင်း၌ တဲများ ထိုးကာ လူအချို့ နေကြ





သည်ကို တွေ့ကြရသည်။

ထိုလူများမှာ ရပ်ဝေးမှ ရောက်လာကြဟန်ဖြင့် မျက်နှာစိမ်း ဧည့်သည်များပင် ဖြစ်တော့သည်။

ထို့ထက်ပို၍ထူးဆန်းသည်မှာ . . .

အချို့မှာ ရှေးခေတ်က ဝတ်ဆင်လေ့ရှိသော ရင်ဖုံးအင်္ကျီ၊ ရင်စေ့အင်္ကျီ၊ တောင်ရှည်ပုဆိုး၊ ဗလာထဘီတို့ကို ဝတ်ဆင်ထားသည်ကို တွေ့ကြရသည်။

ယခင်နှစ်များကလည်း ထိုကျွန်းပေါ်သို့ အခြားရပ်ဝေးမှ လူများ လာရောက်စတည်းချ နေထိုင်ကာ သားငါးရှာဖွေကြသည်။

နှစ်စဉ် မိုးကုန်စရာသီ ရောက်လာကြပြီး မိုးဦးကျရာသီ (မေလ)ရောက်မှ စခန်းသိမ်းကာ ပြန်သွားလေ့ရှိကြသည်။

ပင်လယ်ဝ အရပ်ဒေသများ ဖြစ်ကြသော ကဒုံ၊ ဇရော၊ သစ်ပြုတ်၊ ပျဉ်ခရိုင်၊ (ပြင်ခရိုင်)ဇီးချိုင့်၊ ဟိုင်းကြီးကျွန်း အစရှိသော ပင်လယ်ဝနှင့် နီးသောအရပ်များမှာ အခြားနေရာမှ လာရောက်ကာ ငါးပုစွန်ရှာကြသူတို့ စခန်းချရာနေရာများ ဖြစ်ခဲ့ကြသည်။

ယခုနှစ်လည်း မိုးဦးကျရာသီ ရောက်ဖို့ နှစ်လကျော်သုံးလ အချိန်ကျန်နေသေးရာ အခြားအရပ်ဒေသမှ လာရောက်နေထိုင်သူများဖြစ်သည်ဟု ထင်ကြသည်။

တစ်ခုထူးဆန်းသည်မှာ ၎င်းတို့ ဝတ်ဆင်သော အဝတ်အစားများနှင့် ပုံပန်းသဏ္ဌာန်တို့ပင် ဖြစ်တော့သည်။

တနေ့က ထိုနေရာသို့ ဟိုင်းကြီးကျွန်းရွာမှ ငါးရှာသော



www.burmeseclassic.com

ရွာသားသုံးယောက် ရောက်သွားကြသည်။

ငင်းတို့ သုံးယောက်မှာ ထွန်းဝင်း၊ စိန်သန်း၊ မြင့်ဆောင်တို့ သုံးယောက်ဖြစ်သည်။ သူတို့သုံးယောက် တကူးတက သွားရောက် ကြည့်ရှုသောအကြောင်းမှာလည်း အခြားမဟုတ်ပေ။

တလောက ထိုနေရာမှ ပြန်လာကြစဉ် ကမ်းစပ်တွင် ရေချိုး ဆင်းနေကြသော မိန်းမပျိုများကို တွေ့မြင်ခဲ့ရသောကြောင့် စုံစမ်း ရန်အတွက် လာခဲ့ကြခြင်းဖြစ်သည်။

"စိန်သန်း. . . သူတို့ဝတ်တဲ့အဝတ်တွေကလည်း တစ်မျိုးပါ လား၊ ဇာတ်ထဲက လူတွေ ဝတ်တဲ့အဝတ်အစားတွေနဲ့ တူလိုက်တာ"

"တလောက ဒီနေရာမှာ စက်လှေတစ်စင်း နစ်သွားတယ် လေ၊ အဲဒီစက်လှေပေါ်မှာ ဇာတ်သေတ္တာတွေ ပါသွားတော့ အဝတ် အစားထည့်တဲ့သေတ္တာတွေ သူတို့ ရလိုက်တာ နေမှာပေါ့"

စိန်သန်းက ပြောသည်။

တစ်ခုထူးသည်က တဲစုများ ဆောက်ထားသောနေရာ ရောက်သွားကြသောအခါ ထိုနေရာမှာ ရှိကြသောသူများမှာ သူတို့ ကို မြင်သော်လည်း ပြောဆိုနှုတ်ဆက်မှု မပြုကြဘဲ ကိုယ့်အလုပ်ကို သာ လုပ်နေကြသည်။

တစ်နေရာရောက်တော့ ခနိုကိုင်းများ သင်နေသော လူကြီး တစ်ယောက်ကို တွေ့သဖြင့် မြင့်ဆောင်က ဝင်မေးသည်။

သူတို့အနား ရောက်သော်လည်း ထိုလူကြီးက မော့မကြည့် ဘဲ ခနိုကိုင်းများကို သပ်မြသပ်ချနေသည်။





"ဘကြီးတို့က ဘယ်အရပ်က လာကြတာလဲ"

"ဟိုး. . . အထက်ပိုင်းက"

မော့မကြည့်ပဲ ပြန်ပြောသည်။

"ငါးပုစွန်ရှာဖို့ ရောက်လာကြတာလား"

"အင်း. . ."

ထိုသို့ မေးနေစဉ် တဲအတွင်းမှ မိန်းမပျိုတစ်ယောက် ထွက် လာသည်။

အသက်(၁၈)နှစ်ခန့်အရွယ်ရှိပြီး ချောမောသူတစ်ယောက် ဖြစ်သည်။

"အဘက နားသိပ်မကောင်းဘူး အစ်ကိုရဲ့"

ဟု အားနာသော အမူအရာဖြင့် ဝင်ပြောလေသည်။

"အစ်ကိုတို့က ဟိုင်းကြီးကျွန်းရွာထဲမှာ နေကြတာပါ၊ အလုပ်က ပြန်လာတိုင်း လှည့်ဝင်လာတာ"

ထွန်းဝင်းက အာသွက်လျှာသွက် ဝင်ပြောလိုက်သည်။

"ကျွန်မတို့က ဧည့်သည်တွေပါ၊ ဒီနယ်ဘက်မှာ အလုပ် အကိုင် ကောင်းတယ်ဆိုလို့ လာခဲ့ကြဟာပါ၊ အခုတော့ နေဖို့ထိုင်ဖို့ လုပ်နေကြသေးတယ်၊ ဒါထက် ဟိုင်းကြီးကျွန်းဘက်က မဝေးလှဘူး မဟုတ်လား"

"မဝေးလှပါဘူး ညီမရဲ့၊ ဒီကနေ လှေနဲ့ လာရင် ရောက်ပါ တယ်၊ လိုတဲ့ပစ္စည်းတွေ ဝယ်ချင်ရင် အဲဒီမှာ အလွယ်ရနိုင်ပါတယ်"

"တစ်ခေါက်မှ မရောက်ဖူးတော့ လာရမှာ ခပ်ကြောက်

www.burmeseclassic.com



ကြောက် ဖြစ်နေလို့ပါ”

“ဘာမှ ကြောက်စရာ မရှိဘူး၊ ငါ့ညီမတို့ လာရင် အစ်ကိုတို့ နာမည်မေးပြီးသာ လာခဲ့၊ လိုတဲ့အကူအညီ ရှိရင် အစ်ကိုတို့ လိုက် လုပ်ပေးမယ်၊ အစ်ကို့နာမည်က စိန်သန်းလို့ ခေါ်တယ်၊ သူတို့နှစ် ယောက်က မြင့်ဆောင်နဲ့ ထွန်းဝင်းလို့ ခေါ်တယ်”

မိန်းကလေးက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြသည်။

“ကျွန်မနာမည်က မာလာလို့ ခေါ်တယ်၊ မြေးအဘိုး နှစ် ယောက်ပဲ ရှိပါတယ်၊ အစ်ကိုတို့နဲ့ တွေ့ရတာ ဟန်ကျတာပဲ၊ မနက် ဖြန် ညနေပိုင်း ရောက်ရင် ကျွန်မတို့ မြေးအဘိုး လာခဲ့ပါမယ်”

“လာခဲ့ပါ. . . လာခဲ့ပါ၊ ရွာရောက်တော့မှ ညနေစာ စားကြ ပေ့၊ ချက်ထားလိုက်မယ်”

“အားနာစရာ အစ်ကိုရယ်”

“အို. . . ဘာမှ အားနာစရာ မရှိဘူး၊ ကိုယ့်ရွာရောက် တော့ ရွာခံတွေက ဧည့်ခံရမှာပေ့၊ မနက်ဖြန်ညနေ ရောက်တော့ သာ ဆက်ဆက်လာခဲ့ကြပါ”

ဟု ဝမ်းသာအားရ ပြောဆိုပြီး ပြန်ရန်ပြင်သောအခါ တစ် ချိန်လုံး ခေါင်းငုံ့ပြီး ဓနိကိုင်း သပ်နေသော အဘိုးကြီးက လှမ်းပြော သည်။

“ဧည့်သည်ကို ထမင်းကျွေးရင် ဟင်းကောင်းကောင်းချက် ထားမှ ဖြစ်မယ် မောင်ရေ”

“စိတ်ချ အဘ၊ ကြက်သား အမဲသားဟင်း ကောင်းကောင်း





ချက်ထားလိုက်ပါ့မယ်”

သုံးယောက်သား လမ်းရောက်ကာမှ သူ့အိမ်မှာ ချက်ကျွေး မည်၊ ငါ့အိမ်မှာ ချက်ကျွေးမည်ဟု ငြင်းခုန်ကြရသေးသည်။

နောက်တော့မှ စိန်သန်းအိမ်မှာ ချက်ကြရန် သဘောတူကြ သည်။

“မင်းအိမ်မှာ ချက်တယ်ဆိုပေမယ့် ငါတို့နှစ်ယောက်လည်း အတူလာစားမှာနော်”

“အေးပါကွာ. . . လာစားကြပါ”

ဟု ပြောဆိုတိုင်ပင်ကာ နောက်တစ်နေ့တွင် သုံးယောက် စလုံး အလုပ်မဆင်းကြတော့ပဲ ဧည့်သည်လာလျှင် ထမင်းကျွေးရန် အားကြိုးမာန်တက် ချက်ပြုတ်ကြလေသည်။

ညနေပိုင်းအချိန်လောက်တွင် မာလာတို့ မြေးအဘိုးနှစ် ယောက် ရောက်လာကြသဖြင့် အသင့်ချက်ထားသော ထမင်းဟင်း များကို ကျွေးကြသည်။

“အားနာစရာ အစ်ကိုရယ်”

“ဘာမှ အားနာစရာ မရှိဘူး၊ တကူးတက ချက်ထားတာ ဆိုတော့ ဝအောင်သာစားကြပါ”

ထမင်းဝိုင်းရောက်တော့ မိန်းကလေးက ရှက်ရွံ့နေဟန်ဖြင့် တို့ကနန်း ဆိတ်ကနန်းသာ စားသော်လည်း အတူပါလာသော အဘိုးဖြစ်သူကတော့ ခေါင်းမဖော်တမ်း စားလေတော့သည်။

သုံးယောက်စလုံးမှာလည်း ချောမောလှပသော မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်က သူတို့အိမ်မှာ တကူးတက လာရောက်ထမင်းစားသဖြင့် ဝမ်းသာပျော်ရွှင်နေကြကာ နံဘေးနားမှ လိုလေသေးမရှိအောင် လုပ်ကိုင်ပေးကြသည်။

မိန်းကလေးက အစားနည်းသလောက် အတူပါလာသော အဘိုးကြီးကတော့ အစားကောင်းလှသည်။

ထမင်းကို တစ်ပန်းကန်ပြီး တစ်ပန်းကန် ကုန်သလောက် ထည့်ပေးသမျှ ဟင်းပန်းကန်မှာလည်း ပြိုက်ခနဲ ကုန်သွားတတ်လေသည်။

"ဟင်းထည့်ပါဦး မောင်တို့ရဲ့"

ဟု ပြောသဖြင့် ထည့်ပေးရာ သူတို့သုံးယောက်အတွက်ပါ ရည်စူးပြီးချက်ထားသော အမဲသားတစ်ပိဿာနှင့် ကြက်တစ်ကောင် ချက်ထားသောဟင်းအိုးမှာ ပြောင်သွားတော့သည်။ ထို့ပြင် ဆန်တစ်ပြည်ချက်ထားသော ထမင်းအိုးမှာလည်း ချေးပင် မကျန်တော့ပေ။

ထိုအခါမှပင် အဘိုးကြီးက အဆီပြန်နေသော မျက်နှာကြီးဖြင့် မော့ကြည့်ကာ မေးသည်။

"ထမင်းဟင်းများ မကျန်တော့ဘူးလားကွယ့်"

"ဟို. . ဟို. . ချက်ထားတာ နည်းသွားလို့ ကုန်သွားပြီအဘ"

ထိုအခါ မိန်းကလေးက ဝင်ပြောသည်။

"အားနာစရာရှင်. . . ကျွန်မအဘိုးက အသက်ကြီးပေမယ့်





စားနိုင်သေးတယ်၊ ဆန်တစ်ပြည်ချက်နဲ့ ဝက်သားတစ်ပိဿာချက်လောက်တော့ ဟင်းမြည်းတာနဲ့တင် ကုန်သွားတတ်တယ်"

"ဟင်. . ."

ထမင်းစားပြီးချိန်မှာ အပြင်ဘက်မှာ မှောင်ရီသန်းလာချေပြီ။

"အခုလို ထမင်းခေါ်ကျွေးတာ ကျေးဇူးတင်ပါတယ် အစ်ကို။ ကျွန်မတို့ဆီကိုလည်း တစ်လှည့်လာပြီးစားကြပါဦး"

"ဟုတ်. . . ဟုတ်ကဲ့"

ထို့နောက် မြေးအဘိုးနှစ်ယောက် နှုတ်ဆက်ကာ ပြန်သွားကြတော့သည်။

ထိုအခါမှ သုံးယောက်သား အရိုးပင် မကျန်တော့သော ဟင်းပန်းကန်များကို ကြည့်ကာ တအံ့တဩ ပြောဆိုနေကြလေသည်။

"အဘိုးကြီး စားသွားတာ မြင်လိုက်ကြတယ် မဟုတ်လား"

"အေး. . . မြင်လိုက်တယ်၊ ကြက်ရိုး အမဲရိုးတွေကိုတောင် ပြန်ထွေးမထုတ်ဘဲ ဒီအတိုင်း ဝါးစားတာ မြင်လိုက်ရတယ်၊ ဒီအရွယ်ကြီးနဲ့ ဒီလိုဝါးစားနိုင်တာ ဟုတ်ကော ဟုတ်နိုင်ပါ့မလား"

"ငါမြင်တာတော့ လူတစ်ယောက် စားနေတာနဲ့ မတူဘူး သရဲသဘက် ဝင်နေတဲ့ လူတစ်ယောက် ထိုင်စားနေတာနဲ့ပဲ တူနေတော့တာပဲ၊ ဟိုတလောက လင်မယားနှစ်ယောက်လည်း အဲဒီနားသွားရင်းနဲ့ တစ်ယောက်သေသွားခဲ့တယ်၊ အဲဒီမှာ နေတဲ့လူတွေက



www.burmeseclassic.com

www.burmeseclassic.com



လူတွေမှ ဟုတ်ရဲ့လာကွာ”

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ထိုအဖြစ်အပျက်များမှာ ရေလက်ကြားတစ်ဝိုက်ရှိ မနိတောအတွင်းမှာ လာရောက်နေထိုင်ကြသည့်လူများနှင့် ပတ်သက်သော ထိတ်လန့်ဖွယ်ရာများပင် ဖြစ်တော့သည်။

မကြာသေးခင်အချိန်ကလည်း ထိုရွာဘက်မှ လူတစ်ယောက် ဟိုင်းကြီးကျွန်းဘက်သို့ ရောက်လာသည်။

အသက်အရွယ် ကြီးရင့်လှပြီး မကျန်းမမာ ဖြစ်နေဟန်ဖြင့် ကတုန်ကယင် ဖြစ်နေလေသည်။

သူသည် ကမ်းစပ်ပိုင်းမှာ ရှိသော အိမ်တစ်အိမ်သို့ ဝင်ရောက်ကာ အကူအညီတောင်းလေသည်။

“အဘက ဟိုဘက်ကမ်းမှာ နေတာပါ၊ နေမကောင်းလို့ ဆေးကုလာရင်းနဲ့ အဖော်တွေက ပြန်သွားကြလို့ ဒီမှာ တစ်ညလောက် တည်းပါရစေကွယ်”

ဟု အကူအညီတောင်းသဖြင့် အိမ်ရှင်လင်မယားကလည်း သနားသဖြင့် လက်ခံထားလိုက်သည်။

၎င်းတို့အိမ်၌ လူမမယ်အရွယ် ကလေးနှစ်ယောက်ရှိပြီး ယောကျ်ားကလေးက လေးနှစ်သား၊ အငယ်မိန်းကလေးက နှစ်နှစ်သမီးဖြစ်သည်။

ထိုညက ဧည့်သည်အဘိုးကြီးမှာ တစ်ညလုံး မအိပ်ဘဲ ငုတ်တုတ်ကြီး ထိုင်နေသည်ကို တွေ့ကြရသော်လည်း အမှုမဲ့ အမှတ်မဲ့





ဖြင့် အိပ်ကြလေသည်။

၎င်းတို့လင်မယား အိပ်သွားသောအခါ ငုတ်တုတ်ထိုင်နေသော အဘိုးကြီးက အနည်းငယ် လှုပ်ရှားလာသည်။

ငုတ်တုတ်ထိုင်နေရာမှ လက်တစ်ဖက်က အပြင်သို့ ရှည်ထွက်လာသည်။

လက်တံက တဖြည်းဖြည်း ရှည်ထွက်လာကာ အိပ်နေသော ကလေးတစ်ယောက်ကို သွားစမ်းလိုက်သည်။

“အား. . .”

ကလေးက အလန့်တကြား ထအော်လိုက်သောကြောင့် အဖေနှင့်အမေ လန့်နိုးလာရာ လက်တံရှည်ကြီးက ပြန်သိမ်းသွားပြီးနောက် ငုတ်တုတ်ထိုင်မြဲထိုင်နေသည်။

အဘိုးကြီး ငုတ်တုတ်ထိုင်နေသည်ကို မြင်သောအခါ မိန်းမလုပ်သူက လှမ်းမေးလိုက်သည်။

“အဘ မအိပ်သေးဘူးလား”

“နေမကောင်းတဲ့အရှိန်ကြောင့် အိပ်မရသေးလို့ပါကွယ်”

အိမ်ရှင်မိန်းမကလည်း အဟုတ်ထင်သဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပြန်အိပ်သွားတော့သည်။

စောစောက လန့်အော်သည့် ကလေးမှာလည်း ပြန်လည်အိပ်ပျော်သွားချေပြီ။

အားလုံးအိပ်ပျော်သွားကြသောအခါ အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေသော အဘိုးကြီးထံမှ ရှည်လျားသောလက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



က ထွက်လာပြီး အိပ်ပျော်နေသော အငယ်ကလေးကို စမ်းလိုက်ပြန်သည်။

"ဝါး. . ."

ကလေးက အလန့်တကြားဖြင့် လန့်အော်လိုက်ရာ အိမ်ရှင်ယောကျာ်းက နိုးလာပြီး မီးခွက်ထွန်းသည်။

"ဟဲ့. . . မညို ထစမ်းဟဲ့၊ ကလေး လန့်အော်လိုက်တာ စူးစူးဝါးဝါးနဲ့၊ ဘာဖြစ်တာလဲ မသိဘူး"

ထိုအခါ မိန်းမဖြစ်သူကပါ ထလာပြီး. . .

"စောစောကလည်း အကြီးကောင်လေး ထအော်သေးတယ်၊ ဘာဖြစ်ကြတာလဲ မသိဘူး"

ဟု ပြောသည်။

ထိုအခါ အဘိုးကြီးက လှမ်းပြောသည်။

"စိတ်မပူကြပါနဲ့ကွယ်. . . အိပ်မြဲတိုင်း အိပ်ကြပါ၊ အဘ တစ်ညလုံး စောင့်ပေးပါ့မယ်"

ဟု ပြောသဖြင့် အိမ်ရှင်လင်မယားနှစ်ယောက်တို့မှာ မောမောပန်းပန်းနှင့် ပြန်အိပ်ကြပြန်လေသည်။

ထိုအခါ အဘိုးကြီးမှာ ကလေးနှစ်ယောက်ကို လက်ဖြင့် မစမ်းတော့ဘဲ ကျပ်ခိုးစင်ပေါ်မှာ တင်ထားသော ငါးခြောက်များကို လှမ်းယူကာ ပါးစပ်ထဲ ထည့်လိုက်လေသည်။

သူ၏လက်တံရှည်ကြီးဖြင့် ဆုပ်ယူလိုက်သော ငါးခြောက်များမှာ အတော်များများ ပါလာပြီး ထိုငါးခြောက်များကို တစ်ခါ





တည်း ပါးစပ်တွင်းသို့ ထိုးထည့်လိုက်ရာ ပါးစပ်ပေါက်ကလည်း အကျယ်ကြီး ဖြစ်သွားလေသည်။

အဘိုးကြီး အယောင်ဆောင်ထားသော သဘက်ကြီးမှာ ကျပ်စင်ပေါ်မှ ငါးခြောက်များကို အတော်များများ ယူစားပြီးနောက် ခွေခွေကလေး လှဲအိပ်သွားတော့သည်။

မနက်မိုးလင်း၍ မိန်းမဖြစ်သူက ထမင်းထချက်သောအခါ ကျပ်စင်ပေါ်မှ ငါးခြောက်များ သိသိသာသာ လျော့နည်းနေသည်ကို သတိပြုမိသွားသည်။

"ကိုဘိုးမြ. . . ဒီကျပ်စင်ပေါ်မှာ ငါးခြောက်တွေ လျော့နေပါလား. . . ဘယ်ရောက်ကုန်ပြီလဲ"

"ငါလည်း ဘယ်သိပါ့မလဲ၊ ကြွက်တွေကြောင်တွေ ဝင်စားသွားလို့ ဖြစ်မှာပေါ့"

"ကြောင်တွေကြွက်တွေ စားရုံနဲ့တော့ ဒီလောက်မကုန်ပါဘူး၊ ဒီမှာလည်း လာကြည့်ပါဦး၊ ကျပ်စင်တစ်ဝက် လျော့နေတာတော့. . ."

ဟု ပြောသဖြင့် ကိုဘိုးမြက ထသွားပြီး ကြည့်သည်။

"အေး. . . ဟုတ်ပါရဲ့၊ ညက သူခိုးများ ဝင်ယူသွားသလား၊ ငါတို့ရွာမှာလည်း ဒီလို ခိုးတတ်တဲ့လူ မရှိပါဘူး"

ဟု ပြောဆိုနေကြသည်။

ဇင်းတို့ လင်မယား အလုပ်ဆင်းကြရင်း အချိန်နီးသည်အထိ ဧည့်သည်အဘိုးကြီးမှာ အိပ်ရာမှ မထသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုလုပ်မလဲ ကိုဘိုးမြ”

“တစ်ညလုံး ငုတ်တုတ်ထိုင်နေပြီး အခုမှ အိပ်ပျော်သွားတာ ဖြစ်လိမ့်မယ်၊ အိပ်ပါစေကွာ. . . နှိုးမနေပါနဲ့တော့၊ သူနိုးလာမှပဲ သူ့ဖာသာ ပြန်သွားလိမ့်မယ်”

ဟု ပေါ့ပေါ့တန်တန် ပြောဆိုကာ လင်မယားနှစ်ယောက် ပိုက်ချရန် သောင်စပ်သို့ ဆင်းသွားကြလေသည်။

ထုံးစံအတိုင်း ကလေးနှစ်ယောက်က အိမ်မှာ ကျန်ခဲ့ကြလေသည်။ အတန်ကြာသောအခါ ခွေခွေကလေး အိပ်နေသော အဘိုးကြီးမှာ မျက်လုံးပွင့်လာသည်။

ပတ်ဝန်းကျင်ကို အခြေအနေ ကြည့်ပြီး ဘယ်သူမှ မရှိသော အခါ ကလေးနှစ်ယောက်ကို သူ့အနား လာရန် လက်ယပ်ခေါ် လိုက်သည်။

ထိုအခါ အကြီးကောင်လေးက အနားလာရပ်သည်။

“မင်းက ဟိုးဝေးဝေးမှာ သွားဆော့နေ”

ဟု ပြောသဖြင့် အကြီးကောင်လေးက အပြင်ထွက်သွားသည်။ အငယ်ကလေးမှာ လမ်းလျှောက်တတ်ကာစ အရွယ်ပင် ရှိသေးသည်။

အဘိုးကြီးက ထိုကလေးကို သူ့အနားလာရန် လှမ်းခေါ်ရာ ကလေးက အနားရောက်အောင် လျှောက်လာသည်။

အနားရောက်သည်နှင့် ကလေးကို ပွေ့ထားလိုက်သည်။ ကလေးကတော့ သူ့ကို ချော့မြူနေသည်အထင်နှင့် ပြုံးရယ်





နေသည်။

အတန်ကြာသောအခါ အဘိုးကြီးအယောင်ဆောင်ထားသော သဘက်ကြီးက ကလေးလည်ပင်းကို ဆုပ်ကိုင်လိုက်သည်။

“ဝါး. . .”

ကလေးက စူးစူးဝါးဝါး ထငိုလိုက်ရာ အလုပ်ဆင်းရန် ထွက်လာသော လူနှစ်ယောက်က ဝင်ကြည့်သည်။

“ဒီအိမ်က ကလေး ဘာဖြစ်နေတာလဲ”

ထိုလူနှစ်ယောက် ဝင်လာတော့ သဘက်ကြီးက ကလေးကို ပြန်လွှတ်ပေးလိုက်သည်။

ကလေးက တဝါးဝါးနှင့် ငိုမြဲငိုနေသည်။

“သူ့မိဘတွေ အလုပ်သွားကြပြီ ထင်တယ်၊ ကလေးကို နို့ တိုက်ပေးဖို့ အိမ်ဘေးက မိတုတ်ကို လှမ်းခေါ်လိုက်စမ်းကွာ”

ခါတိုင်းလည်း ကလေးနှစ်ယောက်ကို အိမ်နီးပါးချင်းများက ကြုံကြိုက်တဲ့လူက ဝင်ကြည့်ပေးနေကျဖြစ်သည်။

မိတုတ်ဆိုသော မိန်းမရောက်လာပြီး နို့တိုက်သော်လည်း ကလေးက အငိုမတိတ်ပဲ ကြောက်လန့်တကြား အော်ငိုနေရင်းမှ တက်သွားလေတော့သည်။

ထိုအခါ လူတစ်ယောက်က ဆရာကြီး ဦးပန်ကောင်းကို သွားခေါ်ရလေသည်။

အိမ်မှာ ကျန်ခဲ့သော နှစ်ယောက်ကလည်း တက်နေသည့် ကလေးကို ပြုစုပေးနေရသဖြင့် နောက်ဘက်မှာ ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးကို သတိမပြုမိကြပေ။

ဦးဗန်ကောင်း ရောက်လာသောအခါ လူယောင်ဆောင်ထားသည့် သဘက်ကြီးမှာ ဘယ်အချိန်က ပျောက်သွားသည် မသိပေ။ အိမ်ပေါ်၌ မရှိတော့ပေ။





## အခန်း(၅)

# မြသင်းကြူနှင့် တွေ့ရခြင်း

ဟိုင်းကြီးကျွန်း တည်ရှိသောနေရာမှာ နဂါးရာဇ်အငူစွန်းနှင့် ပြင်ခရိုင်အငူစွန်းကြား ပုသိမ်မြစ်ဝ၌ တည်ရှိလေသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းတစ်လျှောက် တံတိုင်းကြီးသဖွယ် ကာရံထားသော အနောက်ရိုးမတောင်တန်းကြီးကို အတန်းလိုက် လှမ်းမြင်နိုင်သည်။

မြောက်ဘက်မှ ပုသိမ်မြစ်အတိုင်း စုန်ဆင်းလာပါက အလယ်တွင် သုံးပိုင်းပြတ်နေသည့် ငှက်ကျကျွန်းကို အရင်တွေ့ရ

www.burmeseclassic.com



သည်။

ငှက်ကျကျွန်း လွန်သည်နှင့် ရေပြင်ပေါ်မှာ တောင်ပို့တစ်ခု မှောပါနေသကဲ့သို့ ရှိသော ဟိုင်းကြီးကျွန်းကို အဝေးမှ လှမ်းမြင်နိုင်ပေသည်။

အချို့ကတော့ အဝေးမှ ကြည့်လျှင် 'ဟိုင်းဆင်တစ်ကောင်' ဝပ်နေသည်နှင့် ပုံသဏ္ဍာန်တူသောကြောင့် ဟိုင်းကြီးကျွန်းဟု ခေါ်ကြကြောင်း. . .၊

အချို့ကလည်း ရှေးအခါက ထိုကျွန်းပေါ်တွင် ဟိုင်းဆင်အယဉ်တစ်ကောင်နှင့် သူ့သခင်တို့ နေကြကြောင်း၊ ထိုဟိုင်းဆင်ကြီးက လိမ္မာသဖြင့် ကျွန်းပေါ်နေသူများ၏အလုပ်ကိစ္စများကို ကူညီ၍ လုပ်ကိုင်ပေးခဲ့သောကြောင့် ဟိုင်းကြီးကျွန်းဟု ခေါ်ဆိုခဲ့ကြောင်း အမျိုးမျိုး အယူအဆ ရှိခဲ့ကြသည်။

မည်သို့ပင်ရှိစေ. . .

ဟိုင်းကြီးကျွန်းဟု အမည်တွင်နေသော ကျွန်းကြီးကို အဝေးမှ ကြည့်ပါက ဟိုင်းဆင်တစ်ကောင်နှင့် မတူဘဲ မိကျောင်းကြီးတစ်ကောင် ရေပြင်ပေါ်မှာ ခပ်ရေးရေး ပေါ်နေသည်နှင့် ပုံသဏ္ဍာန်တူပေသည်။

ဟိုင်းကြီးကျွန်းမှာ နယ်ချဲ့များနှင့် ပတ်သက်လျှင်တော့ ခိုင်မာသော မှတ်တမ်းများ ရှိခဲ့ပေသည်။

နယ်ချဲ့ရာတွင် လာဘ်မြင်လှသော အင်္ဂလိပ်တို့သည် ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ဟိုင်းကြီးကျွန်းပေါ်သို့





ခြေကုပ်ယူကာ လာရောက်နေထိုင်ခဲ့ကြသည်။

(၁၆၈၇)ခု၊ မြန်မာသက္ကရာဇ်(၁၀၄၈)ခုနှစ်လောက်ကတည်းက ဝင်ရောက်နေထိုင်ခဲ့ကြသည်။

မြန်မာတို့က ဟိုင်းကြီးကျွန်းအား ပင်လယ်ပြင် ထွက်၍ သားငါးရှာဖွေရာတွင် မိုးလေခိုရာ စခန်းထောက်တစ်ခုလောက်သာ အသုံးပြုခဲ့သော်လည်း စစ်ရေးအမြင် ကြွယ်ဝသော အင်္ဂလိပ်တို့ကမူ စစ်ပွဲများ ဖြစ်ပွားလာပါက အခြေစိုက် စခန်းတစ်ခုအဖြစ် အသုံးပြုရန် ကြိုတင်ပြင်ဆင်ထားခဲ့ပေသည်။

မြန်မာသက္ကရာဇ်(၁၁၀၄)ခုနှစ်တွင် သံလျင်၌ မွန်နှင့် မြန်မာတို့ တိုက်ခိုက်မှုများ ဖြစ်ပွားစဉ်ကပင် အင်္ဂလိပ်တို့က ဟိုင်းကြီးကျွန်းသို့ ရွှေ့ပြောင်းကာ ခံတပ်သဖွယ် ပြင်ဆင်ကာ နေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတော်အတွင်း အစိပ်စိပ်အမြွာမြွာ ပြိုကွဲပျက်စီးနေမှုများအား အလောင်းမင်းတရားကြီး လက်ထက်တော်တွင် ပြန်လည်စုစည်း၍ တည်ထောင်နိုင်ခဲ့ပေသည်။

အလောင်းမင်းတရားကြီး မြန်အောင်မြို့၌ စံမြန်းနေစဉ် ဟိုင်းကြီးကျွန်း၌ ရှိသော အင်္ဂလိပ်တို့အား အခေါ်လွှတ်ကာ တွေ့ဆုံလေသည်။

ခရစ်သက္ကရာဇ်(၁၇၅၇)ခု၊ မြန်မာသက္ကရာဇ်(၁၁၁၈) ခုနှစ်တွင် အင်္ဂလိပ်တို့က အခွင့်တောင်းသဖြင့် အလောင်းမင်းတရားကြီးက ဟိုင်းကြီးကျွန်းပေါ်၌ ခံတပ်များ ဆောက်လုပ်ခွင့်ပေးခဲ့သည်။

ထိုအချက်ကပင် အင်္ဂလိပ်တို့ကို အခွင့်အရေး ပေးသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရှိစေတော့သည်။

ခရစ်နှစ်(၁၇၅၉)ခုနှစ်၊ မြန်မာသက္ကရာဇ်(၁၁၂၀)ခုနှစ်တွင် ပုန်ကန်ထကြွသော မွန်တို့ဘက်မှ အင်္ဂလိပ်တို့က နောက်ကွယ်မှနေ၍ လက်နက်များ ပံ့ပိုးပေးခြင်း၊ အကူအညီပေးခြင်းများ ပြုလုပ်ကာ သွေးခွဲခဲ့ပေသည်။

ထိုအကြောင်းကို အလောင်းမင်းတရားကြီး သိတော်မူသောအခါ အမျက်တော် ရှိပြီးလျှင် ရဲမက်များကို စေလွှတ်၍ အင်္ဂလိပ်များကို သတ်ကာ လက်နက်ခဲယမ်းများကို သိမ်းယူစေသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံ၍ သားတော် နောင်တော်ကြီးမင်းတရား နန်းတက်ပြီး ၎င်းလက်ထက် ခရစ်နှစ်(၁၇၆၀)ခုနှစ်၊ မြန်မာသက္ကရာဇ်(၁၁၂၂)ခုနှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီက ကပ္ပတိန်အာလ်ဗိုဇ်<Captain Alves>ကို လက်ဆောင်ပဏ္ဏာများနှင့် စေလွှတ်၍ ဟိုင်းကြီးကျွန်း၌ အင်္ဂလိပ်တို့ အသတ်ခံခဲ့ရသောကိစ္စအား လျော်ကြေးတောင်းလေသည်။

နောင်တော်ကြီးမင်းတရားက မပေးပေ။

ခမည်းတော် အလောင်းမင်းတရား ရှိစဉ်က စစ်ဗိုလ်ကလေးလက်စတာနှင့် ချုပ်ဆိုခဲ့သော စာချုပ်ပါအချက်များကို အသိအမှတ်မပြုတော့ပေ။

သို့သော်လည်း မြန်မာတို့ ဖမ်းဆီးချုပ်နှောင်ထားသော အင်္ဂလိပ်တို့၏ကျေးကျွန်တို့ကိုမူ လွှတ်ပေးခဲ့လေသည်။

အထက်ပါအချက်များက ရှေးနှစ်ပေါင်းများစွာကတည်းက





အင်္ဂလိပ်နယ်ချဲ့တို့သည် ဟိုင်းကြီးကျွန်းအား ရရှိစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့မှုများပင်ဖြစ်၏။

ပုသိမ်ဘက်မှ ဆင်းလာပါက သဘာဝက ပိုင်းဖြတ်ထားသဖြင့် သုံးပိုင်းပြတ်နေသော ငှက်ကျကျွန်းတန်းရှည်ကြီးကို လွန်သည်နှင့် ဟိုင်းကြီးကျွန်းကို လှမ်းမြင်ရသည်။

ထို့ထက် တောင်ကုန်းပေါ်မှာ တည်ထားသော ကျိုက်တီစေတီတော်ကို ကောင်းစွာဖူးတွေ့နိုင်သည်။

အဘယ်ကြောင့်ဆိုသော် စေတီတော်၌ ကပ်ထားသော မှန်သင်္ကန်းဟု ခေါ်သည့် မှန်ပြားများကြောင့် ဖြစ်သည်။

အခြားစေတီများကဲ့သို့ ထီးသင်္ကန်း၊ ရွှေသင်္ကန်းများ မကပ်ဘဲ မှန်သင်္ကန်း ကပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အကြောင်းနှစ်ချက်ရှိသည်။

တစ်ချက်က မှန်သင်္ကန်းဖြစ်သောကြောင့် လေဒဏ်မိုးဒဏ်ခံနိုင်ပြီး နောက်တစ်ချက်က မှန်ချပ်များက ထွက်လာသည့် အလင်းရောင်များကို ပင်လယ်တွင်း အတော်ဝေးဝေးနေရာမှ လှမ်းမြင်နိုင်သဖြင့် မီးပြတိုက်သဖွယ် ဖြစ်စေသောကြောင့်ဖြစ်သည်။

ရှေ့အခန်းများတွင် ရေးသားဖော်ပြခဲ့သည့် ကျိုက်တီစေတီတော်မှာ ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်ကြောင်း ဌာပနာတိုက်အတွင်းမှ တွေ့ရသော ကြေးပြားချပ်ကြီးပေါ်မှ မှတ်တမ်းများအရ သိနိုင်ပေသည်။

ရှမ်းဘုန်းကြီးတစ်ပါး ရောက်လာပြီး ထိုတောင်ကုန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အမိဌာန်ဝင်ခဲ့ရာမှ သီရိမဂ္ဂလာသောကမင်းကြီး၏ကောင်းမှုတော်ဖြစ်သည့် စေတီဟောင်း ရှိကြောင်း သိကြရသည်။

ထို့နောက်တွင် စေတီဟောင်း ရှိသောနေရာတွင် ပေါက်နေသော သစ်ပင်ကြီးကို ခုတ်ထွင်ဖယ်ရှားပြီးနောက် ဓါတ်တော်များကို တွေ့ရပြီး ထိုနေရာမှာပင် စေတီတစ်ဆူ ထပ်မံတည်ကြလေသည်။

ဓါတ်တော်များနှင့် ကြေးပြားချပ်ကြီးများကို ဌာပနာထည့်ကာ စေတီတော်၏ဘွဲ့အမည်ကို ကျိုက်တီစေတီတော်ဟု ဘွဲ့အမည်ပေးခဲ့ကြသည်။

ထိုစေတီတော်နှင့် မနီးမဝေးမှာ ပြိုပျက်နေသည့် စေတီဟောင်းတစ်ဆူလည်း ရှိသေး၏။

ထိုစေတီဟောင်းမှာလည်း ရှေးဟောင်းစေတီတစ်ဆူဖြစ်ကြောင်း သိကြရသည်။

ကျိုက်တီစေတီတော် ရှိသော တောင်ကုန်းမှာ (၃၆၁)ပေခန့် အမြင့်ရှိသည်။

တောင်ခြေ၌ ရှေးဟောင်းပုံစံဖြင့် ဆောက်လုပ်ထားသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိသည်။

ပင်လယ်ဘက်သို့ မျက်နှာမူထားသော တောင်ကုန်းစောင်းတစ်နေရာတွင် အုတ်တိုက်ဖြင့် ဆောက်လုပ်ထားသော နတ်ကွန်းစင်တစ်စင် ရှိလေသည်။

တောင်ပိုင် နတ်ကွန်းစင်ပင်ဖြစ်သည်။

ထိုနေရာနှင့် အတန်ငယ် နိမ့်သော တောင်စောင်းတစ်နေ





ရာမှာတော့ နောက်ထပ် အုတ်တိုက်ငယ်တစ်လုံး ရှိသေး၏။

ထိုအုတ်တိုက်အတွင်းမှာ သာသနာတော်(၂၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျောက်စာတစ်ချပ် ထည့်သွင်းထားသည်။

တောင်ခြေမှာတော့ လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်တစ်တိုင် စိုက်ထူထားသည်။

ထိုအရာများကို ဟိုင်းကြီးကျွန်း၌ မှီတင်းနေထိုင်ကြသူများမှာ သာသနာရေး ဘာသာရေးအပြင် တိုင်းပြည်နှင့် သက်ဆိုင်သော ထူးခြားမှုများကို အလေးထားကြဟန်ရှိပေသည်။

ထိုတောင်ကုန်းပေါ်မှ လှမ်းကြည့်လျှင် မျက်စိတစ်ဆုံး လှမ်းမြင်နေရသော ပင်လယ်ပြင်ကြီးကိုသော်လည်းကောင်း၊ အုန်းတောများဖြင့် စိမ်းညို့နေသော ဟိုင်းကြီးကျွန်းရွာကို အပေါ်စီးမှ လှမ်းမြင်နိုင်ပေသည်။

နီမောင်သည် ပင်လယ်မထွက်သောရက်ဆိုလျှင် ဘုရားရှိရာ တောင်ကုန်းဘက်သို့ အမြဲရောက်လေ့ရှိသည်။

သူသည် တောင်ခြေသို့ ရောက်သည်နှင့် တောင်ခြေ၌ ရှိသော ဘုန်းကြီးကျောင်းသို့ ဝင်ကာ ဝေယျာဝစ္စများ ပြုလုပ်ပေးလေ့ရှိသည်။

ရေခပ်ပေးခြင်း၊ ထင်းခြောက်ရှာပေးခြင်း၊ ကျောင်းအတွင်းအပြင် တံမြက်စည်းလှဲခြင်း စသည်တို့ကို ပြုလုပ်ပေးသည်။ ထိုကျောင်း၌ အသက်ခြောက်ဆယ်အရွယ်ခန့်ရှိသော မြန်မာဘုန်းတော်ကြီးတစ်ပါး သီတင်းသုံး နေထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး၏ဘွဲ့အမည်မှာ ဦးပညာဖြစ်သည်။

ကျောင်း၌ ကိုရင်နှင့် ကျောင်းသားမရှိပဲ အသက်အရွယ်ကြီးလှပြီဖြစ်သော ကပ္ပိယကြီး ဦးသာမြိုင်တစ်ယောက်သာ ရှိလေသည်။

တစ်ရွာလုံး လက်လုပ်လက်စား များသဖြင့် ကလေးများကို ကျောင်းပို့လေ့ မရှိကြပဲ တတ်နိုင်သောအလုပ်များကို ခိုင်းစေကြရသည်။

နောက်ဆုံး ဘာအလုပ်မှ မလုပ်နိုင်လျှင်သော်မှ လေးခွတစ်လက်ဖြင့် ငှါးခြောက်၊ ပုစွန်ခြောက် လှမ်းထားသောစင်များကို စောင့်ကြရသည်။

နီမောင်မှာ လူလွတ်တစ်ယောက် ဖြစ်သဖြင့် အလုပ်နားသည်နှင့် ကျောင်းသို့ ရောက်လာကာ ဝေယျာဝစ္စ ပြုလုပ်ပေးသည်။

ပြီးလျှင် ဘုရားကုန်းတော်ပေါ် တက်ကာ တစ်နေကုန် နေပြီးမှ ပြန်ဆင်းသွားလေ့ရှိသည်။

ဘုန်းကြီး ဦးပညာမှာ အဂ္ဂိရတ်ထိုးခြင်းကို ဝါသနာပါသဖြင့် ကျောင်းအနောက်ဘက်တွင် ဖိုခန်းပြုလုပ်ထားပြီး အချိန်ရှိသရွေ့ ဖိုထိုးနေလေ့ရှိသည်။

ယခုလည်း နီမောင် ကျောင်းရောက်လာသောအခါ ကပ္ပိယကြီးဦးသာမြိုင်က ခေါ်၍ ထမင်းငှက်ပျောသီးများကို ကျွေးပြီးနောက် ဝင်းလက်တောက်ပြောင်နေသည့် အလုံးကလေးတစ်လုံးကို ပေးလေသည်။





"ဒါ ဘာလုံးလေးလဲ ကပ္ပိယကြီး"

"ဘုန်းကြီးက မင်းအတွက် ထိုးပေးတဲ့ ဓါတ်လုံးပဲ၊ ဘာဓါတ်လုံးလဲတော့ ငါမသိဘူး၊ အန္တရာယ်ကင်းအောင် ကိုယ်နဲ့မကွာဆောင်ထားပေါ့ကွာ"

ဟု ပြောသဖြင့် အဝတ်စကလေးနှင့် ထုပ်ကာ အင်္ကျီအိတ်အတွင်း ထည့်ထားလိုက်သည်။

"မင်း ဘုရားကုန်းတော်ပေါ် သွားမလို့ မဟုတ်လား"

"ဟုတ်တယ်. . . ဘာမှာမလို့လဲ"

"ဘာမှတော့ မှာစရာ မရှိပါဘူး၊ ဘုရားပန်းအိုးမှာ ပန်းတွေမရှိရင် တောပန်းတောင်ပန်းလေးတွေ ရှာပြီးထိုးထားခဲ့ကွာ၊ နောက်ပြီး မင်းလည်း ဘုရားကုန်းတော်ပေါ်မှာ မိုးချုပ်နေဝင် မနေနဲ့ကွ"

"ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

"အခုတလော ငါတို့ကျွန်းပေါ်မှာ တခြားက ရွှေ့ပြောင်းလာကြတဲ့ ပရလောကသားတွေ အများကြီးပဲလို့ ဘုန်းကြီးက ပြောတယ်၊ မနေ့က အရုဏ်တက်ချိန် ဘုန်းကြီး ဘုရားကုန်းတော်ပေါ် တက်သွားတော့ တံမြက်စည်းလှဲနေတဲ့ မိန်းကလေးတစ်ယောက်တွေ့ရတယ်လို့ ငါ့ကို ပြောတယ်"

နီမောင်က ခေါင်းညိတ်ပြပြီး ဘုရားကုန်းတော်ပေါ် တက်လာခဲ့လေသည်။

ဘုရားကုန်းတော်ပေါ်မှာ ပေသုံးရာကျော်ခန့်သာ မြင့်သောကြောင့် သိပ်ကြာကြာမတက်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



နီမောင် တက်လာသောအချိန်မှာ မွန်းလွဲပိုင်းအချိန်ဖြစ်သော်လည်း မိုးအုံ့နေသဖြင့် နေရောင်ခြည်ကို မတွေ့ရပေ။

ကုန်းတော်ပေါ် ရောက်ကာနီးသောအခါ သင်းပျံ့သော ပန်းရနံ့အချို့ကို ရလေသည်။

ရင်ပြင်တော်ပေါ်သို့ ရောက်သောအခါ ဘုရားပန်းလဲနေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

အမျိုးသမီးက သူရှိရာဘက်သို့ ကျောခိုင်းကာ ဘုရားပန်းလဲနေလေသည်။

ဆံပင်ကို တစ်ပတ်လျှိုထုံး၍ ကျောဘက်သို့ ချထားသည်။

ရင်ဖုံးအင်္ကျီနှင့် ထဘီကို ဝတ်ဆင်ထားပြီး အသက်(၁၈)နှစ်အရွယ်ခန့်ရှိသည်။

နီမောင်မှာ ထိုအမျိုးသမီးကို လှမ်းမြင်လိုက်ရသဖြင့် ကပ္ပိယ မှာလိုက်သောစကားများကို သတိရပြီးနောက် အပေါ်သို့ ဆက်တက်သင့် မတက်သင့် ချီတုံချတုံဖြစ်ကာ ရပ်နေလေသည်။

ထိုအခါ အမျိုးသမီးက ဘုရားပန်းများ လဲပြီးသွားဟန်နှင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ထို့နောက် တစ်ချက်ပြုံးပြသည်။

"ဘုရားဖူးမလို့လား. . . လာလေ အစ်ကို"

ဟု လှမ်းခေါ်သဖြင့် ကုန်းတော်ပေါ် ရောက်အောင် တက်သွားလေသည်။

"အစ်ကိုက ဒီရွာကလား"





"ဟုတ်ပါတယ်. . . ကျွန်တော်က ဘုရားပေါ် တက်ပြီး ဝေယျာဝစ္စ လုပ်ပေးနေကျပါ"

"ကောင်းတာပေါ့ရှင်. . . ကျွန်မတောင် ရောက်တုန်း ရောက်ခိုက် ဘုရားပန်းတွေ လဲပေးနေတာ"

မိန်းကလေးက ဖော်ဖော်ရွေရွေ ပြောဆိုနေသောကြောင့် နီမောင်လည်း စိတ်သက်သာရာ ရသွားလေသည်။

"ဒါထက် ဘယ်ရွာကလဲဟင်"

"ကျွန်မတို့က အခုမှ ပြောင်းလာတဲ့ လူသစ်တွေပါ။ ကျွန်း အနောက်ဘက်မှာ နေကြတယ်"

ဟိုင်းကြီးကျွန်း အနောက်ဘက်ခြမ်း ပင်လယ်ဘက်သို့ မျက်နှာမူထားသည့်နေရာဘက်တွင် လမုတော ဓနိတောများသာ ရှိပြီး လူမနေသောနေရာများစွာရှိသည်။

"အစ်ကိုကရော ဒီရွာကပဲလား"

"ဟုတ်ပါတယ်. . . ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါ တယ်"

"ကျွန်မနာမည်က မြသင်းကြူလို့ ခေါ်ပါတယ်၊ ဒါထက် အစ်ကို့ကို တစ်နေရာမှာ မြင်ဖူးသလိုပဲ"

"ဘယ်နေရာမှာများ မြင်ဖူးတာပါလိမ့်"

မြသင်းကြူဆိုသော မိန်းကလေးက တစ်ချက်စဉ်းစားနေပြီး ပြုံးလိုက်သည်။

"ကျွန်မမှတ်မိပြီ၊ ဇာတ်အဖွဲ့တွေ လျှေနစ်တုန်းက အစ်ကိုတို့



www.burmeseclassic.com

www.burmeseclassic.com



လာပြီးအကူအညီပေးကြသေးတယ် မဟုတ်လား၊ အဲဒီတုန်းက မြင်ဖူးလိုက်တာ”

“ဒါထက် ရေလက်ကြားထဲမှာလည်း လူသစ်တွေ ရောက်နေတယ်လို့ သတင်းကြားရတယ်. . . အတူတူပဲလားဟင်”

“မတူပါဘူး. . . သူတို့က သပ်သပ်နေကြတာပါ”

“အေးဗျာ. . . အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့က ရွာခံတွေဆိုတော့ လိုတဲ့အကူအညီ ရှိရင်လည်း ပြောပါ။ ကဲ. . . ကျွန်တော် ဘုရားကုန်းတော်ပေါ်မှာ သန့်ရှင်းရေး လုပ်လိုက်ဦးမယ်”

မြသင်းကြူက ခေါင်းညိတ်ပြသဖြင့် နီမောင်က ဘုရားပတ်ဝန်းကျင်တစ်ဝိုက်သို့ သန့်ရှင်းရေး လိုက်လုပ်နေသည်။

သို့သော်လည်း စိတ်က မဖြောင့်လှပေ။

မြသင်းကြူဆိုသော မိန်းကလေး ရှိရာသို့ စိတ်က ရောက်နေသည်။

မြသင်းကြူကတော့ တစ်နေရာမှာ ထိုင်ပြီး ဘုရားရှိခိုးနေလေသည်။ နီမောင်က သူမကို အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် အခြားနေရာသို့ သွားလုပ်နေပြီး အတန်ကြာမှ ထိုနေရာသို့ ပြန်လာကြည့်သောအခါ မြသင်းကြူကို ရင်ပြင်တော်ပေါ်မှာ မတွေ့ရတော့ပေ။

ရင်ပြင်တော်တစ်ဝိုက်ကို လိုက်ကြည့်သော်လည်း မတွေ့ရတော့မှ အောက်သို့ ဆင်းသောလမ်းသို့ လှမ်းကြည့်လိုက်ရာ





တဘက်ကလေးကို ပခုံးပေါ် တင်လျက် အောက်သို့ ဆင်းသွားသော မြသင်းကြူ ကျောပြင်ကိုသာ တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၆)

# မွေးဒိနှင့် ဘဝဆက် ရှိသောလူ

**နေ့**စဉ်ဆိုသလိုပင် ဘုန်းကြီး ဦးပညာသည် နံနက်ပိုင်း အရုဏ်တက်ချိန် ရောက်လာသည်နှင့် ဘုရားရင်ပြင်တော်ပေါ်သို့ တက်ကာ ဘုရားဝတ်ပြုလေ့ရှိသည်။

ယခင်က ထူးခြားမှု မတွေ့ရသော်လည်း ယခုနောက်ပိုင်းမှာတော့ ထူးခြားမှုများကို တွေ့လာရသည်။

တခြားမဟုတ်ပေ။

ဘုရားရင်ပြင်တော်ပေါ်တွင် သူစိမ်းများကို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရခြင်းဖြစ်သည်။

တစ်ခါတစ်ရံ မိန်းကလေးတစ်ယောက်တည်းသာ တွေ့ရပြီး တစ်ခါတစ်လေမှာတော့ အခြားအဖော်များနှင့် တွေ့ရသည်။

၎င်းတို့ ဘုရားသို့ လာသောအချိန်မှာ အရုဏ်တက်ချိန်နှင့် ညနေစောင်းအချိန်ဖြစ်သည်။

သို့သော်လည်း ဘုန်းကြီး ဦးပညာမှာ သိဒ္ဓိရှိသော ဓါတ်လုံး ရရှိထားပြီး ဖြစ်သောကြောင့် မည်သည့်အရာကိုမှ ကြောက်ရွံ့မှု မရှိပေ။

ယခုလည်း ဝတ္တရားမပျက် အရုဏ်တက်စအချိန်တွင် ဘုရားရင်ပြင်တော်ပေါ် တက်သွားတော့ မိန်းကလေးတစ်ယောက် ဘုရားရှိခိုးနေသည်ကို တွေ့ရသည်။

ဦးပညာ တက်လာသည်ကို မြင်တော့ မိန်းကလေးက နေရာမှ ထလာလေသည်။

ဘုန်းကြီးရှေ့ရောက်တော့ လက်အုပ်ချီ၍ပြောသည်။

"အရှင်ဘုရား ဒီတောင်မှာ သီတင်းသုံးရတာ အနှောင့်အယှက် ကင်းပါရဲ့လား ဘုရား"

"တောင်ပိုင်ကြီးရဲ့အကူအညီပေးမှုကြောင့် အန္တရာယ်ကင်းပါတယ်၊ ဒါထက် ဘယ်က လာတာလဲ"

"တပည့်တော်တို့က ဧည့်သည်တွေပါဘုရား"

"ပရလောကသားတွေ မဟုတ်လား"

"မှန်ပါတယ် ဘုရား၊ ရွှေနဒီသိုက်က လူစားလဲပြီး ရောက်





လာကြသူတွေပါ"

"အခု ဘယ်မှာ နေကြတာလဲ"

"ကျွန်းရဲ့အနောက်ဘက်မှာပါ"

"ရေလက်ကြားထဲမှာ နေကြတဲ့ လူသစ်တွေနဲ့ မတူဘူးလား"

"မတူပါဘူး ဘုရား၊ သူတို့က သိုက်စောင့် သရဲသဘက်တွေဖြစ်ပါတယ်၊ လူစားရောက်လာလို့ ဒီမှာ လာနေခွင့်ရတာပါ၊ အချိန်စေ့ရင် သိုက်ထဲကိုပဲ ပြန်သွားကြရမှာပါ"

"သူတို့က ရွာထဲက လူတွေကို အတော်ကလေး ဒုက္ခပေးတယ်လို့ သီတင်းကြားရတယ်၊ ဒကာမတို့က ကာကွယ်တားဆီးပေးလို့ မရဘူးလား"

"မရပါဘူးဘုရား. . . သိုက်ထဲမှာ ရှိနေတုန်းကသာ အမိန့်ပေး စေခိုင်းလို့ ရပါတယ်၊ အခု အပြင်ရောက်သွားတဲ့အချိန်မှာ တပည့်တော်တို့ ပြောလို့မရတော့ပါဘူး၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက စေခိုင်းမှ ရတော့မှာပါ"

ထိုစကားကြားသောအခါ ဦးပညာက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အခု ဘာကိစ္စရှိလို့လဲ"

"တပည့်တော် ငွေလှူချင်လို့ပါဘုရား"

"ငါ့အတွက်ကတော့ ငွေမလိုဘူး၊ ဘာအတွက် လှူချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘုရားပြုပြင်ပေးဖို့ပါဘုရား”

“ဒီလိုဆိုရင် ငါ့ကို မပေးနဲ့၊ ငါက ဝတ္ထုငွေ မကိုင်ဘူး၊ ဒီတောင်ပေါ်ကို နီမောင်ဆိုတဲ့ လူရွယ်တစ်ယောက် လာလေ့ရှိတယ်၊ သူရောက်လာရင် အကျိုးအကြောင်း ပြောပြီးပေးလိုက်၊ သူလုပ်ပေးလိမ့်မယ်”

ဟု ပြောဆိုကာ ဦးပညာက နေရာမှ ထွက်သွားလေတော့သည်။

နီမောင်ကလည်း ရေထရက် ငါးဖမ်းထွက်နေရသောကြောင့် ဘုရားကုန်းတော်ပေါ်သို့ မရောက်တော့ပေ။

ထိုရက်အတွင်းမှာ ထူးထူးခြားခြား မြသင်းကြူကို အိပ်မက်ထဲမှာ ပြန်တွေ့ရသည်။

သူသည် မြသင်းကြူကို ဘုရားပေါ်မှာ တစ်ကြိမ်သာ တွေ့ဖူးသော်လည်း ကောင်းစွာ မှတ်မိနေသည်။

“ကျွန်မ အစ်ကို့ကို နေ့တိုင်းလာစောင့်နေတာ”

“ကျွန်တော့်ကို ဘာဖြစ်လို့ လာစောင့်နေတာလဲ”

“အကူအညီ တောင်းစရာရှိလို့ပါ”

“ကောင်းပါပြီ. . . ကျွန်တော် အလုပ်က ပြန်ရောက်ရင် လာခဲ့ပါ့မယ်”

ဟု ကတိပေးလိုက်သည်။

ထိုအကြောင်းကို စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကို ပြန်ပြောပြလိုက်သောအခါ. . .





“မင်းစိတ်ထဲမှာ စွဲနေလို့ ဖြစ်မှာပါ”

ဟု ခပ်လွယ်လွယ်ပင် မှတ်ချက်ချကြသည်။

“ဒါထက် မင်းတွေ့ခဲ့တဲ့ ကောင်မလေးက တော်တော်ချောသလား”

“အေး. . . ချောတယ်”

“အဲဒါဆိုရင်တော့ ဥစ္စာစောင့်တွေဘာတွေ ဖြစ်ဖို့များတယ်၊ ဥစ္စာစောင့်မလေးတွေက လူယောင်ဖန်ဆင်းလာရင် အတော်ချောတယ်လို့ ပြောသံကြားဖူးတယ်၊ သတိလည်း ထားဦး၊ တော်ကြာ အရှင်လတ်လတ် လိပ်ပြာနှုတ်ပြီး ခေါ်သွားဦးမယ်”

“ခေါ်သွားတော့လည်း လိုက်သွားရုံပေါ့ကွာ၊ အပြင်မှာ နေတာနဲ့ စာရင်တော့ သက်သက်သာသာ နေရမှာပေါ့”

နီမောင် တမင်အရွဲ့တိုက် ပြောလိုက်သော်လည်း ငမဲအောင်က စိတ်ဝင်စားသွားလေသည်။

“တကယ်ပဲ သိုက်ထဲ ရောက်ရင် ချမ်းချမ်းသာသာ နေရမှာလားဟင်”

“မင်းက စိတ်ဝင်စားလို့လား”

“အေး. . . စိတ်ဝင်စားတာပေါ့”

“တော်ကြာ သိုက်နန်းရှင်ယောကျ်ား မဖြစ်ပဲ သိုက်စောင့်သရဲဘဝနဲ့ တစ်သက်လုံး နေရမှ ဟုတ်ပေ့ဖြစ်နေမယ်”

စောထီးစကားကြောင့် ငမဲအောင် မျက်နှာကြီးမှာ ရှုံ့မဲ့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ. . . နိမိတ်မရှိ နမာမရှိနဲ့"

သူတို့သုံးယောက် ငါးဖမ်းခြင်းအလုပ်သိမ်း၍ ရွာသို့ ပြန်ရောက်လာသောအချိန်မှာ နောက်တစ်နေ့ ညနေပိုင်းအချိန်ဖြစ်သည်။

ရွာသို့ ရောက်သည်နှင့် အလုပ်ကိစ္စများကို ကျန်နှစ်ယောက်နှင့် လွှဲထားခဲ့ပြီး ရေမိုးချိုး အဝတ်အစားလဲကာ ဘုရားကုန်းတော်ပေါ်သို့ ထွက်လာခဲ့လေသည်။

ဘုရားပေါ် ရောက်တော့ နေညိုချိန် ရောက်နေချေပြီ။

အနောက်ဘက် ပင်လယ်ပြင်ပေါ်မှ ပုစွန်ဆီရောင် ဆည်းဆာရိပ်များ ဖြာကျနေလေသည်။

နေညိုချိန် တိမ်တောက်ရာမှ ဖြစ်ပေါ်လာသော အရောင်များက ပတ်ဝန်းကျင်တစ်ခုလုံး လှပစွာဖြင့် ဖြန့်ကျက်ထားလေသည်။

နီမောင်က ဘုရားကုန်းတော်တစ်ပတ် လိုက်ရှာကြည့်သော်လည်း မြသင်းကြူ၏အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

"ငါ စိတ်ထင်နေလို့ ဖြစ်မှာပါ"

ဟုလည်း တစ်ယောက်တည်း တွေးလိုက်မိသည်။

စိတ်ထဲမှာ မကျေနပ်သောကြောင့် နောက်ထပ်တစ်ပတ် ပတ်ကြည့်ပြန်ရာ တောင်ပိုင်းဘိုးဘိုးနန်း ရှိရာသို့ ရောက်သောအခါ ထိုအနောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

သူလိုက်ရှာနေသော မြသင်းကြူပင် ဖြစ်တော့သည်။





မြသင်းကြူကို တွေ့လိုက်ရသဖြင့် စိတ်ထဲမှ ဝမ်းသာသွားမိသော်လည်း ရုတ်တရက် ဘာပြောရမှန်း မသိပေ။

မြသင်းကြူက တစ်ချက်ပြုံးလိုက်ပြီး သူရှိရာ လျှောက်လာလေသည်။

"အစ်ကို ဘယ်သူ့ကို လိုက်ရှာနေတာလဲ"

"မြသင်းကြူကို ရှာနေတာ"

"ကျွန်မ ဒီတောင်ကုန်းပေါ်မှာ ရှိတာကို ဘယ်လိုသိတာလဲ"

"ဟို. . ဟို. . အိပ်မက်ထဲမှာ ပြောသွားတာလေ"

"ဒါဖြင့် ကျွန်မ ပေးတဲ့အိပ်မက်ကို အစ်ကို ရတာပေါ့နော်"

"မြသင်းကြူက ဒီလို အိပ်မက်ပေးနိုင်လို့လား"

"တယ်လီပသီလို့ ခေါ်တဲ့ စိတ်စွမ်းအားကို တည်ငြိမ်စွာ ဆောက်တည်ပြီး ကိုယ်ပို့ချင်တဲ့နေရာကို ပို့နိုင်ဖို့ လေ့ကျင့်ယူရင် ရနိုင်ပါတယ်၊ အိပ်မက်ဆိုတာ စိတ်ချင်း ဆက်သွယ်မှုတစ်ခုပဲဟာ"

မြသင်းကြူ ပြောပြနေသောအကြောင်းများကို နီမောင့်အနေနှင့် နားမလည်သော်လည်း အိပ်မက်ချင်း ဆက်သွယ်၍ ရသည်ကိုတော့ စိတ်ဝင်စားမိလေသည်။

"ကျွန်တော့်ကို အကူအညီတောင်းမယ့်ကိစ္စက ဘာများလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီဘုရားကို ပြုပြင်ပြီး ကွာကျနေတဲ့မှန်ချပ်တွေကို အသစ်ပြန်ကပ်ချင်တယ်၊ အစ်ကို လုပ်ပေးနိုင်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စေတီတော်ပတ်လည်တွင် အချို့နေရာများတွင် မှန်ချပ်များ ကွာကျနေသောနေရာများကို လှမ်းကြည့်ရင်း အတန်ကြာအောင် စဉ်းစားနေလေသည်။

"ဒီကိစ္စတော့ လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ဒီလောက်များတဲ့ငွေတော့ ကျွန်တော့်မှာ မရှိဘူး"

"ဒီအတွက် စိတ်မပူပါနဲ့ အစ်ကိုရယ်၊ ကျွန်မ ပေးပါ့မယ်၊ အစ်ကိုက လုပ်ပေးမယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ"

ဟု ပြောဆိုကာ အသင့်ယူဆောင်လာဟန်တူသော ငွေဒင်္ဂါးပြားကို ထုတ်ပေးလေသည်။

နီမောင်မှာ ငွေဒင်္ဂါးပြားများကို မြင်သောအခါ အံ့သြသွားလေသည်။ သူ့တစ်သက်တွင် ထိုကဲ့သို့သော ငွေဒင်္ဂါးမျိုး မမြင်ဖူးသောကြောင့် ဘယ်လောက်တန်ဖိုးရှိ၍ ဘယ်လိုသုံးရမှန်း မသိပေ။

"ဒါ. . . ဒါ ငွေဒင်္ဂါးပြားတွေလား"

"ဟုတ်ပါတယ်"

"ကျွန်တော် တစ်ခါမှ မသုံးဖူးတော့ ဘယ်လိုသုံးရမလဲ"

"ရောင်းပြီးသုံးပေါ့ အစ်ကိုရဲ့"

"ဖြစ်. . . ဖြစ်ပါ့မလား၊ တော်ကြာ ကျွန်တော့်ကို မေးလာကြရင် ဘယ်လိုပြောရမလဲ၊ ကျွန်တော်တို့မှာ ဒီလိုငွေဒင်္ဂါးမျိုးမရှိတာ လူတိုင်းသိနေတာပဲ"

နီမောင်က အရိုးခံအတိုင်း ပြောသဖြင့် မြသင်းကြူက သဘောကျသွားလေသည်။





"ဒီလိုဆိုရင်လည်း အစ်ကို့မိတ်ဆွေတွေထဲက ယုံကြည်ရတဲ့ လူတစ်ယောက်ယောက်ကို အကူအညီတောင်းပေါ့ အစ်ကိုရဲ့"

ထိုစကားကြောင့် မည်သူ့ကို အကူအညီ တောင်းရပါ့မလဲဟု အမြေပြးအလွှား စဉ်းစားကြည့်ရာ ဆရာကြီး ဦးဇန်ကောင်းကို ချက်ချင်းသတိရလိုက်မိသည်။

"ကျွန်တော့်အသိမိတ်ဆွေတွေထဲမှာ ဆရာကြီး ဦးဇန်ကောင်းကတော့ ယုံကြည်စိတ်ချရပါတယ်၊ သူ့ကို အကူအညီတောင်းပြီး မြသင်းကြူ အကူအညီတောင်းတဲ့ကိစ္စကို လုပ်ပေးပါ့မယ်"

ဟု သတိပေးလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ လိုရင်လည်း ကျွန်မ ထပ်ပေးပါဦးမယ်၊ ဘုရားပြုပြင်ပြီးရင်တော့ ရွှေနဒီဘဝဆက်များ ကုသိုလ်ကောင်းမှုလို့ ကမ္ပည်းထိုးပေးပါနော်"

ထိုစကားကြောင့် တစ်ခါက ဆရာကြီး ဦးဇန်ကောင်း ပြောပြခဲ့သောအကြောင်းများကို ပြန်လည်သတိရပြီး မြသင်းကြူကို တအံ့တသြ ကြည့်လိုက်လေသည်။

"ရွှေနဒီဆိုတာ ဘုရားအတွက် ရည်စူးထားတဲ့ ဥစ္စာပစ္စည်းတွေ ထားတဲ့သိုက်ကို ပြောတာလားဟင်"

မြသင်းကြူက ခေါင်းညိတ်ပြသည်။

"ဒါဖြင့် မြသင်းကြူကရော သိုက်နန်းရှင်တစ်ယောက်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သိုက်နန်းရှင် မဟုတ်ပါဘူး၊ သူတို့နဲ့ အဆက်အသွယ် ပြုနိုင်တဲ့သူပါ"

"ဘယ်လိုဆက်သွယ်နိုင်တာလဲဟင်"

"ကျွန်မက ဘဝဟောင်းက ရွှေနဒီသိုက်ထဲမှာ နေခဲ့ရဖူးပါတယ်၊ သိုက်ထဲမှာ နေရတယ်ဆိုပေမယ့် အမြဲတော့ မဟုတ်ပါဘူး၊ နှစ်အကန့်အသတ်နဲ့ အလှည့်ကျ နေရတာပါ၊ အခု အခြားသူတွေက သိုက်ထဲမှာ ရောက်လာကြပြီး ကျွန်မတို့က လူဘဝ ပြန်လာရတဲ့ အလှည့်ပေါ့"

"အဲဒီလိုပြန်လာတော့ ဘယ်လိုပြန်လာတာလဲဟင်၊ ကလေးဘဝနဲ့လား၊ ဒါမှမဟုတ် သိုက်ထဲမှာ နေခဲ့တဲ့ရုပ်အတိုင်း လူ့ဘဝကို ပြန်လာရတာလား"

"သိုက်ထဲက ရုပ်ဟောင်းအတိုင်း လူ့ဘဝမှာ ပြန်လာလို့ရပါတယ်၊ အချို့ကတော့ သိုက်ထဲမှာ ရုပ်ဟောင်းထားခဲ့ပြီး ရုပ်သစ်နဲ့ နေကြတယ်၊ အချို့ကျတော့ မူလရုပ်နဲ့ လူ့ဘဝမှာ လာနေခွင့်ရှိပါတယ်"

"အဲဒါ ဘယ်လိုကွာသလဲဟင်"

"ကျွန်မတို့ သိုက်နန်းစောင့်တွေမှာ နှစ်မျိုးရှိပါတယ်၊ တချို့က သိုက်ထဲမှာ အပြီးနေရတာ ရှိတယ်၊ အဲဒါကတော့ ကိုယ်ပိုင်ဥစ္စာသိုက်တွေမှာ စောင့်ကြရတဲ့သူတွေပါ၊ သူတို့ကျတော့ ကိုယ့်ပစ္စည်းကို စောင့်တာဆိုတော့ လူစားလဲလို့မရဘူး၊ လူ့ဘဝကို လာချင်လည်း ခဏပဲ လာလို့ရတယ်"





"အော်. . ."

"ဘုရားပစ္စည်း စောင့်ရတဲ့သိုက်တွေကျတော့ အလှည့်ကျစောင့်ကြရတယ်၊ ကိုယ်စောင့်ရတဲ့အလှည့်မှာပဲ စောင့်ရပြီး နောက်ထပ် လူစားလဲမယ့်သူတွေ ရောက်လာရင် လူ့ဘဝကို မူလရုပ်အတိုင်း ပြန်လို့ရတယ်၊ လူတစ်ယောက်လိုပဲ နေထိုင်ခွင့်ရတယ်"

"ဒါဖြင့် ဥစ္စာစောင့် လူဝင်စားတွေနဲ့ လူနဲ့ ညားကြတယ်ဆိုတာ အဲဒါမျိုးလား"

နီမောင်စကားကြောင့် မြသင်းကြူက ရှက်ပြုံးကလေးဖြင့် ခေါင်းညိတ်ပြသည်။

"သိုက်ထဲမှာ ဘဝဟောင်းကရုပ် ထားခဲ့ရတယ်ဆိုတာက ဘယ်လိုမျိုးလဲ"

"ဒါက နှစ်အကန့်အသတ်နဲ့ လူ့ပြည်လာရတဲ့သူတွေပါ၊ သူတို့က နှစ်စေ့တာနဲ့ ဘဝဟောင်းကို ပြန်ကြရတယ်၊ သိုက်ထဲရောက်ရင် ရုပ်ဟောင်းနဲ့ပဲ ပြန်နေရတယ်၊ သတ်မှတ်တဲ့နှစ်စေ့လို့မှ ပြန်လာဖို့ သတိမရရင် သိုက်ထဲမှာ ကျန်ခဲ့တဲ့လူတွေက လာပြီး သတိပေးပါတယ်၊ မိမိတို့ကိုယ်စား တာဝန်ယူစောင့်မယ့်သူ ရှိတော့ လူ့တစ်ဘဝစာအထိတော့ နေခွင့်ရကြပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ"

နီမောင်က စိတ်ထဲ ရှိသည့်အတိုင်း ပြောချလိုက်သည်။

"အစ်ကိုက ဘာကို ဝမ်းသာတာလဲ"

"အော်. . ဟို. . ဟိုး. . မြသင်းကြူ လူ့ဘဝမှာ အကြာကြီး



www.burmeseclassic.com

www.burmeseclassic.com



နေရမှာကို ဝမ်းသာတယ်လို့ ပြောတာပါ၊ ဒါထက် မြသင်းကြူတို့လို သိုက်က လာတဲ့သူတွေက သိုက်ထဲမှာ ကျန်ခဲ့တဲ့သူတွေနဲ့ အဆက်အသွယ် လုပ်လို့ရတယ်ဆိုတာရော တကယ်ပဲလား၊ နောက်ပြီး သိုက်ထဲမှာ ရှိတဲ့ပစ္စည်းတွေကိုရော ယူပြီးသုံးစွဲလို့ရသလားဟင်"

"သိုက်ထဲမှာ ကျန်ခဲ့တဲ့ပစ္စည်းတွေနဲ့ အဆက်အသွယ် လုပ်လို့တော့ ရပါတယ်၊ သူတို့အတွက် လုပ်ပေးစေချင်တဲ့ကိစ္စ ရှိရင် ကျွန်မတို့ကို လာပြောသလို ကျွန်မတို့ အကူအညီလိုရင်လည်း သူတို့ကို ပြောလို့ရပါတယ်၊ သိုက်ထဲမှာ ရှိတဲ့ပစ္စည်းတွေကိုတော့ ယူလို့မရပါဘူး"

"ဘာဖြစ်လို့လဲဟင်"

"သိုက်ထဲမှာ ရှိတဲ့ပစ္စည်းတွေက ဘုရားအတွက် ရည်စူးပြီး လှူဒါန်းထားတဲ့ပစ္စည်းတွေမို့ပါ၊ တစ်ခုတော့ ရှိပါတယ်၊ မြေအောက် ရေအောက်တွေမှာ ပိုင်ရှင်မရှိကြတော့တဲ့ပစ္စည်းတွေ အများကြီး ရှိပါတယ်၊ ကိုယ်ကျိုးမဟုတ်ပဲ လှူဖို့တန်းဖို့အတွက်ဆိုရင် ယူသုံးခွင့် ရှိပါတယ်၊ ကိုယ်ကျိုးအတွက်ဆိုရင်တော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ခွင့်မပြုကြပါဘူး"

"မြသင်းကြူ ပြောမှပဲ ရှင်းတော့တယ်၊ ကျွန်တော်က သိုက်ထဲက လာတဲ့ လူဝင်စားတွေဆိုရင် သိုက်ထဲမှာ ရှိတဲ့ ရွှေငွေရတနာတွေကို ယူသုံးလို့ ရတယ်လို့ပဲ ထင်နေတယ်"

"ဥစ္စာပစ္စည်းဆိုတာ အတိတ်ဘဝက ကုသိုလ်ကံ ရှိမှ သုံးစွဲခွင့် ရကြတာ အစ်ကိုရဲ့၊ အတိတ်ဘဝက ကံမပါပဲ မတရား ယူချင်ရင်တော့ ဥစ္စာတော့ မရဘူး၊ အန္တရာယ်ဆိုးတွေနဲ့တွေနဲ့ တွေ့ပြီး အသက်သေဖို့ပဲ ရှိတယ်"





"ဒီလောက်သိရရင် တော်ပါပြီ၊ ဒါထက် အခုပေးတဲ့ ငွေဒင်္ဂါးပြားတွေကရော သိုက်ထဲက ယူလာတာလားဟင်"

"မဟုတ်ပါဘူး. . . ဒီနေရာတစ်ဝိုက်မှာ ရှေးကလူတွေ မြှုပ်နှံထားတဲ့ ဥစ္စာပစ္စည်းတွေ ရှိတယ်၊ အဲဒီမှာ စောင့်နေတဲ့ ပရလောကသားတွေဆီမှာ ခွင့်တောင်းပြီး သင့်သလောက် ယူလို့ရတယ်၊ အဲ့ဒီက ယူလာတာပါ"

"ဘယ်နေရာမှာလဲဟင်"

"ဒီအကြောင်းကိုတော့ ကျွန်မအနေနဲ့ ပြောခွင့်မရှိပါဘူး မသိချင်ပါနဲ့ အစ်ကိုရယ်၊ ဒီအကြောင်းတွေကို သိရင် အန္တရာယ်များလှပါတယ်"

ဟု မြသင်းကြူက ပြောသဖြင့် နီမောင်ကလည်း ဆက် မမေးတော့ပေ။

"ကောင်းပါပြီ. . . မြသင်းကြူ လုပ်ပေးစေချင်တဲ့အတိုင်း ဒီငွေဒင်္ဂါးတွေကို ထုခွဲပြီး ဘုရားကို ပြုပြင်ပေးပါ့မယ်၊ ပြုပြင်ပြီးရ ရွှေနဒီ ဘဝဆက်များ၏ကုသိုလ်ကောင်းမှုလို့ ကမ္ပည်းရေးပေး မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ အခုပေးတဲ့ ငွေဒင်္ဂါးပြားကိုလည်း အားလုံးလှူဖို့ မဟုတ်ပါဘူး၊ တဝက်ကို လှူ တဝက်က အစ်ကိုသုံးဖို့အတွက် ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသုံးပါဘူး၊ အားလုံးပဲ လှူလိုက်ပါ့မယ်"

"ဒီလိုလုပ်ရင် ကျွန်မတို့က ဘယ်လာ စိတ်ကောင်းနိုင်ပါ့မလဲ၊ အစ်ကိုလည်း ထိုက်သင့်သလောက် သုံးပါ"

"ကောင်းပါပြီ. . . သုံးစေချင်ရင် သုံးပါ့မယ်၊ ဒါထက် နောက်ထပ် မြသင်းကြူကို တွေ့ချင်ရင် ဘယ်မှာ လာတွေ့ရမလဲ ဟင်"

"အစ်ကို ကျွန်မကို တွေ့ချင်ရင် ဒီဘုရားကုန်းတော်ပေါ်ကိုပဲ လာခဲ့ပါ၊ ကျွန်မက အစ်ကို့ကို မှာစရာရှိရင်လည်း ဆရာတော်က တစ်ဆင့်မှာပါ့မယ်"

"ကောင်းပါပြီ"

"အစ်ကို့အနေနဲ့ တစ်ခုပဲ သတိထားပါ၊ ကျွန်မနဲ့ တွေ့ပြီး ငွေဒင်္ဂါးတွေအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့၊ ပြောရင် အစ်ကို့အတွက် အန္တရာယ်တွေ ရောက်လာမှာစိုးလို့ပါ"

နီမောင်က ခေါင်းညိတ်ပြပြီးနောက် မြသင်းကြူကို နှုတ်ဆက်ကာ ဘုရားကုန်းတော်ပေါ်မှ ပြန်ဆင်းလာခဲ့လေသည်။

သူပြန်လာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေချေပြီ။







အခန်း(၇)

# ငွေတွင်းလား သေတွင်းလေလား

**ငွေ**ဒင်္ဂါးပြားရသည်နှင့် ဦးစွာတိုင်ပင်အကူအညီတောင်းရသောသူမှာ ဆရာကြီး ဦးဗန်ကောင်းပင်ဖြစ်သည်။

ဆရာကြီးဦးဗန်ကောင်းမှာ ထိုကိစ္စများကို ကျွမ်းကျင်သူဖြစ်သောကြောင့် နီမောင် အကူအညီတောင်းသောကိစ္စအား အကူအညီပေးရန် သဘောတူလိုက်လေသည်။

"ဒီငွေဒင်္ဂါးတွေ မြင်ကတည်းက မင်းတော့ ပရလောကသားတစ်ယောက်ယောက်နဲ့ အဆက်အသွယ်ရှိနေပြီဆိုတာ သိနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ဘယ်လိုသိတာလဲ အဘ”

“ဒီငွေဒင်္ဂါးမျိုးတွေက ရှေးနှစ်ပေါင်းတစ်ရာကျော်လောက်ကတည်းက ပေါ်ခဲ့တာကြောင့်တစ်ကြောင်း၊ အခု ဒီဒင်္ဂါးမျိုးက ဘယ်သူ့လက်ထဲမှာမှ မရှိတော့ဘူး၊ သိုက်လို့ ခေါ်တဲ့ မြေအောက်မှာ လျှို့ဝှက်ထားတဲ့နေရာတွေမှာပဲ ရှိတော့တယ်၊ ဒီပစ္စည်းမျိုးတွေ ရှိတဲ့နေရာကို သိုက်နဲ့ အဆက်အသွယ် ရှိတဲ့လူတွေလောက်ပဲ ရနိုင်တော့မယ်”

ဟု ပြောပြသည်။

ထိုအခါ နီမောင်ကလည်း မြသင်းကြူနှင့် တွေ့ရပုံများကို ပြောပြလိုက်လေသည်။

“ဟိုတလောက ရေလက်ကြားထဲမှာ စက်လှေတစ်စင်း နစ်ပြီး လူတွေ အစုလိုက် အပြုံလိုက် ပျောက်သွားတယ် မဟုတ်လား၊ အဲဒီလို အလောင်းပျောက်ပြီး သေကြတယ်ဆိုတာ တခြားမဟုတ်ဘူး၊ လူစားလဲတယ်လို့ ခေါ်တယ်၊ အဲဒီလူတွေက သိုက်ထဲ ရောက်သွားပြီး သိုက်ထဲက လူတွေက အပြင်ရောက်လာတော့တာပေါ့”

“ဒါဖြင့် ဒီလောက်အများကြီး သေတဲ့လူတွေဟာ သိုက်စောင့်တွေချည်း ဖြစ်ကုန်ကြတာလား အဘ”

“ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ သူ့အဆင့်နဲ့သူ ဖြစ်ကြတာပေါ့၊ သိုက်စောင့်ဖြစ်တဲ့သူကဖြစ် တစ္ဆေသရဲဘဝ ရောက်သူက ရောက်နဲ့ပေါ့၊ လူ့ဘဝက လာကြတော့လည်း အတူတူ လာကြတယ်





ဆိုပေမယ့် သိုက်စောင့်က သပ်သပ်၊ တစ္ဆေသရဲဘဝက လာကြတဲ့သူတွေက သပ်သပ်နေကြရတယ်”

“ဒါဖြင့် ရေလက်ကြားထဲက ခနိတောထဲမှာ ရောက်နေတဲ့လူတွေက တစ္ဆေသရဲတွေချည်းပဲလား၊ မပြောတတ်ဘူး၊ အဲဒီဘက်က လူတွေနဲ့ တွေ့လိုက်ရင် ကြောက်စရာ လန့်စရာတွေချည်းပဲ ကြုံကြရတယ်”

“ဒါကတော့ အသေအချာ မပြောနိုင်ဘူး၊ ဒါပေမယ့် ငါတို့ ချာက လူတွေကို အနှောင့်အယှက်ပေးဖို့ ရောက်လာကြတာတော့ အမှန်ပဲ”

“ဒီလိုသာဆိုရင်တော့ အခက်ပဲ၊ ဟိုတလောကလည်း ကလေးတစ်ယောက်ကို သဘက်ကြီးတစ်ကောင်က စားတော့မလို လုပ်နေတုန်း ငိုသံကြားတာနဲ့ လူတွေ ဝင်သွားလို့သာ အသက်ချမ်းသာရာ ရသွားခဲ့တာပဲ”

“ဒီလောက်လည်း မစိုးရိမ်ပါနဲ့ကွာ၊ တစ္ဆေသရဲဆိုတာ ဖမ်းစားချင်တိုင်း ဖမ်းစားလို့ မရပါဘူး၊ လူတွေရဲ့ကံအနိမ့်အမြင့်နဲ့ အပြုအမူတွေပေါ်မှာလည်း မူတည်ပါသေးတယ်”

“ဘယ်လိုမူတည်တာလဲ အဘ”

“ကံမြင့်နေတဲ့လူနဲ့ ရတနာသုံးပါးကို မမေ့တဲ့သူတွေကို တစ္ဆေသရဲတွေက ဖမ်းစားဖို့ နေနေသာသာ အနားတောင် ကပ်လို့မရပါဘူး”

ထိုစကားကြားသောအခါ နီမောင်မှာ နားမလည်သလို ဖြစ်



www.burmeseclassic.com

သွားလေသည်။

"ကျွန်တော်တို့ တစ်ရွာလုံးမှာ သားငါးရှာဖွေတဲ့အလုပ်ပဲ လုပ်ကြတာဆိုတော့ ဘုရားတရားအလုပ်ကို ဘယ်မှာ လုပ်နိုင်ကြပါ့ မလဲ အဘရယ်၊ ဒီတော့ ကံတရားကိုပဲ အားကိုးရမလို ဖြစ်နေကြပြီ"

"ဒီလိုလည်း မဟုတ်သေးဘူးကွ၊ ဝမ်းစာရေးအတွက် လုပ် တဲ့အလုပ်က သပ်သပ်၊ စိတ်ထဲမှာ အာရုံပြုတာက သပ်သပ်ပဲ၊ ကံမကောင်းလို့ ငါးရှာနေရပေမယ့် စိတ်ထဲမှာ ဘုရားတရားကို ထားရင်လည်း ရပါတယ်၊ နောက်တစ်ချက်က စိတ်ဖြူစင်အောင် ထားဖို့ အရေးကြီးတယ်၊ ဘယ်နေရာမှာပဲနေနေ ဘယ်အလုပ်ပဲလုပ် လုပ် စိတ်ဖြူစင်တဲ့သူတွေဟာ ဒုက္ခရောက်ရင်တောင် ကယ်တင်ပေး မယ့်သူတွေနဲ့ တွေ့ရတတ်ပါတယ်"

ဟု ရှင်းပြလေသည်။

ထို့နောက်. . .

ဦးဇန်ကောင်းနှင့် နီမောင်တို့နှစ်ယောက်မှာ ငွေဒင်္ဂါးများကို ယူကာ ဟိုင်းကြီးကျွန်း၌ လိုက်လံရောင်းချသော်လည်း မည်သူမှ မယူဝံ့ကြပေ။

ဘယ်ကရတာလဲ၊ ဘယ်ပုံရတာလဲ၊ ဘယ်နေရာက ရတာ လဲဟူသာ မသင်္ကာသော မေးခွန်းများနှင့်သာ အမေးခံရပြီး ဝယ်မည့် သူ မရှိတော့ပေ။

ကျွန်းပေါ်၌ နေထိုင်ကြသူများမှာလည်း လက်လုပ်လက်စား များသဖြင့် ထိုမျှလောက် များပြားသောငွေနှင့် ဝယ်နိုင်လောက်





သောသူ မရှိပေ။

သို့ကြောင့် ငပုတော ရောက်အောင် သွားရောင်းကြရ သည်။

ငပုတော ရောက်သောအခါ ကုန်သည်တစ်ဦးက ငွေဒင်္ဂါး ပြားများကို ကြည့်ပြီး မသင်္ကာသောအကြည့်ဖြင့် ကြည့်သည်။

"ခင်ဗျားတို့ ဒီဒင်္ဂါးတွေ ဘယ်က ရတာလဲ"

ထိုအခါ နီမောင်က မတတ်သာတော့သဖြင့် သင့်သလို ဝင်ပြောရလေတော့သည်။

"ဘုရားကုန်းတော်ပေါ်မှာ သန့်ရှင်းရေး လုပ်ရင်းနဲ့ ရတာပါ၊ ဒါတွေကို ရောင်းပြီး ကျွန်တော်တို့လည်း မယူပါဘူး၊ ဘုရားပြုပြင်ဖို့ အတွက်ပဲ သုံးမှာပါ"

ထိုအခါမှ ယုံကြည်သွားဟန်ရှိသည်။

"မင်းရတာ ဒီငါးပြားထဲပဲလား၊ နောက်ထပ်ရှိသေးလား"

"မရှိတော့ပါဘူး"

"ဒီလိုလုပ်ကွာ. . . ငါ့မှာလည်း ပိုက်ဆံက များများမရှိဘူး၊ ငွေဒင်္ဂါး ငါးပြားကို ငွေငါးဆယ် ပေးလိုက်မယ်"

ထိုအခါ ဦးဇန်ကောင်းက ဝင်ပြောလေသည်။

"ငွေတစ်ကျပ်သားကို ဆယ့်ငါးကျပ်လောက် ဈေးရှိတာ ဆိုတော့ ခုနစ်ဆယ့်ငါးကျပ်တော့ ပေးပါ၊ ရတဲ့ပိုက်ဆံကိုလည်း ကျုပ် တို့ တစ်ပြားမှ မသုံးပါဘူး၊ ဘုရားပြုပြင်ဖို့ပဲ သုံးမှာပါ"

ဟု ပြောတော့မှ တစ်ပြားကို ဆယ့်ငါးကျပ်နှင့် ငွေခုနစ်ဆယ့်

www.burmeseclassic.com



ငါးကျပ် ထုတ်ပေးလေသည်။

နီမောင်တို့လည်း ဘုရားပြုပြင်ရန်အတွက် မှန်ချပ် အစရှိသော လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူကာ လှေပေါ် တင်၍ ပြန်ကြလေသည်။

သူတို့ ငပုတောမှ ပြန်ထွက်လာသောအချိန်မှာ ညနေစောင်း ရေကျချိန်ဖြစ်သည်။

သူတို့ လှေထွက်လာပြီး မကြာခင်မှာ နောက်မှ အတန်အသင့် ကြီးသော လှေတစ်စင်းက နောက်မှ ထွက်လိုက်လာသည်။

လှေပေါ်မှာ လူဆယ်ယောက်ခန့် ပါလာသည်။

နီမောင်တို့ကတော့ မရိပ်မိဘဲ လှော်မြဲလှော်လာကြသည်။

နောက်မှ လိုက်လာသည့် လှေပေါ်မှာ နေ့လယ်က ငွေဒင်္ဂါး ဝယ်လိုက်သော ကုန်သည်လည်း ပါလာသည်။

"ငွေဒင်္ဂါး လာရောင်းသွားတာ ရှေ့က လှေလား"

လှေပေါ်မှာ ပါလာသောလူကြီးတစ်ယောက်က မေးသည်။

"ဟုတ်တယ် ဆရာကြီး"

"ခင်ဗျားပြောတော့ နှစ်ယောက်ထဲဆို၊ အခုတော့လည်း လှေပေါ်မှာ လူတွေအများကြီးပါလား၊ သူတို့နောက်ကလည်း လူအပြည့်နဲ့ လှေတစ်စင်းက ပါလာသေးတယ်"

ထိုအခါမှ လှမ်းကြည့်လိုက်သောအခါ ရှေ့မှ သွားနေသော လှေပေါ်တွင် လူနှစ်ယောက်တည်း မဟုတ်တော့ပဲ အခြားသူများပါရှိနေသည့်အပြင် နောက်ထပ်လှေတစ်စင်းကို တွေ့ကြရသည်။





"ဟုတ်ပါရဲ့ . . . သူတို့လှေ ငပုတောက ထွက်ကာစက နှစ်ယောက်တည်း တွေ့ပါတယ်၊ အခုမှ ဘယ်က ရောက်လာတာပါလိမ့်"

ဟု အံ့သြစွာ ရေရွတ်လိုက်ကြသည်။

"ဒီလူတွေ ရလာတဲ့ဒင်္ဂါးက သာမန်ဒင်္ဂါး မဟုတ်ဘူး၊ ဟိုင်းကြီးကျွန်းမှာ ရှေးတုန်းက အင်္ဂလိပ်တွေ ဆောက်ခဲ့တဲ့ တိုက်ပျက်ကြီး တစ်လုံးရှိတယ်၊ အဲဒီတိုက်ပျက်ကြီးရဲ့မြေအောက်ခန်းမှာ ငွေဒင်္ဂါး လုပ်တဲ့စက်တွေ ရှိတယ်၊ အင်္ဂလိပ်တွေ မရှိတော့ အဲဒီမြေအောက်ခန်းထဲမှာ လုပ်ပြီးသား ငွေဒင်္ဂါးတွေ မြှုပ်ထားခဲ့တယ်လို့ ကျုပ် အခိုင်အမာ သတင်းရထားပြီးသားဗျ၊ အခုမှ သဲလွန်စ ပေါ်လာတော့တာ"

လှေပေါ်မှာ ပါလာသော ဆရာကြီးဆိုသူက ပြောပြရာ ကျန်သူများမှာ စိတ်ဝင်စားကြလေသည်။

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"ဒီအတွက် စိတ်မပူနဲ့၊ ဟိုင်းကြီးကျွန်းမှာ ကျုပ်နဲ့ သိကျွမ်းတဲ့ သူတွေ ရှိတယ်၊ သူတို့ဆီမှာ တည်းပြီး စနည်းနာကြည့်ရင် သဲလွန်စ ရနိုင်တယ်"

ဟု ပြောဆိုကာ နီမောင်တို့ လှေနောက်မှ နောက်ယောင်ခံကာ လိုက်သွားကြရာ နောက်တစ်နေ့ နံနက်စောစောအချိန်တွင် ဟိုင်းကြီးကျွန်းသို့ ရောက်ကြလေသည်။

ဟိုင်းကြီးကျွန်းသို့ ရောက်သောအခါ ယခင်က သိကျွမ်းဖူးသော ထွန်းဝင်းတို့ထံမှာ တည်းခိုကာ သတင်းစုံစမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝင်း၊ စိန်သန်းနှင့် မြင့်ဆောင်တို့ သုံးယောက်ကလည်း ၎င်းတို့အတွက်ပါ မြိုးမြိုးမျက်မျက် ရမည်ဟု မက်လုံးပေးထားသောကြောင့် အားတက်သရော အကူအညီ ပေးကြလေသည်။ ငွေဒင်္ဂါးပြားများကို ဝယ်ယူလိုက်သူမှာ ဦးမြဖ်ဖြစ်ပြီး ၎င်းခေါ်လာသော ဆရာကြီးဆိုသူမှာ အောက်လမ်းနှင့် ပယောဂများ တတ်ကျွမ်းသော ဦးသူတော်ဆိုသူဖြစ်သည်။

၎င်းတို့မှာ ဟိုင်းကြီးကျွန်းပေါ်တွင် အင်္ဂလိပ်များ သိုဝှက်ထားခဲ့သော ငွေဒင်္ဂါးပြားများကို လျှို့ဝှက်စွာ ရှာဖွေနေကြသူများ ဖြစ်ပြီး ယခုအခါမှ သဲလွန်စ ပေါ်လာခြင်း ဖြစ်ပေသည်။

(၁၇၅၉)ခု၊ မြန်မာသက္ကရာဇ်(၁၁၂၀)ခုနှစ်က ပုန်ကန်ထကြွသော မွန်တို့ဘက်မှ အင်္ဂလိပ်တို့က လက်နက်ခဲယမ်းများ အကူအညီပေးခဲ့သောကြောင့် အလောင်းမင်းတရားကြီးက အမျက်တော်ရှပြီး ရဲမက်များကို လွှတ်ကာ အင်္ဂလိပ်တို့ကို သတ်ကာ လက်နက်များကို သိမ်းယူစေသည်။

နောက်လိုက်နောက်ပါများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့လေသည်။

လူအနည်းငယ်သာ လွတ်မြောက်သွားခဲ့သည်။

ထိုအချိန်မှစ၍ ၎င်းတို့ စခန်းချနေထိုင်ခဲ့သော တိုက်ကြီးမှာလည်း ဒီအတိုင်း ကျန်ခဲ့လေသည်။

နောက်ပိုင်း ကျွန်းပေါ် ရောက်လာကြသူများမှာ ထိုတိုက်ကြီးသို့ သွားရောက်စုံစမ်းကြသော်လည်း သရဲတစ္ဆေများ ခြောက်





လှန့်မှု ခံကြရသောကြောင့် ထွက်ပြေးခဲ့ရသည်။

အချို့ကလည်း ထိုတိုက်ပျက်ကြီးထဲတွင် အင်္ဂလိပ်တို့ သိုဝှက်ထားခဲ့သော ရွှေငွေရတနာများ ရှိသည်အထင်နှင့် တိတ်တဆိတ် ဝင်ရောက်ရှာဖွေကြစဉ် အင်္ဂလိပ် စစ်သားများ ဝင်ရောက်လာသည်နှင့် တွေ့ရသဖြင့် ထွက်ပြေးကြရသည်။

တစ္ဆေသရဲ ခြောက်လှန့်မှုများတွင် အင်္ဂလိပ်စစ်ဗိုလ်စစ်သားများအပြင် ဂေါ်ရခါး စစ်သားများလည်း ပါလေသည်။

၎င်းတို့သည် မီးအိမ်များ ကိုင်၍ လက်နက်ကိုယ်စီဖြင့် ဝင်ရောက်လာရာ ရတနာပစ္စည်း ဝင်ရှာသူတို့မှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ထွက်ပြေးကြရသည်။

အချို့လည်း အင်္ဂလိပ်များ အသတ်ခံခဲ့ရစဉ်က လွတ်မြောက်သွားသူတို့၏ဆွေစဉ်မျိုးဆက်များ ဟိုင်းကြီးကျွန်းတစ်ဝိုက်တွင် ရှိနေသည်ဟု သတင်းကြားသဖြင့် စုံစမ်းကြသော်လည်း ဘယ်သူဘယ်ဝါမှန်း မသိကြပေ။

ထွန်းဝင်းတို့က ဦးမြဖ်တို့တတွေ ရောက်လာသောအခါ ၎င်းတို့တဲများမှာပင် တည်းခိုစေပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

"ဆရာကြီးတို့ ရောက်လာတာ သိပ်ပြီးဝမ်းသာတာပဲ၊ အခုတလော ကျွန်တော်တို့ရွာမှာ သရဲတစ္ဆေတွေ မကြာခဏ ဝင်ပြီးဒုက္ခပေးနေတယ်၊ ကျွန်တော်တို့သုံးယောက်တောင် တစ်ခါခံလိုက်ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိန်သန်းက ၎င်းတို့ကြုံခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

မြင့်ဆောင်ကလည်း ရွာထဲ၌ သရဲသဘက်များ ဝင်ရောက်နှောင့်ယှက်ပုံများကို အကြောင်းစုံ ပြန်ပြောပြလေသည်။

ထိုအခါ ဆရာကြီး ဦးသူတော်က. . .

"ဒီအတွက်တော့ ဘာမှ မပူပါနဲ့၊ ကျုပ်ရောက်လာရင် အားလုံး အေးသွားမှာပါ၊ ဒါထက် ရွာထဲမှာ ဥစ္စာစောင့်နဲ့ ပတ်သက်တဲ့ ထူးခြားမှုလေးတွေ မတွေ့မိကြဘူးလား"

ဟု မေးလိုက်သည်။

ထိုအခါ ထွန်းဝင်းက. . .

"ရှိတယ် ဆရာကြီး၊ ဒီရွာက နီမောင်ဆိုတဲ့လူငယ်တစ်ယောက်နဲ့ ဥစ္စာစောင့်မနဲ့ မကြာခဏ တွေ့နေကြတယ်လို့ သတင်းကြားရတယ်၊ သူတို့နှစ်ယောက်က ဘုရားကုန်းတော်ပေါ်မှာ အမြဲတွေ့နေကြတာတဲ့၊ တလောက ဥစ္စာစောင့်မက ပေးလိုက်တယ်ဆိုလားပဲ၊ ငွေဒင်္ဂါးတွေ ရလာတယ်လို့ သတင်းကြားလိုက်မိတယ်"

ဟု အားရပါးရ ပြောရာ ဦးမြဇံက ၎င်းအိတ်ထဲမှ ငွေဒင်္ဂါးပြားများကို ထုတ်ပြလိုက်သည်။

"ဒီမှာလေ. . . သူတို့ လာရောင်းလို့ ငါဝယ်ထားလိုက်တာ၊ အခု ငါတို့လာတာ ဒီကိစ္စပဲ၊ မင်းတို့သုံးယောက်က ငါတို့ ခိုင်းတာကို လုပ်ပေးကြ၊ ငါတို့အကြံအစည် အောင်မြင်ရင် မင်းတို့သုံးယောက် တစ်ခါတည်း ဆင်းရဲတွင်းက လွတ်အောင် ပေးထားခဲ့မယ်"





ဦးမြဇံစကား ကြားသောအခါ သုံးယောက်စလုံး ဝမ်းသာပျော်ရွှင်သွားကြလေသည်။

ထို့နောက်မှာတော့ နီမောင်တစ်ယောက် သွားလေရာနောက်သို့ တစ်ယောက်တစ်လှည့်စီ လိုက်လံချောင်းမြောင်းကြလေတော့သည်။

နီမောင်တို့ကတော့ ထိုအကြောင်းကို မသိရှာပဲ ငပုတောမှ ဝယ်ယူလာသောပစ္စည်းများနှင့် ကျိုက်တီစေတီတော်အား စတင်ပြုပြင်နေကြလေသည်။

ထိုသို့ပြုပြင်ရာမှာလည်း လူများများ မဟုတ်ပဲ နီမောင်၊ ဦးဗန်ကောင်း၊ ကပ္ပိယကြီး ဦးသာမြိုင်တို့ သုံးယောက်သာ ရှိလေသည်။

အခြားသူများကတော့ တစ်နေ့လုပ်မှ တစ်နေ့စားကြရသဖြင့် လာရောက်၍ အကူအညီ မပေးနိုင်ကြပေ။

ဘုန်းကြီးဦးပညာကတော့ အလုပ်နားသည့်အချိန်မှာ ဘုရားကုန်းတော်ပေါ်သို့ တက်လာပြီး လိုအပ်သည့်ကိစ္စများအား ဆောင်ရွက်ပေးလေသည်။

တစ်နေ့တော့ ဘုရားပြုပြင်ရာသို့ မြသင်းကြူ ရောက်လာလေသည်။

မြသင်းကြူကို မြင်သောအခါ နောက်မှ လိုက်လံချောင်းမြောင်းနေသော ထွန်းဝင်းမှာ များစွာအံ့သြသွားလေသည်။

မြသင်းကြူ ရောက်လာသောအချိန်မှာ ညနေပိုင်းအချိန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူမသည် နီမောင်တို့နှင့်အတူ ဘုရားပြုပြင်နေသောကိစ္စများကို အတန်ကြာအောင် ကူညီလုပ်ကိုင်ပေးပြီး မှောင်ရီသန်းစ အချိန်မှာ ပြန်ဆင်းသွားလေသည်။

ထိုအခါ ထွန်းဝင်းလည်း နောက်မှ လိုက်သွားလေသည်။

သူမ ပြန်သောဘက်မှာ ရွာဘက် မဟုတ်ဘဲ ကျွန်းအနောက်ဘက်သို့ ဖြစ်လေသည်။

ထိုနေရာဘက်မှာ လူမရှိပဲ သစ်တောများသာ ရှိလေသည်။

ရှေ့မှ သွားနေသည့် မြသင်းကြူမှာ ဦးခေါင်းပေါ်ရှိ တဘက်ကလေး ခြုံကာ တစိုက်စိုက်နှင့် သွားနေရာ သစ်ပင်တစ်ပင်အောက် ရောက်သောအခါ တူရွင်းတစ်လက်နှင့် မြေကျင်းတူးနေသော အဘိုးကြီးတစ်ယောက်ကိုပါ လှမ်းမြင်ရသည်။

အဘိုးကြီးက မြသင်းကြူအနား ရောက်သောအခါ တွင်းထဲမှ တစ်စုံတစ်ခုကို နှိုက်ယူကာ မြသင်းကြူအား လှမ်းပေးလိုက်သည်ကို လှမ်းမြင်လိုက်ရသည်။

မြသင်းကြူက ထိုအရာများကို တဘက်ကလေးနှင့် ထုပ်ကာ တစိုက်စိုက်နှင့် ထွက်သွားလေတော့သည်။

ထွန်းဝင်းမှာ မြသင်းကြူကို စိတ်မဝင်စားတော့ပေ။

တူရွင်းကိုင်ကာ သစ်ပင်အောက်၌ ထိုင်နေသော အဘိုးကြီးရှိရာသို့ လျှောက်လာလေသည်။

အဘိုးကြီး ကြည့်ရသည်မှာ အတော်ကလေး မောပန်းနေ





ဟန်ရှိလေသည်။

"အဘ ဘာတူးနေတာလဲ"

"ငွေတူးနေတာပါ မောင်ရယ်"

"ဒီနေရာမှာ ငွေရနိုင်လို့လား"

"ဒီထက် နက်နက်ကလေး တူးနိုင်ရင်တော့ ရနိုင်ပါသေးတယ်"

"ငွေတွင်းရှိလို့လား အဘ"

"ငွေတွင်းတော့ မဟုတ်ပါဘူး၊ ရှေးက အင်္ဂလိပ်တွေ မြှုပ်ထားခဲ့တဲ့ ငွေဒင်္ဂါးတွေတော့ ရှိသေးတယ်၊ ဒါပေမယ့် အတော်ကလေး တူးမှ ရမယ်၊ မင်းတူးချင်ရင်တော့ တူရွင်းယူထားလိုက်ပေါ့ကွယ်"

ဟု ပြောဆိုကာ တူရွင်းကို သစ်ပင်ခြေမှာ ထောင်ထားခဲ့ပြီး တုန်တုန်ချိချိနှင့် ထွက်သွားလေသည်။

ထွန်းဝင်းက အဘိုးကြီး တူးသွားသောနေရာကို လှမ်းကြည့်လိုက်တော့ နှစ်ပေသုံးပေခန့်သာ နက်သေးသည်။

"ငါ့ကို တောင်စောင့်နတ် တောင်ပိုင်တွေက ကြည့်ရှုစောင်မပေးလို့သာ အခုလို ငွေတွင်းရှိတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့တာပဲ. . . ဆက်တူးကြည့်လိုက်ဦးမယ်"

ဟု တစ်ယောက်တည်း စိတ်ကူးကာ အဘိုးကြီး ထောင်ထားခဲ့သော တူရွင်းကို ကောက်ကိုင်လိုက်သည်။

သူပြုလုပ်နေသည်ကို သစ်ပင်ပေါ်မှာ အမွေးစုတ်ဖွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငုတ်တုတ်ထိုင်နေသော မည်းမည်းသဏ္ဍာန်ကြီးက မျက်လုံးပြူးပြူးနှင့် ငုံ့ကြည့်နေလေသည်။

ထွန်းဝင်းက တူရွင်းဖြင့် မြေကြီးကို တစ်ချက်ဆောင့်တူးလိုက်သည်။

"ဒုတ်. . ."

သူက တူရွင်းတစ်ချက် တူးလိုက်သည်နှင့် အပင်ပေါ်မှ သတ္တဝါက အောက်သို့ တစ်ချက်လျှောဆင်းလာသည်။

"ဒုတ်. . ဒုတ်. . ဒုတ်"

တူရွင်းသံ တစ်ချက်ပေါ်လာတိုင်း အပေါ်မှ ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးက တစ်ထစ်ချင်း လျှောဆင်းလာသည်ကိုတော့ ထွန်းဝင်းမှာ သတိမပြုမိသေးပေ။

ထွန်းဝင်းမှာလည်း တဖြည်းဖြည်းနှင့် နက်လာသော်လည်း ယခုအချိန်အထိ ငွေဒင်္ဂါးနှင့် တူတာဆို၍ အစအနမျှပင် မတွေ့ရသေးပေ။

"ဒီအဘိုးကြီး ပြောသွားတာ ဟုတ်မှဟုတ်ရဲ့လား မသိဘူး"

ဟု တွေးမိသော်လည်း လောဘဇော တက်နေသောကြောင့် ဆက်တူးမြဲတူးလေရာ နောက်ဆုံး မြေကြီးအောက်မှ အိုးတစ်လုံးပေါ်လာတော့သည်။

"ဟော. . . တွေ့ပြီဟ"

ထွန်းဝင်းက ဝမ်းသာအားရနှင့် မြေကြီးအောက်မှ အိုးကို တူးဖော်ပြီး အပေါ်သို့ ဆွဲတင်လိုက်လေသည်။





အိုးမှာ စဉ့်အိုးဖြစ်ပြီး အပေါက်ဝကို ပိတ်ဆို့ထားသည်။

ထွန်းဝင်းက အပေါက်ကို ဖွင့်နေလျှင် ကြာနေမည်စိုးသဖြင့် အိုးကို တူရွင်းရိုးနှင့် ရိုက်ခွဲလိုက်သည်။

"ခွမ်း. . ."

အိုးကွဲသွားသောအခါ အတွင်းမှ မည်းမည်းသဏ္ဍာန်များ ထွက်ကျလာသည်။

အခြားမဟုတ်ပေ။

မီးသွေးခဲများပင် ဖြစ်တော့သည်။

"ဟင်. . ."

ထိုအခိုက်မှာပင် နောက်ဘက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ သစ်ပင်ပေါ်မှ ဆင်းလာသော အမွေးစုတ်ဖွားနှင့် မည်းမည်းသဏ္ဍာန်ကြီးက သူ့နောက်ကို ရောက်နေလေပြီ။

ကြောက်မက်ဖွယ်ကောင်းသော သဘက်ကြီးကို တွေ့သည်နှင့် ထွန်းဝင်းမှာ အလန့်တကြား ထွက်ပြေးရန် ပြင်သော်လည်း မရတော့ပေ။

သဘက်ကြီး၏လက်တံရှည်ကြီးတစ်ဖက်က ထွက်လာပြီး လှမ်းဆွဲထားလိုက်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

# ဘဝဟောင်းမှ ဘုရားတကာ

တွန်းဝင်းတစ်ယောက် ပျောက်နေသဖြင့် လိုက်လံရှာဖွေကြရာ တောတွင်းတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် သေဆုံးနေသည်ကို တွေ့ကြရသည်။

၎င်း၏အနီးတွင် တူရွင်းတစ်လက်နှင့် မီးသွေးခဲများသာရှိသော စဉ့်အိုးကွဲတစ်လုံးကိုလည်း တွေ့ရလေသည်။

ထိုအခါ ဦးသူတော်က မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းဝင်းတစ်ယောက်တော့ ဥစ္စာစောင့်တွေရဲ့လှည့်စားတာကို ခံလိုက်ရတာ ဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ သူ့အနားမှာ တူရွှင်းတစ်လက် တွေ့ရတာ တခြားမဟုတ်ဘူး၊ ဒီနေရာမှာ ဥစ္စာပစ္စည်းရှိတယ်ထင်ပြီး တူးနေတာပဲ ဖြစ်ရမယ်၊ မီးသွေးခဲတွေ ရှိတဲ့အိုးဆိုတာလည်း ဥစ္စာစောင့်တွေ ပရလောကသားတွေ လှည့်စားတတ်တဲ့ သင်္ကေတတစ်ခုပဲ"

"ဒီအတိုင်းဆိုရင် နီမောင်နဲ့ တွဲနေတဲ့ မိန်းကလေးက လှည့်စားပြီး သတ်လိုက်တာဖြစ်မယ် ဆရာကြီး၊ သူ့ကို တွေ့အောင်လိုက်ရှာရမယ်"

ဟု ပြောနေကြစဉ် သူတို့နောက်ဘက်မှ တောတိုးလာသံကြားရသဖြင့် အားလုံးလှည့်ကြည့်လိုက်ကြရာ တောထဲမှ ထွက်လာသော မြသင်းကြူကို တွေ့ရသဖြင့် အံ့သြသွားကြလေသည်။

"ကျွန်မကို တွေ့ချင်လို့ ရှာနေတာလား၊ ရှာစရာ မလိုပါဘူး၊ တွေ့ချင်တဲ့ကိစ္စသာ ပြောပါ"

ထိုအခါ ဦးသူတော်က ရှေ့သို့ ထွက်သွားလေသည်။

"သူ့ကို နင်သတ်လိုက်တာ မဟုတ်လား"

ဦးသူတော်က သေနေသော ထွန်းဝင်းအလောင်းကို လက်ညှိုးထိုးပြကာ မေးလိုက်သည်။

"သူ့ကို ကျွန်မ သတ်တာမဟုတ်ပါဘူး၊ သူ့ရဲ့လောဘစိတ်က ပြန်သတ်လိုက်တာပါ"

"အေးလေ. . . လက်ဆုပ်လက်ကိုင် မမြင်ရတော့လည်း





နင်ပြောသမျှ ယုံရမှာပေါ့"

"ရှင်မယုံရင် ကျွန်မ သက်သေပြနိုင်ပါတယ်"

"ဒီတောထဲမှာ ဘယ်သူ့ကို သက်သေပြမှာလဲ"

"ဒီတောထဲမှာ ပရလောကသားတွေ အများကြီး ရှိတာပဲ၊ သူတို့ကို မေးကြည့်ရင် သိရမှာပေါ့"

"ဘယ်လို မေးရမှာလဲ"

"ရှင်က သိုက်ဆရာတစ်ယောက် လုပ်နေပြီး ပရလောကသားတွေအကြောင်းကိုတောင် သိပ်ပြီးသိပုံမရဘူး၊ ဒီလူသေတာ သူ့ဖာသာ သေတာလား၊ ကျွန်မ ပယောဂကြောင့် သေရတာလားဆိုတာ လှမ်းမေးကြည့်ပေါ့၊ မမေးခင် သူတို့ရှိမရှိ အရင်လှမ်းမေးကြည့်ပါလား"

ထိုစကားကြောင့် ဦးသူတော်ကိုယ်တိုင်စိတ်ထဲမှာ ကြောက်ရွံ့သွားလေသည်။

သို့သော်လည်း အများရှေ့မှာမို့ ဟန်မပျက်နေရလေသည်။

"ရှင် မမေးဝံ့ရင် ကျွန်မမေးကြည့်ပေးပါ့မယ်၊ ဒီပတ်ဝန်းကျင်မှာ ပရလောကသားတွေ ရှိရင် ရှိတဲ့နေရာက သစ်ပင်တွေ လှုပ်ပြပါ"

ဟု အသံကျယ်ကျယ်နှင့် လှမ်းမေးလိုက်သည်နှင့် သူတို့ပတ်ဝန်းကျင်မှာ ရှိသော သစ်ပင်ကြီးငယ်တို့မှာ တဗျောဗျောနှင့် အသံမြည်လျက် လှုပ်ယမ်းသွားလေတော့သည်။

ထိုအသံများကို ကြားသောအခါ ပိုမိုကြောက်ရွံ့သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒီနားတစ်ဝိုက်မှာ သူတို့ရှိနေတာ သေချာပြီ ဆိုတော့ ရှင်မေးချင်တာ မေးလို့ရပြီ၊ ဟုတ်ရင် သစ်ပင်လှုပ်ပြလိမ့်မယ်၊ မဟုတ်ရင် ငြိမ်နေကြလိမ့်မယ်"

ဟု ပြောသဖြင့် ဦးသူတော်က အရဲစွန့်ကာ လှမ်းမေးလိုက်လေတော့သည်။

"ထွန်းဝင်းကို ဒီမိန်းကလေး သတ်တာ အမှန်ပဲလားဟေ့"

ဦးသူတော်၏အသံက တောထဲမှာ ပဲ့တင်ထပ်သွားတော့သည်။ သို့သော် မည်သည့်အသံမှ ပေါ်မလာပေ။

"ထွန်းဝင်း သူ့ဖာသာ သေတယ်ဆိုတာ မှန်သလားဟေ့"

"ဗျော. . . ဗျော. . ဗျော"

ထိုအခါမှ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်ကြီးငယ်တို့ လှုပ်ယမ်းသံများ ပေါ်လာတော့သည်။

ထိုမြင်ကွင်းကြောင့် ပိုမိုကြောက်ရွံ့သွားကြလေသည်။

"ကဲ. . . ရှင်ယုံပြီ မဟုတ်လား"

"ဒါက အရေးမကြီးပါဘူး၊ ငါမေးတာကို မှန်မှန်ဖြေစမ်း၊ နင် သိုက်နန်းရှင်တစ်ယောက် မဟုတ်လား"

ထိုစကားကြားသောအခါ မြသင်းကြူက ကြောက်ရွံ့သော အမူအရာဖြင့်. . .

"မှန်. . . မှန်ပါတယ်ရှင်"

ပြန်ဖြေလိုက်သည်။

"ဒီလိုမှပေါ့. . . နင် ဘယ်သိုက်ကလဲ"





"ရွှေ. . . ရွှေနဒီ သိုက်နန်းကပါ"

"ရွှေနဒီသိုက်က ဘယ်နေရာမှာ ရှိတာလဲ"

"အတွင်းဒီပါရုံနားမှာပါ"

"နင်က ဘာကြောင့် ဒီကျွန်းပေါ် ရောက်နေရတာလဲ"

"ရွှေနဒီသိုက်ရဲ့အပြင်တံခါးပေါက်ဝက ဒီကျွန်းပေါ်မှာ ရှိပါတယ်"

"ဘယ်နေရာမှာလဲ"

"တိုက်ပျက်ကြီး ရှိတဲ့နေရာမှာပါ"

"အဲဒီမှာ ရတနာပစ္စည်းတွေ ရှိတယ်ဆိုတာ အမှန်ပဲလား"

"ငွေဒင်္ဂါးတွေ ရှိပါတယ်"

"နီမောင်တို့ ယူလာတဲ့ ငွေဒင်္ဂါးတွေက အဲဒီနေရာက နင် ယူပေးလိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒီလောက်သိရရင် တော်ပြီ၊ ရွှေနဒီသိုက်ရဲ့အပြင်တံခါးကို ငါရအောင်ဖွင့်ပြီး ငွေဒင်္ဂါးတွေကို ယူရမယ်၊ နင်သွားပေတော့"

ဟု ပြောလိုက်ရာ မြသင်းကြူလည်း တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ ဦးမြဇံအပါအဝင် အတူပါလာသူများက ဆရာကြီး ဦးသူတော်၏ပညာစွမ်းကို ဝိုင်းဝန်းချီးမွမ်းကြလေတော့သည်။

"ဆရာကြီးပညာက တယ်လည်း စွမ်းပါလား၊ သိုက်နန်းရှင် တစ်ယောက်ကို အခုလို ခေါ်မေးနိုင်တဲ့ပညာက နည်းတဲ့ပညာ



www.burmeseclassic.com

မဟုတ်ဘူး”

“ဒါတောင် အင်းတွေ ဆေးဝါးမန္တာန်တွေ မသုံးရသေးဘူး၊ ဒါတွေသာ သုံးလိုက်ရင် ကျွမ်းပြန်သွားမှာ သေချာတယ်”

“အခု ငွေဒင်္ဂါးတွေ ရှိတဲ့နေရာ သိရပြီဆိုတော့ ဘာလုပ်ကြမလဲ ဆရာကြီး”

“သွားတူးယူမှာပေါ့ကွာ. . . အင်္ဂလိပ်တွေ မြှုပ်ထားခဲ့တဲ့ ငွေဒင်္ဂါးတွေကိုသာ ရလို့ကတော့ ငါတို့ တစ်ဖွဲ့သားလုံး ချမ်းသာပြီလို့သာ မှတ်ကြပေတော့”

ဟု အားရပါးရ ပြောလိုက်ရာ ငွေမရခင်ကတည်းက ဝမ်းသာနေကြလေသည်။

ထို့နောက်တွင် တိုက်ပျက်ကြီး ရှိရာသို့ သွားကြလေသည်။

တိုက်ပျက်ဟောင်းကြီး ရှိသောနေရာမှာ စောဘဦး အုန်းခြံအတွင်း၌ ရှိလေသည်။

ထိုတိုက်ပျက်ကြီး ရှိသောနေရာကို ယခုအခါ ‘အဏ္ဏဝါဘဏ်’ ဟုလည်း ခေါ်ကြသည်။

လူသူမရှိပဲ ခေါင်လှသောနေရာဖြစ်သည်။ ထိုနေရာသို့ ရောက်အောင် ရေလမ်းဘက်မှ လှေများဖြင့် သွားကြရသည်။

ဦးသူတော်ကတော့ သိုက်တူးဖော်ရန်အတွက် လိုအပ်သောပစ္စည်းများကို ယူဆောင်သွားလေသည်။

၎င်းတို့ ထွက်သွားသောအခါ နောက်မှ လိုက်လံကြည့်နေသော လူတစ်စုလည်း ထိုနေရာမှ ပြန်ထွက်သွားကြတော့သည်။





ထိုကဲ့သို့ ၎င်းတို့နောက်မှ လူတစ်စု လိုက်လံကြည့်ရှုနေသည်ကိုတော့ ဦးသူတော်တို့တစ်တွေမှာ လုံးဝမရိပ်မိကြပေ။

ထိုအချိန်တွင် ကျိုက်တီ ဘုရားကုန်းတော်ပေါ်တွင် နီမောင်တို့တစ်တွေမှာ ဘုရားပြုပြင်ခြင်းကိစ္စများကို ဆောင်ရွက်နေကြလေသည်။

ဦးဗန်ကောင်း၊ စောထီး၊ ဖမဲအောင်တို့ကလည်း နေ့စဉ်နှင့်အမျှ လာရောက်ကူညီပေးကြလေသည်။

ငွေဒင်္ဂါးပြားများကို ရောင်းရသောငွေဖြင့် ကွာကျနေသော အင်္ဂတေများ ဖာထေးပြုပြင်ခြင်း၊

မှန်ချပ်များ အသစ်လဲလှယ်ခြင်း၊ ထီးတော်နှင့် အခြားနေရာများကို ဆေးသုတ်ခြင်းများ ပြုလုပ်ကြသည်။

ထိုသို့ပြုပြင်နေကြစဉ်မှာပင် ဦးဗန်ကောင်းက သက်ဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ကန်တော့ပွဲပေးကာ တိုင်တည်ပြောဆိုနေသည်ကို တွေ့ရသဖြင့် နီမောင်က မေးသည်။

“အဘ ကန်တော့ပွဲ ပေးပြီး ဘယ်သူတွေကို တိုင်တည်နေတာလဲ”

“ရှေးက ဒီဘုရားကို တည်ခဲ့တဲ့ ဘုရားဒါယကာတွေကို တိုင်တည်နေတာပါ”

“ဟင်. . . ဒီဘုရားရဲ့မူလဒါယကာက သီရိဓမ္မာသောကမင်းကြီးဆိုတော့ သူတို့ မရှိတော့တာပဲ နှစ်ပေါင်းအတော်ကြာခဲ့ပြီပဲ သိနိုင်ပါတော့မလား”

www.burmeseclassic.com



"မူလဘုရားဒါယကာတွေ မရှိကြတော့ပေမယ့် သက်ဆိုင်သူတွေကတော့ ရှိနေပါသေးတယ်၊ ဒီဘုရား ရှိနေသရွေ့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေကတော့ အဆက်ဆက် ရှိနေကြမှာပဲ"

"သူတို့ကို ဘာအတွက် ခွင့်တောင်းရတာလဲ"

"ဘုရားဟောင်း ပြုပြင်တယ်ဆိုတာ သိပ်အရေးကြီးတယ်၊ ဘုရားအသစ်တည်တာက ကိုယ်နှစ်သက်တဲ့နေရာမှာ ကိုယ့်သဘောကျ တည်ခွင့်ရှိပေမယ့် အဟောင်းကို ပြုပြင်တဲ့အခါကျတော့ မူလဒါယကာတွေနဲ့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေရဲ့သဘောတူခွင့်ပြုမှုကို ယူရတယ်"

"ဘာကြောင့်လဲ အဘ"

"ဘုရားဟောင်းဆိုတာ သူ့အဓိဋ္ဌာန်နဲ့ သူ့ပုံစံနဲ့ တည်ခဲ့တာဆိုတော့ ပုံစံဟောင်းကို မပြောင်းရဘူး၊ အရပ်ရှစ်မျက်နှာ လှည့်တာကအစ မုခ်ဦးဖောက်တာအဆုံး သူ့ရဲ့မူလပုံစံအတိုင်းပဲ လုပ်ရတယ်၊ ကိုယ့်သဘောနဲ့ မလုပ်ရဘူး၊ တကယ်လို့ လုပ်မိလို့ မှားသွားရင် စေတနာကနေ ဝေဒနာဖြစ်တတ်တယ်၊ မိတ်ဆွေကနေ ရန်သူအဖြစ် ရောက်သွားတတ်တယ်"

ဟု ရှင်းပြလေသည်။

"အခုထိတော့ ဘာမှ မထူးခြားသေးဘူးနော်"

"သူတို့ ပြောစရာရှိရင် အချိန်တန်တော့ ရောက်လာပေလိမ့်မပေါ့"

ဟု ပြောဆိုကာ လုပ်စရာရှိသောအလုပ်များကို ဆက်လုပ်





နေကြသည်။ ညဦးပိုင်းအချိန်ရောက်သောအခါ ပင်လယ်ဘက်မှလာသော ပိန်းကောလှေတစ်စင်းမှာ သောင်စပ်သို့ ထိုးဆိုက်လာသည်။

ပြီးနောက် ရှေးခေတ်အဝတ်အစားများနှင့် လူကြီးတစ်ယောက် ကုန်းတော်ပေါ်သို့ တက်လာလေသည်။

၎င်းမှာ သျှောင်ထုံးကို ပိုးပုဝါနှင့် ပေါင်းထားပြီး ရင်ဖုံးအကျီ၊ တောင်ရှည်ပုဆိုးတို့ကို ဝတ်ဆင်ထားသည်။

နှုတ်ခမ်းမွေးအရှည်များနှင့် ခန့်ထည်သော ဥပဓိရုပ် ရှိသည်။ ကုန်းတော်ပေါ် ရောက်လာသောအခါ ဦးဇန်ကောင်းက ဆီးကြိုလေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"ဒီက မိတ်ဆွေကြီး ဖိတ်ကြားသမျှ လာခဲ့ရတာပါ၊ ပေးဝေတဲ့ အမျှအတန်းတွေကိုလည်း ရရှိပါတယ်၊ ကျုပ်တို့ရဲ့ဘုရားကို ပြုပြင်ပေးတာ အထူးပဲ ကျေးဇူးတင်လှပါတယ်"

"အခုလို ရောက်လာတာ ဝမ်းသာလှပါတယ် ဘုရားဒကာကြီး၊ ဖိတ်ကြားရတဲ့အကြောင်းကတော့ တခြားမဟုတ်ပါဘူး၊ ဘုရားပြုပြင်ရာမှာ အမှားအယွင်း ရှိခဲ့ရင် ပြုပြင်ပေးစေချင်လို့ပါပဲ"

"အမှားအယွင်းကတော့ သိပ်မရှိလှပါဘူး၊ ထီးတော်ကို ပြုပြင်ရင်သာ စိန်ဖူးတော်ကို ပင်လယ်ဘက်ကို လှည့်ထားပေးစေချင်တာပါပဲ"

"ကောင်းပါပြီ. . . စိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပြုပြင်တဲ့အထဲမှာ ကျုပ်တို့လည်း ဝတ္ထုငွေ ပါဝင်ခဲ့ပါရစေ"

ဟု ပြောဆိုကာ အင်္ကျီအိတ်ထဲမှာ ထည့်ယူလာသော ပိုးပုဝါထုပ်အား ဦးဇန်ကောင်းအား လှမ်းပေးလေသဖြင့် လှမ်းယူထားလိုက်သည်။

ထို့နောက် ထိုလူကြီးက ဘုရားကို တစ်ပတ်ပတ်ကာ ရှိခိုးပူဇော်ပြီးနောက် ဦးဇန်ကောင်းတို့ကို နှုတ်ဆက်ကာ တောင်အောက်သို့ ပြန်ဆင်းသွားလေတော့သည်။

အတန်ကြာသောအခါ မှုန်ဝါးသော လရောင်အောက်တွင် ပင်လယ်ပြင်ဘက်သို့ ပြန်ထွက်သွားသော ပိန်းကောလှေကြီးကို စိုးတဝါး လှမ်းမြင်လိုက်ကြရလေသည်။





အခန်း(၉)

# လောဘသားတို့၏ကံကြမ္မာ

**တောင်း**ကင်ပြင်ပေါ်မှာ လရောင်ရှိသည်ဆိုစေကာမူ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များကသာ ဖုံးလွှမ်းထားလေသည်။ မှုန်ဝါးသော အလင်းရောင်အချို့သည် အုန်းတောများ သစ်ကိုင်းသစ်ခက်များကြားမှ မြေပြင်ပေါ်သို့ အားနည်းစွာ ထိုးဆင်းကျနေသည်။

အုန်းတောအလယ်တွင် ရှေးခေတ်က အင်္ဂလိပ်တို့ အောက်လုပ်နေထိုင်ခဲ့သည့် တိုက်ပျက်ကြီးတစ်လုံး ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတိုက်ကြီးမှာ တစ်ချိန်က တင့်တယ်ဝင့်ကြွားခဲ့ဟန် ရှိသော်လည်း ယခုအခါ၌မူ အချို့နေရာများမှာ ပြိုကျပျက်စီးလျက်ရှိနေပြီး လေဒဏ်မိုးဒဏ်များကြောင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

ရေညှိရေမှော်များကြောင့် အစိမ်းရောင် အညိုရောင်များက တိုက်ပျက်ကြီးတစ်ခုလုံး ဖုံးလွှမ်းထားလေသည်။

ထိုတိုက်ပျက်ကြီးတွင် ရှေးအခါက အင်္ဂလိပ် အရာရှိများ၊ စစ်သားများ နေထိုင်ခဲ့ကြပြီး (၁၇၅၉)ခုနှစ်တွင် မြန်မာစစ်သားများ ရောက်လာပြီး အားလုံးကို တိုက်ခိုက်သတ်ပြီးနောက်တွင် နေထိုင်မည့်သူ မရှိတော့ပေ။

ရှေးအခါက မြေအောက်ခန်းထဲတွင် ငွေဒင်္ဂါး ပြုလုပ်သည့်စက်များနှင့် ရတနာပစ္စည်းများ ရှိသည်ဟု အထင်ရှိကြလေသည်။

သို့သော် ကိုယ်တိုင်ရောက်ဖူးသူ ရှိသည်ဟုတော့ မကြားမိကြပေ။ မကြာခဏဆိုသလို ထိုတိုက်ပျက်ကြီးသို့ ဥစ္စာပစ္စည်း ရှာဖွေသူများ လာရောက်ရှာဖွေကြသည်။

သို့စေကာမူ ဥစ္စာပစ္စည်း မရပဲ သရဲတစ္ဆေများ ခြောက်လှန့်သဖြင့် ထွက်ပြေးကြရလေသည်။

ယခု ထိုတိုက်ပျက်ကြီးရှေ့တွင် လူတစ်စု ရောက်နေကြသည်။ ပယောဂဆရာ ဦးသူတော် ခေါင်းဆောင်သော အဖွဲ့သားများပင်ဖြစ်သည်။

ရှာခံဆို၍ စိန်သန်းနှင့် မြင့်ဆောင်တို့ နှစ်ယောက်သာ ပါ





လာလေသည်။ ထွန်းဝင်းတစ်ယောက် မမျှော်လင့်ပဲ သေဆုံးသွားပြီးနောက်တွင် ကျန်နှစ်ယောက်မှာလည်း ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။ သို့သော်လည်း အကြံအစည် အောင်မြင်ပါက ဆင်းရဲတွင်းမှ လွတ်မည်ဟု ဦးသူတော်တို့က မက်လုံးပေး ပြောဆိုကာ ခေါ်လာခဲ့သောကြောင့် အရဲစွန့်ကာ လိုက်လာကြခြင်း ဖြစ်သည်။

ထိုနေရာသို့ ရောက်သောအခါ ဦးသူတော်က တိုက်ဟောင်းကြီးကို ပတ်ကာ စည်းဝိုင်း,ဝိုင်းခြင်း၊ ဆန်မန်းပေါက်ပေါက်များ ကြဲခြင်း၊ ရာဇမတ်များ စေ့နေအောင် ကာခြင်းများ ပြုလုပ်သည်။ ပြီးလျှင် ထောင့်လေးထောင့်မှာ ဖယောင်းတိုင်ကြီးများလည်း စိုက်၍ မီးထွန်းထားလေသည်။

တိုက်ပေါက်ဝနှင့် တည့်တည့်နေရာလောက်တွင် ကန်တော့ပွဲ ပြင်ထားပြီး ၎င်းအသုံးပြုသော အင်းချပ်များ၊ ဆေးလုံးများနှင့် ဆေးကြိမ်လုံးများကိုလည်း အစီအရီ တင်ထားလေသည်။

၎င်းနှင့် ပါလာသူများကတော့ စည်းဝိုင်းအတွင်းမှာ ငြိမ်သက်စွာ ရှိနေကြလေသည်။

ဦးသူတော်က ရသမျှ ဂါထာမန္တာန်များကို ရွတ်ဆိုတိုင်တည်ပြီး အခြေအနေ စောင့်ကြည့်သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ ဖုံးလွှမ်းနေပြီး ငြိမ်သက်စွာ ရှိနေလေသည်။

သို့သော်လည်း အမှောင်ရိပ်ထဲမှာတော့ လျှို့ဝှက်သော မျက်လုံးများက စောင့်ကြည့်နေကြလေသည်။

ဦးသူတော်က လုပ်စရာရှိသည်များကို လုပ်ပြီးသောအခါ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပျက်ကြီးအတွင်းသို့ ဝင်ကြရန် ပြင်ဆင်ကြသည်။

မီးတိုင်များ မီးညှိသူကမီးညှိ၊ ပါလာသော ခါးလှံများကို ပြင်သူက ပြင်နေကြစဉ် တောထဲမှ တောတိုးလာသော ခြေသံများကို ကြားရသည်။

လှမ်းကြည့်လိုက်သောအခါ မီးရောင်များကို မြင်ရသည်။

ခြေသံနှင့် မီးရောင်များမှာ တစ်နေရာတည်းမှ မဟုတ်ပဲ လေးဘက်လေးတန်မှ ကြားရမြင်ရခြင်းဖြစ်သည်။

"ဆရာကြီး. . . ခြေသံတွေက အများကြီးပဲ၊ အင်္ဂလိပ် သရဲတစ္ဆေတွေ လာကြပြီနဲ့တူတယ်"

"လာပေစေပေါ့ကွာ. . . ငါ့ဆေးနဲ့ တွေ့လို့ကတော့ ဒင်းတို့ဘာခံနိုင်မှာမို့လဲ"

ဟု ကြိမ်းမောင်းပြောဆိုကာ ကြိမ်လုံးနှင့် မြေပြင်ကို တစ်ချက်နှစ်ချက် ရိုက်လိုက်သည်နှင့် ကြားနေရသော ခြေသံများ ပျောက်သွားပြီး မီးရောင်များလည်း ပြန်ပျောက်သွားလေတော့သည်။

နောက်မှ လိုက်လာသူများက ဆရာကြီးဦးသူတော်ကို များစွာအထင်ကြီးသွားကြလေသည်။

တောထဲမှ ကြားနေရသောအသံများ ငြိမ်သွားသောအခါ တိုက်ကြီးအတွင်းသို့ ဝင်ကြလေသည်။

တိုက်အတွင်းမှာ မှောင်နေသည်။

အတွင်းရောက်သောအခါမှ မီးရောင်ကြောင့် တဝီဝီအသံများ ကြားရသဖြင့် အပေါ်သို့ မော့ကြည့်လိုက်သောအခါ အပေါ်





မျက်နှာကျက်၌ စွဲနေသော ပျားအုံကြီးများကို တွေ့ကြရလေသည်။

ပျားများမှာ လူမနေသော တိုက်ပျက်ကြီးထဲတွင် ပျားအုံစွဲနေကြခြင်းဖြစ်ပြီး တုတ်လျှင် နွားများပင် မခံနိုင်အောင် အဆိပ်ပြင်းသောပျားကြီးများ ဖြစ်ကြသည်။

ပျားကောင်များက မီးရောင်မြင်သောအခါ တဝေါဝေါနှင့် လန့်ပျံနေကြလေသည်။ သို့သော်လည်း ဝင်လာသူများကိုတော့ ဘေးအန္တရာယ် မပေးသေးပေ။

တိုက်ပျက်အတွင်း ရောက်သောအခါ အပုပ်နံ့များ ရလာသည်။

အတွင်းပိုင်းဘက်မှ လူညည်းသံလိုလို ရယ်သံလိုလိုအသံများ နေရာအနှံ့မှ ကြားလာရသည်။

မီးရောင်ဖြင့် ကြည့်သော်လည်း ဘာမှ မမြင်ရပေ။

သို့သော် အပုပ်နံ့များက စူးစူးဝါးဝါး ထွက်နေလေသည်။

"ဟီး. . ဟီး. . ဟီး. . ဟီး"

ဟု တစ်နေရာမှ ရယ်သံလိုလို ကြားရသဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ အမှောင်ရိပ်အတွင်းမှာ ရပ်နေသော လူတစ်ယောက်၏သဏ္ဍာန်ကို လှမ်းမြင်ရသည်။

ထိုသဏ္ဍာန်မှာ အပေါက်ဝ၌ တောင့်တောင့်ကြီး ရပ်နေလေသည်။

"ဆ. . . ဆရာကြီး ဟိုမှာ"

ဦးသူတော်က ဂါထာမန္တာန်များကို ထိုသဏ္ဍာန်က တစ်



www.burmeseclassic.com

www.burmeseclassic.com



လက်မမှ နေရာရွေ့မသွားပဲ ရပ်မြဲရပ်နေလေသည်။

သို့ကြောင့် အရဲစွန့်ပြီး ရှေ့သို့ တိုးသွားကာ မီးအိမ်ဖြင့် မြှောက်ကြည့်လိုက်လေသည်။

"ဟာ. . ."

"ထွန်းဝင်းအလောင်းကြီးပါလား"

သူတို့နှင့် မလှမ်းမကမ်း အခန်းပေါက်ဝမှာ မတ်တတ်ရပ်နေသော သဏ္ဍာန်မှာ တစ်နေ့ကမှ သေဆုံးသွားသော ထွန်းဝင်း အလောင်းပင် ဖြစ်တော့သည်။

"ဆရာကြီး. . . လုပ်ပါဦးဗျ၊ ထွန်းဝင်း ဒီမှာ ရောက်နေပြီ"

"သေတာဖြင့် တစ်ရက်နှစ်ရက် ရှိနေပြီ၊ ဖုတ်ဝင်ပြီး ရောက်လာရော့သလား"

"ဟို. . . ဟိုမှာ မျက်လုံးပြူးကြီးနဲ့ လှမ်းကြည့်နေတယ်ဗျ"

"ဆရာကြီး. . . ဒီအကောင်ကြီး ပျောက်သွားအောင် လုပ်ပါဦးဗျ"

ထို့ထက် ထွန်းဝင်းအလောင်း ရပ်နေသောနေရာနှင့် မဝေးလှသောကြောင့် တိုက်ခန်းအတွင်းမှာ အပုတ်နံ့များက လှိုင်နေရာ အသက်ရှူမဝအောင် ရှိနေကြသည်။

ဦးသူတော်မှာ နောက်မှ လိုက်ပါလာသူ များသည်က တစ်ကြောင်း၊ ရှေ့မှာ ရပ်နေသည့်အလောင်းကလည်း မလှုပ်သဖြင့် အရဲကိုးကာ ရှေ့သို့ တိုးကြည့်သည်။

ထိုအခါ နောက်မှ နေသူများကလည်း နောက်မှ ကပ်လိုက်





လာသည်။

မီးရောင်ဖြင့် မြင်နိုင်လောက်သောအခါ အမှန်ပင် သေဆုံးသွားသော ထွန်းဝင်းအလောင်းဖြစ်မှန်း တွေ့ကြရသည်။

အလောင်းမှာ ပုပ်စပြုနေပြီဖြစ်သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီဖြစ်ရာ မျက်လုံးပြူးကြီးနှင့် သူတို့ကို စိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။

ဦးသူတော်ကလည်း ရှေ့သို့ တိုးသွားရာ အလောင်းကောင်နှိရာမှ ညည်းသံလိုလို ရယ်သံလိုလို အသံမျိုးကြီး ပေါ်လာပြီးနောက် အခန်းပေါက်ဝမှာ မားမားကြီး ရပ်နေသော အလောင်းကောင်မှာ ဘဖြည်းဖြည်းနှင့် လှုပ်ရှားလာပြီး ဦးသူတော် ရှိရာသို့ ခုန်ဝင်လာလေတော့သည်။

"ဝုန်း. . ."

မမျှော်လင့်ဘဲ အလောင်းကောင်ကြီး ခုန်ဝင်လာသဖြင့် ရှောင်ချိန်မရတော့ဘဲ ဦးသူတော် အပါအဝင် အားလုံးမှာ တစ်ယောက်နှင့်တစ်ယောက် တိုက်မိကာ လဲကျသွားလေတော့သည်။

အလောင်းကောင်က ဦးသူတော်အပေါ်သို့ ကားယားကြီး ခွစီးထားသကဲ့သို့ ဖြစ်နေချေသည်။

ကြမ်းပြင်ပေါ်သို့ လဲကျသွားကြသောကြောင့် မီးအိမ်များလည်း လွတ်ကျကာ တခြားစီ ဖြစ်သွားကြလေတော့သည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှာ မည်းမည်းသဏ္ဍာန်ကြီးများ ထွက်လာပြီးနောက် တင်းပုတ်ကြီးများ တုတ်များဖြင့် လဲကျနေ



www.burmeseclassic.com

www.burmeseclassic.com



သူများကို လိုက်ရိုက်လေတော့သည်။

"အမယ်လေး . . . လုပ်ကြပါဦးဗျ၊ တစ္ဆေသရဲတွေ ထွက်လာပြီ"

ဦးသူတော်နှင့် ပါလာကြသူများမှာ အစကတည်းက ကြောက်လန့်နေရာမှ မမျှော်လင့်ပဲ သူတို့အားကိုးသော ဆရာကြီး ဦးသူတော်ကိုယ်တိုင် အလောင်းကောင်အောက် ရောက်နေပြီ ဖြစ်သောကြောင့် ဟန်မဆောင်နိုင်ကြတော့ပဲ ထွက်ပြေးသူက ပြေးကြသည်။

ထိုအချိန်မှာ တိုက်ပျက်ကြီး၏အဝင်ပေါက် မျက်နှာချက် နေရာမှာ စွဲနေကြသော ပျားအုံကြီးများမှာ တစ်စုံတစ်ယောက်က ခြောက်လှန့်လိုက်သဖြင့် တဝေါဝေါနှင့် ပြုဆင်းလာပြီးနောက် မည်းမည်းမြင်ရာ လိုက်လံတုတ်လေတော့သည်။

ဦးသူတော်မှာလည်း ယခုအချိန်အထိ အလောင်းကောင် အောက်မှ မထွက်နိုင်ပဲ ရှိနေသေးရာ ကျန်လူများ၏ဒုက္ခကို မကယ်နိုင်ပဲ ရှိနေလေသည်။

အပြင်ထွက်တော့လည်း ပသန်ပျားကောင်ကြီးများက လိုက်လံတုပ်သဖြင့် အတွင်းဝင်ပြေးပြန်တော့လည်း မည်းမည်းသတ္တဝါကြီးများ၏တင်းပုတ်ဒဏ်ကို ခံကြရလေရာ ဦးသူတော်တို့ တတွေမှာ ပြေးပေါက်မရှိအောင် ဖြစ်နေကြတော့သည်။

၎င်းတို့ ယူလာသော မီးအိမ်များမှာလည်း မည်းမည်းသဏ္ဍာန်ကြီးများ၏တင်းပုတ်ချက်ကြောင့် အစိပ်စိပ် အမွှာမွှာ ကွဲ





တာ အချို့နေရာများမှာ မီးတောက်များပင် ထလာချေသည်။

အတန်ကြာသောအခါ မည်းမည်းသဏ္ဍာန်ကြီးများမှာ တိုက်ပျက်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ တိုက်ပျက်ကြီးအတွင်း၌ ကျန်နေခဲ့သော လောကသားတို့၏ ကံကြမ္မာကား . . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

## ရွှေဒိဗ္ဗူးစာ

**နောက်** တစ်နေ့တွင် ကျွန်းသူကျွန်းသားများမှ တစ်ဆင့် သတင်းတစ်ခု ထွက်လာလေသည်။

ထိုသတင်းကတော့ အခြားမဟုတ်ပေ။

တိုက်ပျက်ကြီးသို့ သွားရောက်ကာ ရွှေငွေရတနာများ ရှာဖွေကြသည့် ဦးသူတော်တို့အဖွဲ့မှာ ဦးသူတော်နှင့် အခြားတစ်ယောက်တို့ အသက်သေပြီး အခြားသူများမှာ ပျားတုပ်သောဒဏ်နှင့် သရဲသဘက်များ ထုနှက်လိုက်သော ဒဏ်ချက်များစွာတို့ ရကာ



www.burmeseclassic.com

www.burmeseclassic.com



မသေရုံသာ ရှိကြတော့သည်။

ဦးသူတော်ကတော့ ထွန်းဝင်းအလောင်းကြီး ဖိလျက်သား နှင့်ပင် အကြောက်လွန်ကာ အသက်ပျောက်နေခြင်းဖြစ်၏။

စိန်သန်းနှင့် မြင့်ဆောင်တို့ နှစ်ယောက်တို့မှာလည်း ဖျား တုပ်သောဒဏ်ရာကြောင့် လူရုပ်ပင် မပေါ်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည်။

၎င်းတို့နှင့် ပတ်သက်သော သတင်းများက ဟိုင်းကြီးကျွန်း တစ်ရွာလုံး ပြောမဆုံးအောင် ရှိနေကြတော့သည်။

ထိုအချိန်မှာ ဘုရားကုန်းတော်ပေါ်မှာ ဘုန်းကြီး ဦးပညာ၊ ကပ္ပိယကြီး ဦးသာမြိုင်၊ ဦးဇန်ကောင်း၊ နီမောင်၊ စောထီး၊ ငမဲအောင် နှင့် မြသင်းကြူတို့ စုံညီစွာ ရှိနေကြသည်။

၎င်းတို့မှာ ဘုရားပြုပြင်ခြင်းကိစ္စ ပြီးစီးသွားပြီ ဖြစ်သော ကြောင့် ကဗ္ဗည်းဆိုင်းဘုတ်ပင် ကပ်ထားပြီးပေပြီ။

ဘုန်းကြီး ဦးပညာက ဘုရားနှင့် ပတ်သက်သော လိုအပ် ချက်များကို ပြောဆိုမှာကြားပြီး တောင်အောက်သို့ ပြန်ဆင်းသွား လေသည်။

ထိုအခါ မြသင်းကြူက ပြောသည်။

"အစ်ကိုတို့တွေ အခုလို အကူအညီပေးကြတာ သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ အခုဆိုရင် ဘုရားပြုပြင်တဲ့ကိစ္စတင် ပြီးစီးသွား ရုံမကဘူး၊ အနှောင့်အယှက်ပေးမယ့် ရန်သူတွေပါ ကင်းရှင်းသွားပါ ပြီ၊ ဒါကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်"





"ရပါတယ် မြသင်းကြူရယ်၊ ကူညီခွင့်ရလို့ အကူအညီပေးရ တာကိုပဲ ဝမ်းသာလှပါပြီ၊ ဒါထက် သရဲသဘက်တွေ အယောင် ဆောင်ပြီး သိုက်ဆရာနဲ့ အဖွဲ့သားတွေကို မှတ်လောက်အောင် ဆုံးမပေးလိုက်တဲ့ ဟောဒီက စောထီးနဲ့ ငမဲအောင်တို့ကိုသာ ကျေး ဇူးတင်ရမှာပါ"

ထိုအခါ နှစ်ယောက်စလုံးက သွားဖြဲကလေးများဖြင့် ရယ် လိုက်ကြသည်။

"ငါတို့ကို ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ လောဘသား တွေကို ဆုံးမပေးလိုက်ရတာပဲ ကျေနပ်လှပါပြီ"

"ငါတို့အဖွဲ့သားတွေ ခုလို ဆောင်ရွက်နိုင်အောင် အစက အကူအညီပေးတဲ့သူကတော့ ဟောဒီက ကပ္ပိယကြီး ဦးသာမြိုင်ပါပဲ"

အဖြစ်အပျက်အမှန်က ဤသို့ဖြစ်သည်။

ကျွန်းပေါ်သို့ သိုက်ဆရာများ ရောက်လာသောအခါ မြ သင်းကြူက ဆရာတော် ဦးပညာကို အကူအညီတောင်းသည်။

ထိုအခါ ဦးပညာက ကပ္ပိယကြီး ဦးသာမြိုင်ကို ခေါ်၍ တာဝန်ပေးလိုက်သည်။

တကယ်တော့ ဦးသာမြိုင်မှာ တိုက်ပျက်ကြီး၏လျှို့ဝှက် ချက်များ သိထားသည့် အဆက်အနွယ်တစ်ယောက်ဖြစ်သည်ကို အားလုံးက မသိကြပေ။

ထိုအကြောင်းကို သိထားသူမှာ ဘုန်းကြီး ဦးပညာတစ်ပါး သာရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးက တာဝန်ပေးသောအခါ ဦးသာမြိုင်က ဘုရားပြု ပြင်နေကြသော နီမောင်တို့ကို အကြောင်းစုံ ဖွင့်ပြောကာ တိုင်ပင် လေသည်။

ထိုသို့ တိုင်ပင်ပြီး တောထဲ၌ ဦးသူတော်နှင့် မြသင်းကြူတို့ တွေ့ကြသောအခါ တောထဲမှ စောင့်နေပြီး ပရလောကသားများ အယောင်ဆောင်ကာ အသံများ ပေးခဲ့ကြခြင်း ဖြစ်၏။

ထို့နောက်. . .

ဦးသူတော်တို့ တိုက်ပျက်ကြီးသို့ သွားမည့်နေ့တွင် တောထဲ မှ ထွန်းဝင်းအလောင်းကို သယ်သွားပြီး သုတ်ကိုင်းတပ်ကာ ထောင် ထားလေသည်။

နီမောင်၊ ဦးဗန်ကောင်း၊ စောထီး၊ ငမဲအောင်တို့က ပျားတုပ် လျှင် မထိစေရန် အဝတ်မည်းကြီးများ အုပ်ခြုံထားပြီး နာနာဘာဝ များအယောင် ဆောင်ထားကြသည်။

ဦးသူတော် အနားရောက်လာသောအခါ သုတ်ကိုင်းကြိုးကို ဖြတ်ပေးလိုက်သည်။

အလောင်းက ရှေ့သို့ ခုန်ထွက်သွားပြီး ဦးသူတော် ကိုယ် ပေါ်သို့ ကျသွားခြင်းဖြစ်တော့သည်။

ထိုအချိန်မှာ ကြောက်လန့်တကြား ပြေးကြရင်း မီးအိမ်များ ကျသွားသောအခါ နီမောင်တို့က ပရလောကသားများ အယောင် ဆောင်ကာ ထွက်ရိုက်ကြလေသည်။

တပြိုင်နက်တည်းမှာပင် အပေါက်ဝ မျက်နှာကျက်၌ စွဲနေ





သော ပျားအုံကြီးများကို တုတ်ဖြင့် ထိုးသူက ထိုးချလိုက်ရာ လောဘ သားများမှ ထွက်ပေါက်ပိတ်သွားပြီး ဒုက္ခရောက်ကြခြင်းပင် ဖြစ် တော့သည်။

"တကယ်တော့ လောဘသားတွေက တိုက်ပျက်ကြီးထဲမှာ ငွေဒင်္ဂါးတွေ ရွှေငွေရတနာတွေ ရှိနေသေးတယ်လို့ ထင်နေကြ တယ်၊ တကယ်တော့ အဲဒီမှာ ဘာမှ မရှိတော့ပါဘူး"

"ဘယ်ရောက်သွားလို့လဲ ဘကြီး"

"ကျုပ်ရဲ့ဘကြီးက အင်္ဂလိပ်တွေရဲ့ လူယုံတော်တစ်ဦးပါ။ အင်္ဂလိပ်တွေ အသတ်ခံရတော့ သူလွတ်သွားခဲ့တယ်၊ သူမသေခင် ကျုပ်ကို လျှို့ဝှက်ချက်တွေအားလုံး ပြောပြသွားခဲ့တယ်၊ ဒါကြောင့် ဘုန်းကြီးနဲ့ တိုင်ပင်ပြီး တိုက်ပျက်ကြီးထဲက ရတနာတွေနဲ့ ငွေဒင်္ဂါးတွေ ကို ယူပြီးတော့ ဘုရားကုန်းတော်အောက်မှာ မြှုပ်ထားပြီးပါပြီ"

ဦးသာမြိုင်စကားကြားသောအခါမှ နီမောင်တို့မှာ သဘော ပေါက်ကာ ရှင်းသွားကြလေတော့သည်။

"ဒါဖြင့် မြသင်းကြူဆီက ငွေဒင်္ဂါးတွေက ဘယ်ကလဲဟင်"

"ကျုပ်ပေးလိုက်တာပါ၊ မြသင်းကြူက တခြားမဟုတ်ပါဘူး ကျုပ်တူမလေးပါ"

"ဟင်. . ."

"ကျုပ်အနေနဲ့ ငွေဒင်္ဂါးတွေ ထုတ်ပြီး ဘုရားပြုပြင်ရင် လောကသားတွေက ရိပ်မိမှာစိုးလို့ တူမလေး မြသင်းကြူနဲ့ တိုင်ပင် ပြီးတော့ အခုလို လုပ်ရတာပါပဲ"



www.burmeseclassic.com

"ဒါ. . . ဒါဖြင့် မြသင်းကြူက သိုက်နန်းထဲက လာတယ် ဆိုတာ မဟုတ်ဘူးလားဟင်"

"တကယ်တော့ သူက အဲ့ဒီက လူတွေနဲ့ အဆက်အသွယ် ရှိတဲ့လူတစ်ယောက်ပါပဲ၊ ဒါပေမယ့် လူ့ဘဝမှာ နေခွင့်အချိန်တော့ တစ်ဘဝစာ ရထားတဲ့သူပါ"

ထိုစကားကြားသောအခါ နီမောင့်စိတ်ထဲမှာ ဝမ်းသာသလို ဖြစ်သွားမိလေသည်။

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ၊ အခုတော့ ဘုရား လည်း ပြုပြင်လို့ ပြီးသွားပါပြီ၊ ခင်ဗျားတို့ တူဝရီးရဲ့ကောင်းမှုကြောင့် ကျုပ်တို့တတွေလည်း ကုသိုလ်ရကြတာပေါ့၊ အခုတော့ ကျုပ်တို့ တတွေကတော့ အလုပ်ပြီးပြီ၊ နီမောင်ကတော့ ဆက်လုပ်စရာလေး တွေ ရှိဦးမယ်ထင်တယ်"

ဟု ဦးဗန်ကောင်းက ပြောလိုက်သည်။

BURMESE CLASSIC

"ဘာအလုပ်များလဲဗျ"

"အော်. . . မြသင်းကြူဆိုတဲ့ ကလေးမက သူ့ကို ငွေဒင်္ဂါး တွေပေးထားတယ်ဆိုတော့ ဘယ်လောက်ကုန်တယ် ဘယ်လောက် ကျန်တယ်ဆိုတာ ရှင်းပြရဦးမှာပေါ့"

"ဒါကတော့ သူတို့ချင်း ရှင်းကြပေစေပေါ့ဗျာ"

ဦးသာမြိုင်က အရိုးခံ ပြောနေသည်ထင်သဖြင့် ထိုမျှသာ ပြောပြီး တောင်အောက်သို့ ဆင်းသွားရာ ဦးဗန်ကောင်းတို့ သုံး ယောက်ကပါ နောက်မှ ဆင်းလိုက်သွားကြတော့သည်။





တောင်ကုန်းပေါ်မှာတော့ နီမောင်နှင့် မြသင်းကြူတို့နှစ် ယောက်သာ ကျန်ခဲ့ကြသည်။

"မြသင်းကြူ. . . တကယ်ပဲ သိုက်နန်းကို ပြန်မသွားရတော့ ဘူးလားဟင်"

"ဟုတ်ပါတယ် ကိုနီမောင်ရဲ့၊ ကျွန်မက သိုက်နန်းက လူ တွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုပေမယ့် အခုဘဝမှာ ကုသိုလ် ကောင်းမှုတွေ များများလုပ်ရင် ဘဝဟောင်းကို ပြန်သွားစရာ မလို တော့ပါဘူး"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ"

"ကျွန်မ ဘဝဟောင်းကို မပြန်ရဘူးဆိုတာနဲ့ ကိုနီမောင်က ဘာဖြစ်လို့ ဝမ်းသာနေရတာလဲ"

"လူကြီးတွေ ပြောသံကြားဖူးတာကတော့ လူ့ဘဝဆိုတာ ရခဲတယ်လို့ ပြောကြတယ်၊ လူ့ဘဝမှာ အကြာကြီး နေရတော့ ဝမ်း သာစရာပေါ့၊ နောက်ပြီး မြသင်းကြူနဲ့လည်း အမြဲတွေ့လို့ရတာပေါ့"

"ကျွန်မက ဘုရားပြုပြင်တဲ့ကိစ္စ ပြီးသွားပြီဆိုတော့ ဘုရား ကုန်းတော်ပေါ် ရောက်ဖြစ်တော့မှာ မဟုတ်ဘူး၊ ကိုနီမောင်နဲ့ ဘယ် လိုတွေ့တော့မလဲ"

"ဒီတော့လည်း မြသင်းကြူ နေတဲ့နေရာကို လာမှာပေါ့"

"ကိုနီမောင်က ကျွန်မနေတဲ့နေရာကို သိလို့လား"

"မသိလဲ ကပ္ပိယကြီး ဦးသာမြိုင်ကို မေးပြီး လာမှာပေါ့"

မြသင်းကြူက တစ်ချက်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနီမောင်ကို ရွှေနဒီသိုက်နန်းထဲကို အပြီးခေါ်သွားရင် မခက်ပေဘူးလား"

"မခက်ပါဘူး. . . မြသင်းကြူနဲ့သာ အတူတူ နေရမယ်ဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် နေနိုင်ပါတယ်"

"ဒီစကားက တကယ်ပဲ ပြောတာလား"

"တကယ်ပြောတာပေါ့. . . ကျွန်တော်က ဘုရားကုန်းတော်ပေါ်မှာ မြသင်းကြူကို စတွေ့ကတည်းက စွဲလန်းနေခဲ့မိတာ၊ အခုလို အခြေအနေမှန်ကို သိရတော့ ပြောချင်တဲ့စကားတွေ ပြောဖို့ အခွင့်အရေး ရတာပေါ့"

"ကိုနီမောင်က ဘာများ ပြောမှာမို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ မြသင်းကြူအပေါ်မှာ မေတ္တာရှိနေတဲ့အကြောင်းနဲ့ မြသင်းကြူက ကျွန်တော့်ရဲ့မေတ္တာကို လက်ခံမယ်ဆိုရင် လက်ထပ်ဖို့ ခွင့်တောင်းမလို့ပါ"

"အခုမှ တွေ့ကြရတာ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ မစုံစမ်းသင့်ဘူးလား"

"စုံစမ်းမယ်ဆိုရင်လည်း စုံစမ်းလို့ရပါတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့မေတ္တာကို လက်ခံမခံဆိုတာကိုတော့ အရင်သိထားပါရစေ"

"ကိုနီမောင်က အရောင်းအဝယ် ဖြစ်မဖြစ်တောင် မသေချာသေးဘူး၊ စရန်အရင်တောင်းသလို ဖြစ်မနေဘူးလား"

"စိတ်ချလက်ချ ဖြစ်ချင်လို့ပါ"





"ကိုနီမောင်ရယ်. . . ကျွန်မသဘောကို အခုလောက်ဆိုရင် အကဲမခတ်မိသေးဘူးလား၊ ကျွန်မက ကိုနီမောင်အကြောင်းကို ဘကြီးဆီက သိတန်သလောက် သိထားပြီးပါပြီ၊ ဒါကြောင့် ကိုနီမောင့်မေတ္တာကို လက်ခံပါတော့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ၊ အခုမှပဲ ရင်ထဲက အပူလုံးကြီး ကျသွားတော့တယ်၊ ကျွန်တော်တို့နှစ်ယောက် တွေ့ကြပုံက သိပ်ပြီးဆန်းကြယ်တာပဲနော်၊ ရွှေနဒီသိုက်ကို အကြောင်းပြုပြီး တွေ့ဆုံကြရတာဆိုတော့ 'ရွှေနဒီဖူးစာ' လို့ အမည်ပေးရင်တောင် ကောင်းမယ်"

နီမောင်စကား ကြားသောအခါ မြသင်းကြူက သဘောကျစွာ ပြုံးလိုက်လေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်လာချေပြီ။

ရာသီဥတုက သာယာနေသောကြောင့် ပင်လယ်ပြင်ပေါ်တွင် ရွှေအိုရောင် ဆည်းဆာရိပ်များက ပြန့်ကျဲလျက်ရှိလေသည်၊ လေတဖြူးဖြူး တိုက်လိုက်တိုင်း ငွေရောင်လှိုင်းကြက်ခွပ်ကလေးများက ကမ်းစပ်ပေါ်သို့ ပြေးတက်လာကြသည်။

လေတိုးလိုက်တိုင်း ကျိုက်တီစေတီတော်ဆီမှ ဆည်းလည်သံကလေးများက ပေါ်ထွက်လာလေသည်။

သာယာလှသော အသံကလေးများက ချစ်သူနှစ်ဦးအတွက် ကောင်းချီးပေးနေသကဲ့သို့ ရှိနေတော့သည်။

မှောင်ရီသန်းစအချိန်တွင် နီမောင်နှင့် မြသင်းကြူတို့မှ



www.burmeseclassic.com

www.burmeseclassic.com



လက်ချင်း ဆုပ်ကိုင်ကာ ဘုရားကုန်းတော်ပေါ်မှ ဆင်းလာကြလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော ( တိုက်ပျက်အတွင်းမှ ဝိညာဉ်ဖြူ ) အမည်ရှိ ပရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီး ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ကြိဘဝံ

ရေးပြီးချိန် ။ ။ (၂၀၀၉)ခုနှစ်၊ မေလ(၃)ရက်၊
တနင်္ဂနွေနေ့၊ နံနက်(၁၀း၃၀)နာရီ။

အောင်မြင်စာပေ

BURMESE CLASSIC
www.burmeseclassic.com